
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဝရ မိုးမသိချင်တယ်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာ

နတ်သမီးတစ်ပါးဟာ

သူတို့ရဲ့ လိုအပ်ချက်တွေကို

ဖြည့်စွမ်းပေးပြီး

ဒုက္ခဆင်းရဲတွေမှ

လွတ်မြောက်အောင်

လာရောက်ကူညီကယ်တင်လိမ့်မယ်လို့

ယုံကြည်နေသူ ကလေးငယ်တစ်ဦးရှိပါတယ်။

ကလေးငယ်တစ်ယောက်

ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com







## မိတ်ဆက်ခြင်း

ဈေးဆိုင်တစ်ဆိုင်ရှေ့မှာ ကျောပိုးအိတ်ကလေးကို လွယ်ပြီး လျက် ကလေးငယ်တစ်ဦး မတ်တပ်ရပ်နေပါ၏။ ကလေးငယ်က ရောင်းကုန်ပစ္စည်းများကို တစ်ချက်ဝေ့ဝဲကြည့်ပြီးနောက် ဆိုင်ရှင်အား တန်ဖိုးငွေ စစ်မေးသည်။

ပြီးနောက်. . .

"ဦးလေး. . . တစ်ပိဿာကို(၁၅၀၀) ဈေးနဲ့ သကြား (၅၀) သား. . .။ (၉၀၀)တန်ဆိုတဲ့ ထောပတ် (၂)ဘူး. . .။ တစ်ထုပ်ကို (၁၅၀)တန် ကော်ဖီမစ်က (၆)ထုပ်. . .။ (၁၀၀)တန် ခေါင်းလျှော်ရည်က (၈)ထုပ်. . .။ (၅၀) တန် သကြားလုံး စုပ်လုံး (၃)ခု. . ."



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ် တတွတ်တွတ် ပြောသွားသည်များကို ဆိုင်ရှင်လူကြီးကလည်း သွက်လက်စွာဖြင့် ဖြုတ်ယူချိန်တွယ် ထုပ်ပိုးပြင်ဆင်ပေးလေသည်။

ကလေးငယ်က သူ့ကျောင်းဝတ်ဘောင်းဘီတိုအိတ်ထောင်လေးထဲ လက်နှိုက်လျက်. . .

"အနော့်မှာ ပါတာက (၁၀၀၀)တန် တစ်ရွက်၊ (၅၀၀)တန် (၅)ရွက်၊ (၂၀၀)တန်က (၆)ရွက်၊ (၅၀)တန်က (၉)ရွက်၊ (၂၀)တန်က (၈)ရွက်. . .။ အဲဒါတွေ အကုန် ဦးလေးကို ပေးပြီး ခုန အနော်ပြောတဲ့ ပစ္စည်းတွေ ယူမယ်ဆိုရင် ငွေဘယ်လောက် ထပ်ပေးရဦးမလဲ. . .။ ဒါမှမဟုတ် ငွေဘယ်လောက် ထပ်လိုမလဲ။ အဲဒီစာရင်းကို သေချာဘောင်ချာလုပ်ပေးပါ ဦးလေး"

ဆိုင်ရှင်လူကြီးမှာ တအေးအေးနှင့် ကလေးငယ်ကို တစ်ခေါက်ထပ်မေးပြီး တွက်ချက်၍ ဘောင်ချာရေးလေသည်။ ပြီးသောအခါ ကလေးငယ်အား ပေးသည်။

ကလေးငယ်က မျက်မှောင်ကလေးကြုတ်လျက် ထိုဘောင်ချာစာရွက်ကိုကြည့်ပြီး ကျေနပ်ဟန်ဖြင့် နှစ်ခြိုက်စွာပြုံးကာ . . .

"ကျေးဇူးပဲ ဦးလေး. . . အခုမှပဲ အဆင်ပြေသွားတော့တယ်"

ထိုသို့ပြောပြီး ဘောင်းဘီအိတ်ထောင်ထဲမှ ငါးဆယ်တန်





အနွမ်းကလေးတစ်ရွက်ထုတ်၍ ဆိုင်ရှင်လူကြီးရှေ့ ချပေးလိုက်သည်။ ပြီးနောက် ထုပ်ပိုးပြင်ဆင်ထားသော ကုန်ပစ္စည်းများထဲမှ ပိုက်ဖြူဖြူကလေးတပ်ဆင်ထားသော သကြားလုံးတစ်လုံးတည်းကိုသာ နှိုက်ထုတ်ယူလိုက်ပြီး. . .

"ကျန်တဲ့ပစ္စည်းတွေ ပြန်သိမ်းလိုက်တော့ ဦးလေး. . .။ ဒီသကြားလုံးတစ်လုံးပဲ အနော် ယူတော့မယ်။ အနော့်မှာလည်း ပိုက်ဆံ အဲဒီ ငါးဆယ်တန်အစုတ်ကလေးတစ်ရွက်ပဲ ပါလို့ပါ။ ဘာပဲဖြစ်ဖြစ် ဆရာမပေးလိုက်တဲ့အိမ်စာ သင်္ချာပုစ္ဆာကို အခုလို ဦးလေး ကူတွက်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

သကြားလုံးလေးကို အခွံချွတ်ခွာပြီး တပြွတ်ပြွတ်စုတ်လျက် လက်တစ်ဖက်က ဘောင်ချာစာရွက်ကလေးကိုကိုင်ပြီး ကလေးငယ် ကျော့ကျော့မော့မော့ ခပ်ကော့ကော့ ထွက်ခွာသွားလေသည်။

ဆိုင်ရှင်လူကြီးမှာတော့ မျက်ဝန်းအကြောင်သားနှင့်. . .

မြင်ကွင်းမှ တရွေ့ရွေ့ မှုန်ဝါးသွားသော ကလေးငယ်ကို ငေးလျက်. . .။





www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ဇယားက ရှင်းမလိုနှင့် ထွေးရှုပ်သည်။

သတင်းကြော်ငြာတစ်ပုဒ်ကြောင့် လူတစ်စု အုံကြွမှုတချို့ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်၏။ ထိုကြော်ငြာလေးကို ယုံကြည်သူတွေလည်းရှိသည်။ မယုံကြည်သူတွေလည်းရှိသည်။ သေချာသည်ကတော့ ထိုကြော်ငြာလေးက အမျိုးသမီးတော်တော်များများ၏ နှလုံးအိမ်ကို လှုပ်ယိမ်းစေခဲ့ပါသည်။

ထိုကြော်ငြာလေးမှာ . . . .





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁)

ဇမ်ရဲ ကြို့ထိုးနေသည်။

ရုတ်တရက် အမှတ်တရတစ်ခု သူ့ရင်ဘတ်ထဲ စူးဝင်လာသည်။ အမှတ်တရဆိုသည်မှာ တိုက်ဆိုင်မှုရှိလျှင် ပြန်လည်လိမ့်ကျလာတတ်သော အတိတ်တစ်မျိုးပါပဲ။

ဤသို့ ကြို့ထိုးသော နေ့စွဲတစ်ခုမှာပဲ မိန်းမသားတစ်ဦး၏ မညှာမတာ ဖင်နှင့်ပေါက်ခြင်းကို သူ မရှုမလှ ခံခဲ့ရဖူးသည်။

ဩော်. . . လွမ်းမောစရာကြီးပါလားကွယ်. . .

ထိုနေ့က တအေ့အေ့နှင့် ကြို့ထိုးနေသော ဇမ်ရဲ ရေသောက်ဖြစ်ရန် အလျှင်အမြန် လိုအပ်နေသည်။ နီးစပ်ရာ ကျောင်းကဲန်တင်းထဲ ပြေးဝင်ပြီး ရေသန့်တစ်ဘူး မှာလိုက်သည်။

တစ်ပြိုင်နက်တည်း ထိုင်ခုံတစ်လုံးတွင် နောက်ပြန်ဝင်အထိုင်. . .

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ပွတ်တိုက်မှုကြောင့် ပူခနဲပဲ ခံစားလိုက်ရသည်။ အထိအတွေ့က နူးညံ့၏။ လေဟာနယ်ထဲမှာ သူ ကုန်းကုန်းကွကွကြီး။ တစ်ဖက်သားမိန်းကလေးလည်း ထိုနည်းရင်းပါပဲလေ။

"ဟင်. . . နင်. . . နင်. . . အော့. . . ငါ့ကို ဖင်နဲ့ပေါက်တယ် . . . အော့. . ."

"အို"

ပန်းနုရောင်မျက်နှာနုနုလေး ရဲခနဲဖြစ်သွား၏။ ရှက်ဝဲဝဲအမူအရာလေးက အသည်းထိအောင် ခိုက်စေသည်။ သူ့အမြင်တွေချို့တဲ့ဝေဝါးကုန်လေ၏။

သူမလက်တစ်ဖက်မှာ ကော်ခုံအနိမ့်လေးကို ဆွဲကိုင်ထားသည်။ နီတျာတျာ သူမနားရွက်သေးသေးလေးနှစ်ဖက်ဆီမှ ခေါင်းလောင်းပုံဆွဲသီးလေးတွေက ရှက်ရွံ့မှုကြောင့် ဂနာမငြိမ် လှုပ်ရမ်းနေကြချေ၏။

သူက နောက်ပြန်ဝင်အထိုင်. . . သူမက ခုံနိမ့်လေးကို ဆွဲယူပြီး ထိုင်ရန်အပြင်မှာ. . . အစွန်းထွက်မှုနှစ်ခု အမှတ်မထင် ပွတ်တိုက်မှုတစ်ခု ဖြစ်ပွားသွားရခြင်းရယ်ပါ. . .။

"အော့. . . လုပ်ရက်တယ်ဟာ"

"ဟင်. . . နင်. . . နင်နော်. . ."

ထိုင်ခုံနိမ့်ရဲရဲလေးကို လွှတ်ချပြီး ပန်းသွေးရောင် သွေးသား





အစိုင်အခဲလေး ကသုတ်ကရက် ပြေးထွက်သွားလေသည်။ တော်တော်ရှက်တတ်တဲ့ နွယ်မျှင်လေးပါပဲဗျာ. . .။

ဤမျှနှင့် မပြီးဆုံးသေးပါ။

တအော့အော့ဖြစ်နေသော သူ့ရှေ့သို့ ကောင်မလေးတစ်ဦးထပ်ရောက်လာပြန်သည်။ ဒီကောင်မလေးကတော့ နားအစုံမှာဘာမှမရှိ။ ပကတိအတိုင်း ရှင်းသန့်စင်ကြယ်စွာ သွယ်လျလှပနေသည်။ စောစောက ကောင်မလေးက အသားဖြူတာမျိုးမဟုတ်ပဲခန္ဓာတစ်ခုလုံး ပန်းသွေးရောင်ကြွနေတာမျိုးဖြစ်၏။ ယခု ကောင်မလေးကတော့ "ညိုချော ငိုပြောလို့ မရဘူး" ဆိုသော စာချိုးအားအပီအပြင် ဖော်ဆောင်လျက် ရှိ၏။

အထူးခြားဆုံးကတော့ အကြည့်တိုင်းမှာ သံလိုက်ဓာတ်ကပ်ပါနေသလို ညို့အားပြင်းထန်သည့် မျက်ဝန်းနက်အစုံပါပဲ။

"သူခိုး. . . ခါးပိုက်နှိုက်. . . မိပြီ. . . မပြေးနဲ့. . ."

"အဲ. . ."

ကောင်မလေးက လက်နှစ်ဖက်ကို ဆန့်ကား ရင်ဝင့်ကြွားကာသူ့ရှေ့မှာ ပိတ်ရပ်ပြောဆိုလိုက်သောကြောင့် ဇမ်ရဲ လန့်သွားသည်။ မော်တော်ပီကယ်စတိုင်လ်နှင့် ဝီစီမမှုတ်ပဲ အပီတုပ်နေပါရောလား။

"ငါ. . . ငါ. . . ဘာလုပ်လို့လဲ. . ."

"ဘာလုပ်လို့လဲ ဟုတ်လား. . . ပုံစံကိုက ကုပ်ကမြင်း[illegible] နဲ့. . . ဖယ်ရီကားပေါ်မှာ ငါ့ပိုက်ဆံအိတ်ကို နင် [illegible]လစ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သွားတာလေ. . .။ အခုတွေ့ပြီ. . . ငါ့ဟာပြန်ပေး”

“အင်. . . လူမှားပြီထင်တယ်”

“ဘာမှ လူမှားတာ မဟုတ်ဘူး. . . နင်မှ နင်ပဲ။ နင့်ရုပ်က ငါတို့အိမ်က ဒရဝမ်ကောင်လေးနဲ့တူလို့ ငါ သေချာကို မှတ်မိနေတာ. . .။ အဲဒီပိုက်ဆံတွေက ငါ ကျူရှင်လခပေးရမယ့် ပိုက်ဆံတွေမို့ပါဟာ. . .။ နင်လည်း အရေးပေါ်လိုလို့ အခုလို သူများပစ္စည်းခိုးတယ်ဆိုတာ ငါ နားလည်ပါတယ်။ ငါ တတ်နိုင်သလောက် စွန့်ကြဲကူညီပါ့မယ်။ ငါ့ပိုက်ဆံတွေနဲ့ ပိုက်ဆံအိတ်ကလေးကိုတော့ ပြန်ပေးပါဟာ. . .။ အဲဒီပိုက်ဆံအိတ်ကလေးက ငါ့မွေးနေ့တုန်းက မွေးနေ့လက်ဆောင်အဖြစ် ငါ့အဘွား ဩဇီကနေ ပို့လိုက်တာလေးမို့ပါဟာ”

ဗွတ်ကြီးပဲမို့ ဇမ်ရဲ ခေါင်းကိုက်သွားသည်။ ဒေါသပဲဖြစ်ရမလို. . . ကရုဏာပဲသက်ရမလို. . .။ သေချာဖြေရှင်းနိုင်ရန် စကားလုံး ရွေးချယ်နေစဉ်မှာပဲ အညိုရောင်ကောင်မလေးက သူ့ကိုကြည့်၍ တသောသောရယ်လေသည်။

ညီညာစီတန်းသော သွားဖြူဖြူလေးတွေ အထွေးလိုက် ရှုမြင်ရ၏။

“ငပိန်းလေး. . . သိပ်ပိန်းမနေနဲ့. . . အခု နင် ကြို့မထိုးတော့ဘူးမလားကွ”

ဒီတော့မှ ဇမ်ရဲလည်း သူ ကြို့မထိုးတော့တာ သတိပြုမိသွား





သည်။ ကောင်မလေးက မခိုးမခန့်အပြုံးနှင့်ပဲ သူ့မလက်မတိုတိုလေးကို ထောင်ပြ၍. . .

“အဲဒါ ဆိုက်ကိုနည်းနဲ့ အာရုံလွှဲကုသခြင်းပဲ။ ငါတီထွင်ထားတဲ့ မြောက်မြားစွာသော ပညာရပ်တွေထဲက တစ်ခုပေါ့ဟာ. . . ဒွဲ. . . ငဲ့. . .။ ပြီးတော့. . . နင် ဗဟုသုတရအောင် ပို့ချခဲ့မယ်. . . ကြို့ထိုးတဲ့အခါ ရင်ခေါင်းနဲ့ဝမ်းဗိုက်ကို ခြားထားတဲ့ ကန့်လန့်ကာကြွက်သားတွေဟာ အလိုလိုနေရင်း ရုတ်တရက် ကျုံ့ကျုံ့သွားတတ်တယ်။ ကြို့ထိုးတတ်ရင် ကြွက်သွန်နီကို ထန်းလျက်နဲ့နိုင်းချင်း ကြိတ်ပြီးစား. . . ကြားလား။ အဲ့ဒါ မြန်မာ့တိုင်းရင်းဆေးနည်းပဲ. . . မှတ်ထားနော် သားလေး. . . အိစကို ဒိုးပီ. . .”

အညိုရောင် ညို့ခါတ်ရှင်လေးက ဝင့်ဝင့်ကြွားကြွားပြောပြီးတာနှင့် မြောက်ကြွမြောက်ကြွ လှည့်ထွက်သွားလေသည်။ ဘလိုင်းကြီး ဆရာတစ်ဆူ ရရှိလိုက်သော ဇမ်ရဲခမျာ ရင်မှာ ဖိုးသိုးဖပ်သပ်တွေ ဖြစ်ကျန်ခဲ့ရ၏။

မိန်းမောစရာကြီးပါလားကွယ်. . .

သူ့ဘဝတွင် အရေးပါသော မိန်းမသားနှစ်ဦးနှင့် ကြို့ထိုးသော နေ့စွဲတစ်ခုမှာပဲ ထိုကဲ့သို့ ကသောင်းကနင်း ဆုံတွေ့ခဲ့ကြတာဖြစ်လေသည်။

ယခုလည်း ဇမ်ရဲ ကြို့ထိုးနေပြန်ပါပြီ။ ရေခဲသေတ္တာထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ရေအေးတစ်ဘူးထုတ်ယူ၍ ရေကိုငုံကာ နားနှစ်ဖက်ကိုလက်နှင့်ပိတ်ပြီး အသက်အောင့်ကာ သောက်မြိုချလိုက်သည်။ ဂယောက်ဂယက်စိတ်မှာ အားပေးဖော် အလိုရှိတမ်းတနေမိ၏။

ငိုင်တွေလေးလံနေသော သူ့လှုပ်ရှားမှုများကို တစ်စုံတစ်ဦးက တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေပါသည်။

ရှူး. . . တိုးတိုး. . . ။





# အခန်း (၂)

ဂွန် နေမကောင်းချေ။

ကြက်ဥပြုတ်နေသော မီးဖိုခန်းဆီမှ အပုပ်နံ့ တထောင်းထောင်းပျံ့ထွက်လာသည်။ သတိလစ်ဟင်းသော သူ့ကိုယ်သူ ဇမ်ရဲအပြစ်တင်လိုက်မိ၏။ ဖြစ်တောင့်ဖြစ်ခဲကိစ္စတစ်ခုက ဖြစ်ပြန်ပြီ။

အခြေမခိုင်သော အတိတ်တစ်ခု အသံတိတ် လိမ့်ကျလာပြန်၏။ တစ်ခါကလည်း သူ ဒီလိုပဲ ကြက်ဥပြုတ်ရင်း ပျက်စီးသွားခဲ့ဖူးသည်။ ထိုအခါ မကိုးကွယ်ချင်ပါဘဲ ဖွတ်ကိုးကွယ်နေရသော ဆရာသမားလေးက ဖွတ် ဩဝါဒတွေ စွတ်ခြွေသည်။

"ငပိန်းလေး. . . နင်ဟာလေ. . . အသုံးကို မကျဘူး။ ကြက်ဥလေးတောင် အဖြစ်ရှိအောင် မပြုတ်တတ်ဘူး"

နှာခေါင်းလေးရှုံ့ရင်း လက်တခါခါနှင့် သူ့အနားသို့ သူမရောက်လာဖူးသည်။

"နင့်ကြက်ဥတွေက ကောင်းမှမကောင်းတာကို၊ ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားတယ်၊ ခွဲကြည့်တော့လည်း အနံ့ကမဟောင်နေတာပဲ။ အနှစ်ကလည်း စိမ်းဖန့်ဖန့်နဲ့။ အကုန် အပုပ်တွေချည်းပဲ"

ထိုစဉ်ကလည်း ကြက်ဥပုပ်နံ့ တထောင်းထောင်းနှင့်မို့ ဤသို့ပင် ဖမ်ရဲ စိတ်ဆင်းရဲခဲ့ရဖူးသည်။

"နေစမ်းပါဦး. . . နင်က ကြက်ဥကို ဘယ်လိုပြုတ်လို့လဲ"

"ရေနဲ့ပဲ ပြုတ်တာပေါ့"

"ဆားကောထည့်သေးလား"

"ချက်မှထည့်မယ်လေ။ အခုထည့်ရင် အခွံကြီးနဲ့. . . အရသာက အထဲ ဘယ်ဝင်မလဲ"

"ဩော်. . . ဩော်. . . ဒါ့ကြောင့်ကိုး. . ."

သူမက သူ့ခေါင်းကို ငေါက်ခနဲ အသံမြည်အောင်ပင် လက်ဆစ်နှင့်ခေါက်သည်။ နာထှာ. . .။

"နောက်ဆိုရင်မှတ်ထား. . . ကြက်ဥပြုတ်ရင် ရေထဲ ဆားထည့်ပြီးပြုတ်ရတယ်"

"ဘာလို့လဲ"

"ကြက်ဥကွဲတယ်ဆိုတာက ပြုတ်လိုက်တဲ့အခါ အတွင်းကလေ တိုးထွက်လို့ ကွဲတာ၊ အဲဒါကြောင့် ကြက်ဥမကွဲရအောင် အပ်နဲ့ ဖောက်ပြီးမှပြုတ်၊ ရေထဲမှာ ဆားထည့်ပေးထားရင် ကြက်ဥရဲ့ ပေါက်သွားတဲ့နေရာက ချက်ချင်း ပြန်ပိတ်သွားလိမ့်မယ်၊ ကြက်ဥအကာနဲ့ ခဲသွားလိမ့်မယ်"





"ဒါဆို ဒီကြက်ဥတွေ ကွဲသွားတာ မကောင်းလို့ မဟုတ်ဘူးပေါ့"

"ဒါပေါ့. . . သားလေးရဲ့"

သူမက လက်နှစ်ဖက်ပိုက်လျက် ရင်ကော့ခေါင်းမော့ကာ ပြုံးခေခေ လုပ်နေသည်။ ဆရာကြီးစတိုင်လ်ပေါ့လေ။ အမြင်ကတ်အူယားစရာကြီးပါဗျာ။

"ဒီလိုဆို အပုပ်နံ့ထွက်ပြီး အနှစ်မှာ စိမ်းဖန့်ဖန့်ဖြစ်တာကကော"

"သိချင်ရင်ပြောပြမယ်လေ. . . မသိလို့ ကိုယ့်မေးတာပဲ. . . လျှို့ထားစရာ မရှိပါဘူး. . . ပြောပြမှာပေါ့ သားလေးရဲ့။ သေချာမှတ်ထားနော်. . . အဲဒါက အတွင်းမှာ ဟိုက်ဒရိုဂျင်ဆာလဖိုက်ဓာတ်ဖြစ်ပေါ်လို့။ ကြက်ဥကျက်ပြီထင်ရင် ရေနွေးနဲ့ ဆက်မထားဘဲ ရေအေးအေးနဲ့ အကြိမ်ကြိမ် ဆေးပေးရတယ်။ အဲ့လိုဆိုရင် အပုပ်နံ့လည်း မထွက်ပဲ အဝါရောင်လွှမ်းနေတဲ့ ကြက်ဥနှစ်လှလှလေးကို ရတယ်ကွယ့်. . . သိပြီလား"

ဩဝါဒအဆုံးသတ်မှာ သူ့နားရွက်ဖျားကိုပင် သူမ ဆောင့်ဆွဲလိုက်ပါသေးသည်။

"ဒါနဲ့များ ရည်းစားက ထားချင်သေးတယ်၊ ကြက်ဥတောင်မပြုတ်တတ်ပဲနဲ့။ နင့်ကိုရတဲ့မိန်းမကတော့ ကံဆိုးမိုးမှောင်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့မှာပဲ"

"ငါက ယောက်ျားလေးပဲဟ၊ ဒါတွေတတ်ဖို့ လိုလို့လား"

"လိုတာပေါ့ဟဲ့. . . တတ်ထားတော့ နင့်မိန်းမကို ဝင်ကူလို့ရတာပေါ့။ သူ နေမကောင်းရင် မအားလပ်ရင်လည်း နင်ချက်ပြုတ်ကျွေးလို့ရတယ်။ တကယ်လို့ နင့်မိန်းမ စောစောစီးစီး သေရွာလားသွားရင်လည်း လောကအလယ်မှာ မျက်စိသူငယ်နားသူငယ်နဲ့ ကျန်ခဲ့မယ့်ကလေးတွေနဲ့ နင့်ရဲ့ စားဝတ်နေရေးအတွက် အဆင်ပြေတာပေါ့"

"ဖွဟဲ့. . . လွဲပါစေ ပယ်ပါစေ။ ငါ မီးသွေးအရောင်းအဝယ်မလုပ်ချင်ဘူးဟာ. . . နင် ဝေါင်ဝေါင်ရှေးတော့"

ရေနွေးပူနှင့် အပက်ခံရသကဲ့သို့ သူမ ဆွေ့ဆွေ့ခုန် ထွန့်ထွန့်လူးသွားလေသည်။ ခုန်ဆွခုန်ဆွနှင့် သူ့ကို လျှင်မြန်စွာ နပန်းကျင်းဖို့ ခုန်အုပ်ကြိုးစားသည်။ ဒါလောက်နဲ့တက်မလာနဲ့ဟု ရေရွတ်ရင်း လွတ်မြောက်အောင် သူ ရုန်းထွက်ရှောင်တိမ်းနိုင်ခဲ့ပါသည်။ အသားညိုသော သူမသည် မီးသွေးနှင့် အနှိုင်းခံရပါက အလွန်နာသည်။

ဟားးးး. . . ဒါတွေဟာ နိမိတ်လား. . .။ ပြောစမ်းပါဦး။

ယခုလည်း သူ့အဖြစ်က ထိုမျှ ထပ်တူကျမတတ်ပါပဲလေ. . .။

ပျက်စီးသွားသော ကြက်ဥတွေကို ရန့်လုံအောင် သေချာသိမ်းထုတ်၍ စွန့်ပစ်လိုက်သည်။ ရေခဲသေတ္တာထဲမှ ကြက်ဥတွေထပ်မံထုတ်ယူပြီး သူမသင်ကြားပေးသော နည်းအတိုင်းပြုတ်တော့





အဆင်ပြေသည်။

အခွံချွတ်ခွာ၍ ဓားပါးလေးနှင့် လေးစိတ်ဖြစ်အောင် ခွဲစိတ်မွှာသည်။ ဆီဆမ်း ဆားဖြူး၍ ဂွန်ကိုသွားကျွေးတော့ ချစ်စဖွယ်ငိုမဲ့မဲ့မျက်နှာလေးနှင့် ခေါင်းခါသည်။

"ဒါကို စားချင်ဝူး၊ သူ့ရဲ့မေမေကိုပေး"

အာဂကလေးပါလေ. . .။ ဖမ်ရဲ ကြိုးစား၍ ချော့မော့ကျွေးရသည်။ နတ်သမီးအရုပ်ကလေးကို အမြဲတစေလို ပွေ့ပိုက်ထားသော ဂွန်ကိုကြည့်ကာ ဖမ်ရဲ ဆို့နင့်လာသည်။ ဂွန်သည် သူ၏အချစ်ဆုံးသူငယ်ချင်းနှင့် သိပ်တူသည်။ လူဝင်စားဟု ပြောလျှင်ပင်ယုံလောက်၏။


ရှိုင်းရေ. . .

မင်း ဘယ်ရောက်နေလဲ. . .



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၃)

ရှိုင်းနှင့်သူ စတွေ့ကြပုံက တဖြုတ်ဖြုတ်နှင့်ကို ကြွေလောက်သည်။ ထိုဆုံတွေ့မှုမှာပဲ ရှိုင်း၏စရိုက်ကို အောင့်သက်သက်နှင့် အခံရခက်လွန်းစွာ သူ ရိပ်မိသိရှိလိုက်တာဖြစ်၏။

ရန်ကုန်ဆေးရုံကြီးမှာ လက်ထောက်ဆရာဝန်အနေနှင့် ဖခင်ဖြစ်သူ တာဝန်ကျတော့ သုံးဦးသာရှိသည့် ဇမ်ရဲတို့မိသားစု မန္တလေးမှ ပြောင်းရွှေ့လိုက်ပါနေထိုင်ခဲ့သည်။ ထိုအတွက်ကြောင့် ဇမ်ရဲ အထက်တန်းကျောင်းသားဘဝကို ကမာရွတ်-(၄)မှာ ကုန်ဆုံး၍ အမှတ်မီသောကြောင့် ဆေး(၁)မှာ တက်ရောက်ခွင့်ရသည်။

ဇမ်ရဲ ဆေးတက္ကသိုလ်ပထမနှစ် ပြီးဆုံး၍ ဒုတိယနှစ် စတက်ချိန်မှာပဲ ဖခင်ဖြစ်သူက ရာထူးတိုးနှင့် ဇာတိမြေကို ပြန်ပြောင်းရွှေ့ရသည်။ ဇမ်ရဲကိုတော့ ဆေး(၁)မှ မပြောင်းစေချင်။ ဒီတော့ ဇမ်ရဲမှာ အဆောင်နေကျောင်းသား ဖြစ်သွားခဲ့ရ၏။

ထိုအဆောင်နေစနစ်ကပဲ ဇမ်ရဲကို 'ရှိုင်း'ဆိုသည့် ပြောင်ချော်ချော်နတ်ဆိုးလေးနှင့် ဆုံဆည်းစေခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

"ဒုန်း. . . ဒုန်း. . . "

"မြန်မြန်လုပ်ပါဟ။ အပြင်ကလူ ထွက်ကျတော့မယ် အထဲက လူရေ. . . "

အပြင်မှလူက အိမ်သာတံခါးကို တဒုန်းဒုန်းထုနှက်၍ ခုန်ဆွခုန်ဆွဖြင့် အော်ဟစ်တောင်းဆိုနေပါသည်။ အထဲမှလူဖြစ်သော ဇမ်ရဲခမျာလည်း ရေပြတ်လပ်သွားသဖြင့် တို့လိုတန်းလန်း အခက်တွေ့နေသည်။ ငုတ်တုတ်ကြီး တိုင်ပတ်ပြီ။

ကွိုင်ပဲ. . . ။ သူက ရေအသုံးကြမ်းသည်။ အိမ်သာတက်ရင်းလည်း ဇိမ်ယူတတ်၏။ အရင်တစ်နေ့က တွေ့ခဲ့သည့် ကောင်မလေး နှစ်ယောက်အကြောင်းကို ပြန်တွေးရင်း စိတ်ကူးယဉ်နေခိုက် တဝေါဝေါသုံးစွဲနေသော ရေက ကျဆင်းမလာတော့။ ဤပုံစံမျိုးနှင့် ချစ်သောသူကို မြင်ယောင်ပုံဖော်ကြည့်မိသောအခါ ချစ်ချင်စိတ်ပင် ကွယ်ပျောက်သွားလုနီးပါး ဖြစ်၏။

ဩော်. . . လောကီသားပေပဲ။ အဝင်ရှိ အထွက်လည်း ရှိမပေါ့ နော့။

"ဒုန်း"

"ဒုန်း. . . ဒုန်း. . . "

"အထဲကလူရေ. . . သူတို့လေးတွေက အိုးပစ်အိမ်ပစ် ခရီးထွက်ချင်လှပြီဗျ။ ပါမစ်ဖွင့်မပေးရင် စိတ်ဆိုးပြီး အိမ်ပေါက်





ဝမှာပဲ ဖွတ်ထွက်ထိုင်နေလိုက်ရင် အနော် ဒုက္ခရောက်မှာ နော်၊ အဲ့ဒါဆို ခင်ဗျားပဲ သူတို့ အိပ်ရာလိပ်တွေကို လျှော်ပေးရမှာ"

အပြင်မှလူ အသံတွေပင် ညောင်နာနာနှင့် တုန်ခိုက်နေပြီဖြစ်၏။ ခန္ဓာကိုယ်မှာလည်း တဆတ်ဆတ်တုန်ကာ လိမ်ကျစ်နေမည်မှာ သေချာသည်။ တစ်ဖက်သား၏ ဒုက္ခကိုလည်း ဇမ်ရဲ စာနာသနားပါသည်။ သို့သော် သူ့အိမ်ဝမှာလည်း အမှိုက်မသိမ်းရသေးပါ။

"ဒီမှာ ရေပြတ်နေလို့ဗျို့။ ကူညီပါဦး"

"ဩော်. . . စောစောက ပြောရောပေါ့။ မှန်း. . . တံခါးဖွင့်"

"ဟင်. . . ကျွန်တော်က ရှက်တတ်တယ်ဗျ"

"ဒါလေး ပေးမလို့ပါ. . . ရော့. . . ရော့. . . "

တံခါးကို အသာလှပ်၍ယူလိုက်သည်။ ဘာပေးတယ် ထင်ပါသနည်း. . . ။ လက်ထဲပါလာတာက. . .

"ငွင်. . . ဘော. . . ဘော. . . ဘောလ်ပင်ကြီး. . . "

"အင်းလေ. . . အဲဒါနဲ့ လုပ်လိုက်ပေါ့"

"ဘာ ဘာလုပ်ရမှာလဲ"

"ဒီလောက်ကြာနေတာ. . . အဲဒါနဲ့ ကိစ္စတုံးပစ်လိုက်. . . "

"ဗျာ"

အဖုံးပင် ချွတ်လျက်သားမို့ ဇမ်ရဲ အတွေးနှင့်တင် အသည်းယားသွားသည်။ ပြီးတော့ မင်ချွန်. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ် ဖြစ်ပါ့မလား. . . မတော်. . ."

"ရော်. . . ဖြစ်ပါတယ်။ တချို့ ကျေးလက်ဒေသတွေမှာ အဲဒါ စတိုင်လ်ဗျ။ ဝါးခြမ်းပြားလေးတွေနဲ့လေ။ အခု ခင်ဗျားက ဘောလ်ပင်နဲ့ဆိုတော့ အများကြီး ပိုအဆင့်မြင့်ပါတယ်၊ လုပ် ပစ်လိုက်စမ်းပါ. . . တဆုံး. . . တဆုံး. . . အမုန်းဆွဲ. . . ဘောလ်ပင် ဆုံးချင်ဆုံးပစေ. . . ကျုပ်က မနှမြောတတ်ပါ ဘူး. . ."

"ကျွန်တော်. . . ကျွန်တော် စိတ်မရဲဘူးဗျာ။ ကျွန်တော်က ရေတောင် ပေါပေါသုံးရမှ ကျေနပ်တာ။ ဒါနဲ့တော့ အဆင် မပြေလောက်ဘူးထင်တယ်၊ စက္ကူလေးဖြစ်ဖြစ် ရှာပေးပါ လားဗျာ"

"ဟာ. . . ခင်ဗျား တော်တော်ဇီဇာချဲ့တာပဲ၊ ကြောင်တွေဆို လျှာနဲ့ ပြန်လျက်လိုက်တာပဲ။ အဲ့လိုကော မဖြစ်ဘူးလား"

"အကြော အကြော မပျော့လို့ပါ"

လတ်တလောမှာ ကယ်တင်ရှင်မို့ ဇမ်ရဲ ဂျီမကြွရဲပါ။ အခက် အခဲမှ လွတ်မြောက်ဖို့ရာ မာနကို ခဝါချထားရ၏။ အပြင်မှုတေ ခဏမျှ အသံကွယ်ပျောက်သွားသည်။ ပြန်ရောက်လာတော့ တံခါး ခေါက်၍ ပစ္စည်းအချို့ အထပ်လိုက်ပေး၏။ စက္ကူအထူစားတွေပါ လား. . .။

ကိုင်ကြည့်ပြီး ဇမ်ရဲ ဝမ်းမြောက်သွားသည်။ ထူသဖြင့် လက်





ကို မထိစင်နိုင်တော့။ မီးပျက်နေသဖြင့် မှောင်မိုက်နေသော အခန်း ထဲမှာ အပေါ်ယံတစ်လွှာ ခွာယူပြီး စိတ်တိုင်းကျ အားစိုက်သုတ် သင်လိုက်လေရာ-

"အ. . ."

လေသံပင် ကျယ်ကျယ်မထွက်နိုင်တော့. . .။

အသားတစ်လိုက် စုတ်ပြဲပဲ့ပါသွားသလို ခံစားလိုက်ရသည်။ စပ်ဖျင်းစပ်ဖျင်းနှင့်အတူ ပူ၍ နွေးခနဲ. . .။ သွေးစီးကြောင်းဖြစ် လိမ့်မည်။ အရာရာ ပွင့်ချာလန် ပြုတ်ထွက်ကုန်ပြီ ထင်ပါသည်။

ကတုန်ကယင်နှင့် တံခါးလှပ်၍ မရဲတရဲ ကြည့်လိုက်တော့-

"ဟင်. . . အ. . . အ. . . အမလေး. . . သံ. . . သံစား ကော်ပတ်ကြီးပါလား. . . ငွား း း း . . ."

သေသွားတာကမှ သက်သာပါလိမ့်ဦးမည်။ တကယ်ပါပဲ ဗျာ. . .

အခုတော့. . .

အဖြစ်က . . . :'(



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

"ကဲ. . . ဒီနေ့ ကျန်းမာရေးနဲ့ ညီညွတ်အောင် အတင်းပြောကြရအောင်"

"အတင်းတော့ မပြောပါနဲ့ဟယ်၊ ဖြည်းဖြည်းပဲပြောပါ"

ကျောင်းသူတစ်စုထံမှ အသံတွေ ကျောင်းကဲန်တင်းထဲမှာ ပျံ့လွင့်နေပါသည်။ ဆုံနေသူများကြားမှာ ထူးခြားစွာ နူတ်ငြိမ်အေးစက်နေသော ပန်းသွေးရောင်အရေခွံ ဝတ်ဆင်ထားသူ လူသတ္တဝါအမလေးကို ဇမ်ရဲ မြတ်နိုးစွာဖြင့် ခိုးငေးနေမိပါသည်။

သူမကတော့ သိမည်မထင်။

သူ့ရင်မှာတော့ နွယ်မျှင်တွေ အမြစ်တွယ် ကိန်းဝပ်ခဲ့ပြီ ဖြစ်လေသည်။

သူမကို ကြည့်မြင်လေတိုင်း သူ့မျက်စိတွေ ဝေဝါးသည်။ သူမနှင့် ပထမအကြိမ် စတင်ဆုံတွေ့စဉ်ကလည်း ထိုသို့သာဖြစ်၏။

ဖတ်ဖူးသော ဆေးပညာအယူအဆတစ်ခုကို သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



Phenyl ethylamine ဆိုသော ဓာတုပစ္စည်းတစ်မျိုး ဦးနှောက်ထဲမှ ထွက်ပေါ်သောအခါ လူတွေဟာ ပျော်ရွှင်လာတယ်၊ နှလုံးက ပိုခုန်လာတယ်၊ သွေးဖိအားလည်း ပိုမိုမြင့်တက်လာတယ်၊ ထို့အတူပဲ မျက်စိအမြင်တွေက ဝေဝါးသွားတယ်တဲ့။ ထို Phenyl ethylamine ဓာတုပစ္စည်းက မြင်မြင်ချင်း ချစ်တယ်ကြိုက်တယ် ဆိုသော လူတွေရဲ့ဦးနှောက်မှာ ဖြစ်ပေါ်တတ်ပါသတဲ့။

ဒီလိုဆိုရင်. . .

ကောင်မလေးရေ. . . ငါဟာ မင်းကို မြင်မြင်ချင်းပဲ ချစ်မိကြိုက်မိခဲ့တာလား. . .

သေချာသည်ကတော့ ယခုလောလောဆယ် သူမကို ငေးရတာ သူ့အတွက် အလွန်အရသာရှိနေပါသည်။

"ကိုယ့်ဝါသနာနဲ့ကိုယ် အတင်းတုပ်ချင် တုပ်ချင်တယ်ပေါ့ ဟယ်၊ ဘာကျန်းမာရေး လွှဲချနေတာလဲ"

"အေးလေ. . . မဆိုင်တာ"

"အမယ်. . . ဆိုင်ပတော်. . . လူ့ပတ်ဝန်းကျင်မှာ အတင်းပြောတတ်တဲ့အကျင့်ဟာ လူမှုရေးအရ နှာခေါင်းရှုံ့ချင်စရာ ဖြစ်နိုင်ပေမယ့် ဆေးပညာအရတော့ မိန်းကလေးတွေအတွက် အကျိုးထူးတွေ ရစေနိုင်တယ်ဟဲ့"

"အိမ်သူမတို့ကတော့ လုပ်ပြီ၊ ရှင်းလင်းချက်ကလေးပါ တစ်ဆက်တည်း ပေးစမ်းပါဦး"





"မမေးလည်း ပြောမယ့်အတူတူ ကိုယ့်သူငယ်ချင်းလေး အဝင်ချောအောင် အဲ့လိုလေး ထောက်ပေးမှပေါ့၊ နင် သိပ်တော်တာပဲ၊ ဟား ဟိ"

တစ်ဝိုင်းလုံးမှာ အသံထွက်အား အကောင်းဆုံးသူမှာ အညိုရောင်အရေခွံ ဆင်မြန်းထားသူလေးသာဖြစ်၏။ ဇမ်ရဲ ခြေစကြာကော နှုတ်စကြာပါ လှည့်လည်၍ စုံစမ်းထားပြီးဖြစ်၍ အညိုရောင်ကောင်မလေးအမည်မှာ ဖြိုးအိမ်သူ၊ ပန်းသွေးရောင်ကောင်မလေးအမည်မှာ ရွှေနှယ်ရိုး ဆိုတာလောက်တော့ သိထားပြီးဖြစ်ပါသည်။

"မစ်ချီဂန်တက္ကသိုလ်က ပညာရှင်တွေက အတင်းပြောခြင်းဟာ မိန်းကလေးတွေကို ပိုပြီး ကျန်းမာစေသလို ပိုပြီးလည်း ပျော်ရွှင်စေတယ်လို့ ဖော်ထုတ်တွေ့ရှိခဲ့ကြတယ်တဲ့။ သုတေသီတွေရဲ့ အပြောအရတော့. . . အတင်းပြောတဲ့ မိန်းကလေးတွေရဲ့ ခန္ဓာကိုယ်မှာ progesterone လို့ခေါ်တဲ့ ဟိုမုန်းတစ်မျိုး ပုံမှန်ထက်အများကြီး ပိုထွက်လာတတ်ပြီးတော့ အဲဒီဟိုမုန်းဟာ လူတစ်ယောက်ချင်းစီရဲ့ စိတ်ဖိစီးမှုဝေဒနာကို သိသိသာသာ လျော့ပါးသက်သာစေတယ်တဲ့၊ မစ်ချီဂန်တက္ကသိုလ်က ပညာရှင်တွေဟာ ကျောင်းသူပေါင်း (၁၆၀) လောက်ကို အတွဲလိုက်သတ်မှတ်ပေးပြီး လေ့လာကြည့်တဲ့အခါမှာ အတင်းအဖျင်းပြောရင်း ဗဟုသုတ ဖလှယ်ကြတဲ့ မိန်းကလေးတွေက. . . စကားနည်းပြီး အတင်းပြောရတာ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာမပါတဲ့မိန်းကလေးတွေထက် ကျန်းမာရေးကောင်းသလို ပိုပြီးလည်း ပျော်ရွှင်တက်ကြွနေတယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့ကြတယ်"

အလဲ့. . . တယ်ဟုတ်ပါလား. . . :)

"ပိုပြီးထူးခြားတဲ့အချက်က အတင်းပြောတဲ့မိန်းကလေးတွေဟာ ပေါင်းသင်းဆက်ဆံရေးကဏ္ဍမှာ ပိုပြီးတော့ အကျိုးသက်ရောက်မှုတွေ ရှိလာပြီး လူမှုရေးနယ်ပယ်မှာပါ တွင်ကျယ်ဝင်ဆံ့လာတယ်တဲ့။ ဆရာဝန်တွေရဲ့ အဆိုအရတော့ မိန်းကလေးတွေဟာ သူတို့စိတ်အားထက်သန်တဲ့ ကိစ္စတစ်ခုမှာ တိုးတိုးကြိတ်ကြိတ်ပြောနေတာ မိနစ် (၂၀)လောက်ကြာရုံနဲ့တင် progesterone ပမာဏဟာ ထူးထူးခြားခြားတိုးတက်မြင့်မားလာတယ်လို့ သိရတယ်။ ခပ်အေးအေးနဲ့ စကားသိပ်မပြောတဲ့ မိန်းကလေးတွေမှာတော့ progesterone ဟာ လုံးဝ တက်မလာဘူးလို့ ဆရာဝန်တွေက ရှင်းပြခဲ့တယ်"

Progesterone ဆိုသည်မှာ သားအိမ်၌ သန္ဓေသားတည်နိုင်စေရန် ပြင်ဆင်ပေးသကဲ့သို့ နောက်ထပ်သားဥဖြစ်ပေါ်စေမှုကိုလည်း တားဆီးပေးသော ဟော်မုန်းဖြစ်သည်။

"ပါမောက္ခ စတက်ဖနီဘရောင်းက ဒီသုတေသနလုပ်ငန်းမှာ ခေါင်းဆောင်ဟ။ သူက တွေ့ရှိချက်တွေကို Hormones



F-3-A



and Behaviour ဂျာနယ်မှာ ရေးသားဖော်ပြခဲ့တယ်။ "လူနှစ်ယောက် အတင်းပြောနေတဲ့အခါ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ရင်းနှီးယှက်နွယ်မှုဟာ ပိုပြီးခိုင်ခံ့လာသလို progesterone ကလည်း တိုးတက်လာတယ်။ ဒါဟာ ဇီဝကမ္မလှုပ်ရှားမှုတွေနဲ့ လူတွေရဲ့အကျင့်စရိုက်အပေါ်မှာ အကောင်းလက္ခဏာဘက်က သက်ရောက်နိုင်တဲ့ အရေးကြီးတဲ့ ဖြစ်စဉ်တစ်ခုပါ"လို့ ပါမောက္ခကြီးက ရှင်းပြထားတယ်။ progesterone ရဲ့ ကောင်းကျိုးတစ်ခုက ကင်ဆာဖြစ်နိုင်ခြေကို မြင့်တက်လာစေတဲ့ oestrogen ကိုတောင် လျှော့ချပေးနိုင်တဲ့အတွက် လူတိုင်း အတင်းများများပြောသင့်တယ်လို့တောင် ပါမောက္ခကြီးက ကျီစယ်ဆိုမိန့်သွားသေးသတဲ့"

"အမလေးနော်. . . အိမ်သူမတို့ကတော့ သူ့ဝါသနာအတွက် ကာဘာကို အသေအချာကို ရှာဖွေလေ့လာကျက်မှတ်ထားတာပဲကိုး"

"ဟားဟိ. . . ဘာပဲပြောပြောဟာ. . . ငါကတော့ ပါမောက္ခကြီး စတက်ဖနီဘရောင်းရဲ့ ဆုံးမဩဝါဒကို ခံယူတဲ့အနေနဲ့ ဒီကနေ့မှစ ယမန်နေ့များထက် ပိုမို အတင်းတုပ်ပါတော့မယ်။ အဲ ခံ့ညားအောင် ပြောရမယ်ဆိုရင်တော့ဖြင့် ဗဟုသုတတွေ လှည့်လည်ဝေငှပါတော့မယ် ဗေဓိ ဗေဓိ ဂျီ"

အညိုရောင်ကောင်မလေးက ပါးစပ်ကလေးဖြဲကာ ရယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းမှ ပန်းသွေးရောင်ကောင်မလေး၏ လက်မောင်းအိုးကို ခပ်ဆတ်ဆတ်ပုတ်ကာ. . .

"ဟဲ့. . . နွယ်ရိုးမ. . . နင်လည်း တေမိဇာတ်တွေ သိပ်က
မနေနဲ့။ တော်ကြာ ကင်ဆာတွေဘာတွေ ဖြစ်နေဦးမယ်။
ကျန်းမာရေးလေးဘာလေး လိုက်စားဦးစ်"

မျက်လုံးကလေးတွေ တမင်ပြူးဝိုင်းပြကာ အညိုရောင်ကောင်မလေးပြောတော့ ပန်းသွေးရောင်ကောင်မလေးက ညင်သာစွာ ခပ်သဲ့သဲ့သာ ပြုံးလေသည်။ သိမ်မွေ့အေးချမ်းလိုက်တဲ့ အပြုံးပိုင်ရှင်လေးရယ်. . .။

"နွယ်ရိုးက ဒီလိုပဲ အေးဆေးနေတတ်တာကို အိမ်သူရယ်။
ဒုက္ခသွားမပေးစမ်းပါနဲ့။ နင်က သူများကို စတာ နောက်တာ
ချောက်တွန်းတာ အလေ့အကျင့်ကို ဖြစ်နေပြီ။ နင့်အစား
ငါတော့ ရင်လေးတယ် ရင်လေးတယ် ဟင်း"

ပဒုမ္မာနီအချိုးအဆစ်နှင့် နံ့သာမှအမျိုးသမီးက ညည်းညည်းညူညူ ဝင်ပြောတော့ အညိုရောင်လေးက ထိုအမျိုးသမီးကို အသေအချာရှုစား၍ ထိရောက်စွာ ပြန်လည်ပြွက်ကြားပါသည်။

"ရင်လေးမပေါ့ကွ။ မင့်က ထွားလွန်းသကိုးဟ"
အယ်ကွယ်. . . ပေါက် ပန်း သေး မ လေး. . .။







# အခန်း (၅)

နေ့စဉ် အမျိုးသမီးများ၏ရင်သားကို ဆယ်မိနစ်ခန့်ကြည့်ခြင်းသည် အမျိုးသားများ၏သက်တမ်းကို (၅)မိနစ် ပိုရှည်စေနိုင်။

ဂျာမန်သုတေသီများ၏ New England Journal of Medicine တွင် တင်ပြချက်အရ အမျိုးသမီးများ၏ ရင်သားများကို အမျိုးသားများ နေ့စဉ် စိုက်ကြည့်ပေးပါက အသက်ရှည်စေကြောင်းသိရသည်။ (၁၀)မိနစ်စိုက်ကြည့်ပါက အားကစားရုံတွင် မိနစ် (၃၀) ခန့် အားကစားလုပ်ခြင်းနှင့်ညီကြောင်း ဒေါက်တာ Karen Weatherby က ပြောကြားခဲ့သည်။

ဤသို့ ပေါက်ပေါက်ရှာရှာ စူးစမ်းမှုကို အသင်းဖွဲ့၍ ဒေါက်တာ Karen Weatherby က ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့သည် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ရှိ အမျိုးသား (၂၀၀)နှင့် သုတေသန ပြုခဲ့ကြသည်။ ၎င်းတို့အထဲမှ တစ်ဝက်ကို နေ့စဉ်ကြည့်ခိုင်းပြီး တစ်ဝက်ကို သေချာရှောင်ကြည့်ခိုင်းထားပြီး လေ့လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ကြာသောအခါ နေ့စဉ် သေချာစိုက်ကြည့်ခဲ့သော အမျိုးသားများသည် မကြည့်သူများထက် သိသာခြားနားစွာ သွေးဖိအားအတက်အကျရောဂါကင်းဝေးခြင်း၊ သွေးခုန်နှုန်းမှန်ကန်ခြင်းနှင့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါအန္တရာယ်များ နည်းပါးသွားကြောင်း အတည်ပြုနိုင်ခဲ့ကြပါသည်။

"ဒီလို လိင်နဲ့ဆိုင်တဲ့ စိတ်လှုပ်ရှားမှုဟာ နှလုံးကို သွေးညှစ်ပေးမှု တိုးတက်ကောင်းမွန်စေပြီး သွေးလှည့်ပတ်မှုကိုပါ ကောင်းစေတာ သံသယဖြစ်စရာ မရှိပါဘူး။ သေချာပါတယ်။ နောက်တစ်ချက်က ကြည့်တာချင်းတူတာတောင် ပိုကြီးတဲ့ရင်သားကို ကြည့်သူတွေက ပိုအကျိုးထူးတာတွေ့ရပါတယ်။ အသက်ဂုဝကျော်တဲ့ အမျိုးသားတွေဆိုရင်တော့ D-cup size နဲ့ သူ့အထက်တွေကို ကြည့်သင့်ပါတယ်"

လို့ ဒေါက်တာက ပြောသွားပါတယ်။

(သူပြောတဲ့ D-cup ဆိုက်ဒ်က မြန်မာအယူ ၃၆ခန့် ရှိပါမယ်)

ဤတွင် ရှိုင်းစနေ၏ ပို့ချချက်ပြီး၏။

"အို ရှက်ထာ"

"ကျန်းမာရေးလိုက်စားရမှာ စိတ်မရဲဝူးကွယ် ငွယ်"

"ငါနဲ့တော့ အံကိုက်ပဲဟေ့"

"ငါတို့အတွက်ကတော့ အန္တရာယ်ပဲနော့"

"နင့်အန္တရာယ်က ပိုကြီးတယ်"





ကျောင်းစာသင်ခန်းအတွင်းမှာ အသံတွေ အုတ်အုတ်ကြွက်ကြွက် ဖြစ်ပေါ်နေကြလေသည်။ ဆရာမဝင်မီ ကျောင်းသားတစ်ဦး အတန်းရှေ့ထွက်ကာ ဝှိုက်ဘုတ် (Whiteboard) မှာ Marker ဖြင့် ရေးခြစ်၍ လက်ချာ (Lecture) ပေးနေတာဖြစ်သည်။

လက်ချာပေးနေသော အညိုရောင်ပျော့ပျော့ဆံပင်လိပ်ကောက်ကောက်လေးတွေနှင့် ကျောင်းသားကိုငေးရင်း သံစားကော်ပတ်ကီစွက်ကို သတိရမိကာ ဇမ်ရဲ တင်ပါးဆုံကြောတွေ တွန့်ခနဲပင် ဖြစ်သွားရလေသည်။

ဒီငနဲက မလွယ်။ အဆောင်မှာလည်း ကြေပ်ကလေးအဖြစ် သတင်းမွှေးလွန်းသူဖြစ်သည်။ လစ်လျှင်လစ်သလို သွားတိုက်ဆေးဘူးထဲမှ သွားတိုက်ဆေးများကို ထုတ်၍ ငှက်ပျောသီးအနှစ်များ ထည့်ထားတတ်ကြောင်း၊ ဘော်ဒီလိုးရှင်းဘူးများထဲသို့ ခေါင်းလျှော်ရည်ရှန်ပူများ ထည့်ထားတတ်ကြောင်း၊ မျက်နှာလိမ်းကရင်မ်ဘူးများထဲသို့ မျက်နှာသစ်ဆေးများ ထည့်ထားတတ်ကြောင်း၊ သူ့ စနက်ကြောင့် ဒုက္ခရောက်ရသူပေါင်း မနည်းဟုလည်း အတူနေအခန်းဖော်ပြော၍ ဇမ်ရဲသိရသည်။

မနေ့ညကဆို အဆောင်ပိုင်ရှင်လူပျိုကြီး မျက်စဉ်းဘူးဝယ်ခိုင်းတာ SUPER GLUE ကော်ဘူးဝယ်လာရာ၊ အဆောင်ပိုင်ရှင်လူပျိုကြီးက အဟုတ်မှတ်ပြီး ခတ်မိမလိုဖြစ်သေး၏။ ဇမ်ရဲ ဝင်သတိပေးဦးလို့သာပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားကို ဒီလောက်တော့ ချောက်မချသင့်ကြောင်း ဇမ်ရဲပြောတော့. . .

"ငါ အရိပ်အခြည် စောင့်ကြည့်နေပါတယ်ကွ။ ခတ်ဖြစ်တဲ့ အထိတော့ မရက်စက်ပါဘူး။ မျက်စဉ်းဝယ်ဖို့ ပေးလိုက်တဲ့ ပိုက်ဆံက ဂိမ်းဆိုင်မှာကုန်သွားလို့ ဘာမှပါမလာရင် အားနာလို့ ကျန်တဲ့ပိုက်ဆံနဲ့ ဝယ်လို့ရတာလေး ဝယ်ခဲ့ပေးတာပါ"

ဟု အနားမှာ မယောင်မလည်ရပ်နေရာမှ ပြော၏။

ဇမ်ရဲကိစ္စမှာတော့ သူလွန်သွားသည့်အတွက်ဟုဆိုကာ အနာကျက်ဆေးတစ်ဘူး ဝယ်ပေးရင်း တောင်းပန်သည်။

"ငါက အဲ့လောက်ဖြစ်သွားဖို့ မရည်ရွယ်ပါဘူးကွာ။ ကိုင်မိတာနဲ့ မင်းသိမယ်ပဲထင်တာ။ မီးပျက်လို့ မှောင်နေတာနဲ့ မင်း အလောတကြီး မစူးစမ်းပဲ လုပ်လိုက်လို့ ဒီအဆင့်ထိ ဖြစ်သွားရတာပါ။ အခုတော့ကွာ ကျော်မကောင်းကြားမကောင်း. . .ငါ့ကြောင့် မင်းစအိုဝ အနာရတယ်ဆိုတော့ ငါလည်း မကောင်းဘူးပေါ့"

အဲသလိုကောင်စားဖြစ်သည်။ ဇမ်ရဲလည်း ကိုယ်ညှဲ့ဖျင်းပေါ့ လျော့မှုပါတာမို့ သိပ်မကျေနပ်ပေမယ့် အထွေအထူး မပြောဖြစ်တော့။ "ငါ့ကြောင့် အဲ့ကောင်တင်ပါး ဒဏ်ရာရသွားတာလေ။ အခု ဆေးဝယ်ပေးထားရတယ်" ဆိုပြီး အဆောင်မှာ လူတကာလိုက်ပြောနေသဖြင့် ဇမ်ရဲ အသည်းအသန် လိုက်ဖြေရှင်းရသေး၏။





ထိုနည်းဆင်ဆင်လုပ်ဆောင်ချက်များကြောင့် အဆောင်မှ နှင်ထုတ်ခံရမလို အကြိမ်ကြိမ်ဖြစ်ကြောင်းလည်း သိရ၏။ သူနှင့် ဆက်ဆံလျှင် အထူးသတိဝီရိယအပြည့်နှင့် ဆက်ဆံမှသာ တော်ကာကျကြောင်းလည်း လူပြောများသည်။

(ဆေးကျောင်းသူဆေးကျောင်းသားဆိုလျှင် တည်တည်ကြည်ကြည် အေးအေးဆေးဆေးနေတတ်သော စာဂျပိုးများဟုသာ အပြင်လူတချို့က မှတ်ထင်ကြပေမယ့် တကယ်တမ်းမှာတော့ ရှိုင်းစနေလို ဆေးကျောင်းသား၊ ဖြိုးအိမ်သူလို ဆေးကျောင်းသူတွေလည်း အမှန်တကယ် ရှိနေတတ်ပါသည်)

ယခုလည်း ရှိုင်းစနေ၏လက်ချာကို ကျောင်းသူကျောင်းသားများ ရယ်ပွဲဖွဲ့နေစဉ်မှာပဲ ဆရာတစ်ဦး စာသင်ခန်းအတွင်း ဝင်လာသည်။

ဆရာသည် ပို့က်ဘုတ်မှ စာများကို မျက်မှောင်ကြီးကြုတ်ကာ ဖတ်ရှုပြီးနောက် မိန်းကလေးများဘက် အကြည့်ရောက်သွားလေရာ ကျောင်းသူလေးများမှာ ရှဲခနဲ တွန့်ခနဲတွေ ဖြစ်ကုန်ကြလေသည်။ ဒီတော့မှ ဆရာလည်း သတိဝင်လာပြီး ဆင်ခြင်လိုက်ဟန်ဖြင့် သူ့အကြည့်ကို လက်ချာပေးသော ကျောင်းသားထံ ရွှေ့ပြောင်းလိုက်လေသည်။

"မင်္ဂလာပါဆရာ"

ရှိုင်းစနေက လက်အုပ်ကလေးချီရွယ်ကာ ဆရာ့ကို နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးနောက် သူနေရာသူ သွားထိုင်ရန်ပြင်သည်။ ဆရာက ရှိုင်းစနေကို စူးစိုက်ကြည့်၍. . .

“ဒီနှစ်လည်း မင်းနဲ့ငါဆုံရပြန်ပြီ ရှိုင်းစနေ”

“ရေစက်မကုန်သေးလို့ပေါ့ ဆရာရယ်”

“မင်းက ပထမနှစ်မှာလည်း (၂)နှစ်နေတယ်။ ဒုတိယနှစ်မှာလည်း (၂)နှစ်ရှိပြီဆိုတော့. . .”

“စာပိုကြေတာပေါ့ ဆရာ”

စာသင်ခန်းအတွင်းမှာ ရယ်သံတွေ ထွက်ပေါ်ဆူညံသွားလေသည်။ အကြောထူထူငနဲပေပဲ. . .။

“မင်း စာသေချာမလုပ်ဘူးလားကွ။ ဘယ်လိုဖြစ်တာလဲ”

“ဆရာရယ်. . . လူ့သက်တမ်းကိုတွက်ပြတဲ့ အချိန်ဇယားလေးနဲ့ ထောက်ထားကိုးကားပြောရမယ်ဆိုရင်ဖြင့်. . . ကျွန်တော် စာမေးပွဲမအောင်တာ တစ်နှစ်မှာ (၃၆၅)ရက်ပဲရှိလို့ပါဆရာ။ တစ်နှစ်မှာ (၃၆၅)ရက်ပဲရှိတော့ ဘယ်လိုလုပ်ပြီး စာကျက်ချိန်ရပါတော့မလဲ ဆရာရယ်”

“ဘယ်လို ဘယ်လို. . . တစ်နှစ်မှာ (၃၆၅)ရက်ရှိတာတောင် စာကျက်ချိန်မရဘူး ဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

ဒီငနဲ ထွေလီကာလီတွေ ပွားတော့မည်ဆိုတာ ဖမ်ရဲ ကြိုတင်ရိပ်စားမိလိုက်ပါသည်။ ထင်သည့်အတိုင်းပါပဲ. . .။





“ကျွန်တော် ဖတ်မှတ်လေ့လာထားတာလေးနဲ့ သေသေချာချာ တွက်ပြပါ့မယ်ဆရာ။ တစ်နှစ်မှာ တနင်္ဂနွေနေ့ပေါင်း (၅၂)နေ့ရှိတယ်လေ။ တနင်္ဂနွေဆိုတာက နားရက်လေ ဆရာရယ်၊ ဘယ်လိုလုပ်ပြီး စာကျက်ချင်ပါ့မလဲ”

“ဟ. . . တနင်္ဂနွေလည်း စာကျက်ရမှာပေါ့ကွ။ ကဲ ထားပါဦး. . . ဒါဆိုလည်းကွာ တစ်နှစ်မှာ (၃၆၅)ရက်ရှိတော့ (၅၂)ရက်ကို နုတ်။ (၃၁၃)ရက် ကျန်သေးတာပဲ”

“လူတစ်ယောက်ဟာ တစ်နေ့မှာ (၈)နာရီတော့ အိပ်ပေးဖို့လိုတယ်လေ ဆရာရယ်။ အဲဒီတော့ တစ်နှစ်မှာ ရက်ပေါင်း (၁၇၂)ရက်က အိပ်တာနဲ့ပဲ ပြီးသွားရော။ ဒီတော့ (၁၄၁)ရက်ပဲ ကျန်တော့တယ်”

“အဲဒီမှာ ကျက်ပေါ့ကွ”

“ကျန်းမာရေးအတွက် ကစားခုန်စားလုပ်ဖို့ကတည်း လိုအပ်တော့ တစ်နေ့မှာ (၁)နာရီ ကစားတယ် လေ့ကျင့်ခန်းလုပ်တယ်ဆိုရင်ပဲ တစ်နှစ်မှာ (၁၅)ရက်။ ဒီတော့ (၁၂၆)ရက်ပဲ ကျန်တော့တယ်”

“အဲ့မှာကော စာမလုပ်ဘူးလား”

“ထမင်းစားချိန်ပေးရတာနဲ့၊ ကော်ဖီသောက်ချိန်ပေးရတာနဲ့၊ ရေချိုး ကိုယ်လက်သန့်စင် အိမ်သာဝင် အပန်းဖြေချွန်းဂမ်းဝါးရတဲ့အချိန်တွေကိုပါ ပေါင်းလိုက်ရင် တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး ပစ္စလက်ခတ် (၂)နာရီလောက် အချိန်ပေးနေရတော့ တစ်နှစ်လုံးဆိုရင် ရက်ပေါင်း (၃၀)က အဲဒါတွေအတွက် အချိန်ပေးလိုက်ရပြန်ရော"

"ဒါဆိုလည်း (၉၆)ရက် ကျန်သေးတာပဲ"

"လူဆိုတာက လူ့အဖွဲ့အစည်းနဲ့ နေတာဆိုတော့ ဆရာရယ်၊ တစ်နေ့ကို (၁)နာရီလောက်က စကားစမြည်ပြောရသေးတယ်လေ။ ဒီတော့ တစ်နှစ်မှာ (၁၅)ရက်က စကားပြောဖို့ အချိန်ပေးရတယ်လေ"

"ဒါဆို ကျန်တဲ့ (၈၁)ရက်ကကော"

"ပရယ်တီကယ်တွေ၊ ကျူတိုရီရယ်တွေ၊ အထွေထွေအလီလီ စာမေးပွဲတွေအတွက် လစ်တာ၊ မတက်တာ၊ ပြေးတာ၊ ရှောင်တာနဲ့ လျှော့လျှော့ပေါ့ပေါ့ တစ်နှစ်မှာ(၃၅)ရက်ပဲ ထားပါဦး ဆရာ"

"ဟ မင်းဟာ တွက်ရင်းတွက်ရင်း (၄၆)ရက်ပဲ ကျန်တော့တယ်"

"မပြီးသေးဘူးဆရာ. . . နေ့ထူးနေ့မြတ်တွေကလည်း တစ်နှစ်မှာ ရက် (၄၀)လောက်ဖြစ်နေတော့ သွားပြီပေါ့။ (၆)ရက်ပဲ ကျန်တော့တယ်"

လက်ချိုးရေတွက်နေသောဆရာ စကားသံပင် ထွက်မလာတော့. . .။





"အအေးမိလို့ နှာစေးလို့ ကျန်းမာရေးချူချာလို့ နားနေရတာက တစ်နှစ်လုံးမှာ (၃)ရက်ပဲရှိတယ်ထားဦး။ (၃)ရက်ပဲ ကျန်တော့တယ်"

တတ်လည်းတတ်နိုင်တဲ့ကောင်ပဲဟု ဇမ်ရဲ တွေးဖြစ်သည်။

"ကျွန်တော်က ရုပ်ရှင်ကြည့် စာဖတ်နဲ့ သုတရသ အနုပညာလေ့လာလိုက်စားတာလည်း ဝါသနာထုံသေးတယ် ဆရာ။ အဲဒါတွေအတွက်က တစ်နှစ်မှာ (၂)ရက်ပဲ ထားပါ။ (၁)ရက်ပဲ ကျန်တော့တယ် ဆရာ"

ဒီတစ်ကြိမ်မှာတော့ ဆရာ အသံပြန်ထွက်လာသည်။

"အဲဒီတစ်ရက်ကကောကွ"

ရှိုင်းစနေဖြေတာက အေးဆေးပါသည်။

"အဲဒီတစ်ရက်ကလည်း ကျွန်တော့်မွေးနေ့ ဖြစ်နေတယ်လေ ဆရာရယ်။ ဘုရားသွားကျောင်းတက် မိဘကန်တော့. . . သူငယ်ချင်းတွေကို ဧည့်ခံကျွေးမွေးရတာနဲ့ ဘယ်လိုလုပ်ပြီး စာကျက်ဖြစ်ပါတော့မလဲ"

ဩော်. . . သူ့တွက်ကိန်းနဲ့ သူတော့ ဟုတ်နေတာပဲနော်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ဘတ်စ်ကားကလည်း ကြပ်လွန်းသည်။ ကိုယ်ပိုင်ကား မဟုတ်တော့လည်း အပြစ်မဆိုသာ။ ရင်ခုန်သံလေးကို တွေ့မြင်ခွင့်ရနေတာပဲ သူ့ခံစားမှုတွေအတွက်တော့ ပြည့်စုံနေပါပြီ။

ကျောင်းနှင့် သူနေသောအဆောင်က ခြေလျှင်လျှောက်ပြန်လျှင်ပင် အဆံ်ပြေသည်။ ဒီကနေ့ သူ ဘတ်စ်ကားပေါ် ရောက်နေတာက ရင်ခုန်သံလေး၏ အရိပ်ခိုလှုံရင်း ခြေရာတော်ကောက်ဖို့သာ ဖြစ်ပါသည်။ သူမနှင့် နီးစပ်ခွင့်ရဖို့အရေး ဘယ်လိုကြိုးပမ်းရပါ့မလဲ ဆိုသောအတွေးနှင့် သူ့ရင်တွေ နှုံးချိမောဟိုက်နေခဲ့ပြီ။ အချစ်သည် အသက်ရှူမဝ ဖြစ်စေတတ်ပါသလား. . .။

လှပသော အမျိုးသမီးများနှင့် တွေ့ဆုံရခြင်းသည် ကျန်းမာရေးအတွက် ဆိုးရွားစေနိုင်ကြောင်းတော့ သူ မှတ်သားဖူးသည်။

နှလုံးခုန်မြန်လာခြင်းနှင့် ခြေဖဝါးလက်ဖဝါးများ၌ ချွေးပြန်လာခြင်းသည် ဆွဲဆောင်မှုရှိလွန်းသော အမျိုးသမီးများနှင့် တွေ့ဆုံရသည့်အခါ အမျိုးသားများ ဖြစ်လေ့ဖြစ်ထရှိသော အရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့သာဖြစ်သည်။ သုတေသနအသစ်တစ်ရပ်အရ အမျိုးသားများသည် လှပသော သူစိမ်းတစ်ရံဆန် အမျိုးသမီးတစ်ဦးနှင့် ငါးမိနစ်မျှသာတွေ့ဆုံရုံနှင့် စိတ်ဖိစီးမှုများ လွန်စွာမြင့်တက်လာပြီး ယင်းသည် ကျန်းမာရေးအတွက် ဆိုးရွားစေကြောင်း သိရသည်။

စပိန်နိုင်ငံ ဗလင်စီယာတက္ကသိုလ်မှ ပညာရှင်များသည် ၎င်းတို့၏သုတေသနတွင် အမျိုးသား (၈၄)ဦးကို ပါဝင်စေလျက် တစ်ဦးတည်းရှိနေစဉ်နှင့် လှပသောအမျိုးသမီးများနှင့် တွေ့ဆုံပြီးနောက် ကော်တီဆော (Cortisol) ဟော်မုန်း ပါဝင်မှုနှုန်းကို တိုင်းတာကာ တွက်ချက်သုတေသနပြုခဲ့ကြခြင်း ဖြစ်သည်။

"ငါ ဒီလိုလူစားမျိုးမဟုတ်ဘူး"ဟု တွေးလိုက်မိသောအခါ၊ အဆိုပါအမျိုးသမီးက အနားလာကပ်ထိုင်သောအခါ သို့မဟုတ် အဆိုပါအမျိုးသမီး၏ စိတ်ဝင်စားမှုကိုရရှိအောင် ကြိုးစားသောအခါ အကြင်ပုရိသ၏ အခြေအနေသည် အဆိုးရွားဆုံးသို့ ရောက်ရှိသွားသည်ဟု သိပ္ပံပညာရှင်တို့က အခိုင်အမာပြောကြားခဲ့သည်။

အဆိုပါအမျိုးသားတို့၏ စိုးရိမ်သောကဖြစ်မှုနှုန်းသည် လေယာဉ်ပျံတစ်စင်းပေါ်မှ ခုန်ချရသည့်အခါ ဖြစ်ပေါ်သောနှုန်းနှင့်ညီမျှသည်ဟု ဆိုသည်။ အဆိုပါအမျိုးသား တို့၏ ကော်တီဆော ဟော်မုန်း ပါဝင်မှုနှုန်းထားသည် လေယာဉ်ပျံပေါ်မှ ခုန်ချရသည် ထက်ပင် ပို၍မြင့်မားနိုင်သည်ဟု ပညာရှင်တို့က မှတ်ချက်ချ၏။ ကောင်မလေးရေ. . .





ငါတော့ လေယာဉ်ပျံပေါ်ကနေ အကြိမ်ကြိမ်အခါခါ ခုန်ချမိနေပါရောလား. . .

အများကြားမှာ မတ်မတ်ကလေးရပ်နေသော သူမကို သက်တောင့်သက်သာ ထိုင်စရာနေရာတစ်ခု ဖန်တီးပေးချင်နေမိသည်။ သို့သော် သူကိုယ်တိုင်တောင်မှ အနိုင်နိုင်ရပ်နေရသည့် အခြေအနေပါ။ သူမလက်ထဲမှ ဖိုင်အိတ်ကလေးကို သွားကူသယ်ပေးရင် ကောင်းမလား. . .။ ရင်နှီးမှုမရှိလေတော့ သူ တွန့်ဆုတ်နေမိသည်လေ။

ယခုလောလောဆယ် သူမနှင့်သူ့ကြားမှ ကွာဟမှုနယ်ပယ်ကို လျှော့ချပစ်ဖို့ အရင်ဆုံး လိုအပ်နေပါသည်။ သူမနှင့်သူ့ကြားမှာ လူတွေခြားနေသေးသည်။ မကြာမီ မှတ်တိုင်တစ်ခုရောက်တော့မည်မို့ လူအချို့ဆင်းရန် တာစူရွေ့လျားနေကြပြီ။ ဒါကို အခွင့်ကောင်းတစ်ခုအဖြစ် အသုံးချကာ သူမနှင့် အနေနီးကပ်ခွင့်ရရန် သူ ရှေ့ကိုသာ ဖိတိုးနေမိပါ၏။

ကားက မှတ်တိုင်တွင်ရပ်သည်။ လူအများ တဖြုတ်ဖြုတ်နှင့် ဆင်းသွားကြသည်။ သူမနှင့်သူလည်း ပိုမိုနီးကပ်သွားသည်။ သူ့ကို မြင်တော့ သူမ ရှက်နေဟန် ထင်ရှားပေါ်လွင်ပါသည်။ အမှတ်မထင် သူမလက်မောင်းသားပြည့်ပြည့်အိအိလေးနှင့် သူ့ရင်ဘတ် ထိခတ်မိလိုက်သည့်အတွက်လည်း ထိုအတွေ့အထိလေးမှာ နစ်မျောပျော်ဝင်ကာ သူ ရင်ခုန်စိတ်လှုပ်ရှား သာယာသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်လွှာကလေးပင့်၍ သူ့ကို တစ်ချက်မော့ကြည့်သည်။ ထိုအနီးကပ်အကြည့်လေးတစ်ချက်ကြောင့် ဘတ်စ်ကားပေါ်မှာ မတ်တပ်ရပ်နေရင်းပဲ သူ့ရင်ဘတ် ရဟတ်စီးဖြစ်သွားခဲ့ပါသည်။

"ဟို. . . လက်ညှောင်းနေရင် ဖိုင် ဖိုင်အိတ်ကလေး ပေးထားပါလားဟင်. . .။ ကိုင်ထားပေးမယ်လေ"

သူ တုန်ရီစိတ်မောစွာ နှုတ်ခမ်းသားတို့ အားယူလှုပ်ရှား၍ ရင်းနှီးမှုတစ်ခု အကောင်အထည်ဖော်ရန် ကြိုးစားပြင်ဆင်နေခိုက်မှာပင်. . .

"ဟင်"

"ဟာ"

"အို"

အာမေဍိတ်သံများ တွန်းထိုးရွေ့လျားမှုများနှင့် ဝရုန်းသုန်းကားဖြစ်စဉ်တစ်ခု. . .။ သွေးကြောမျှင်မျှင်လေးတွေ ယှက်ဖြာနေသော သူမမျက်နှာနုနုဖွေးဖွေးလေးဆီမှ အကြည့်တို့ပြောင်းရွှေ့၍ နောက်ဘက်လှည့်ကြည့်လိုက်သောအခါတွင်. . .

ဟင်. . . ဟိုဝတီပါလား. . .။

ဘာပြဿနာရှာပြန်သလဲ မသိ. . .။ ရှိုင်းစနေက လျှာထိုးဦးထုပ်မီးခိုးရောင်ဖျော့ဖျော့ကို ခပ်ငိုက်ငိုက်ဆောင်းထားသော လူငယ်တစ်ဦးအား ဂုတ်ကိုဆွဲ၍ အတင်းပဲ ဖမ်းချုပ်နေလေသည်။ တစ်ဖက်လူငယ်ကလည်း လွတ်မြောက်အောင် တွန်းထိုးရုန်းကန်နေ





ရှာ၏။ ကျဉ်းကြပ်သော ဘတ်စ်ကားအတွင်း သူတို့နှစ်ဦး လှုပ်ရှားမှုကြောင့် ကျန်လူများပါ ကသောင်းကနင်းဖြစ်နေရလေသည်။

"ဒီကောင် ခါးပိုက်နှိုက်. . . ဒီကောင့်ကို ကူဖမ်းပေးကြပါ"

ရှိုင်းစနေ၏ အော်ဟစ်တောင်းဆိုမှုကြောင့် ကားစပယ်ယာနှစ်ဦးနှင့်လူတချို့က ဝင်ကူကြသည်။ ဇမ်ရဲကတော့ ရက်ကာလအတန်ကြာ ဝမ်းမသွားရဲလောက်အောင် ဒီဇနဲ့အကြောင်း ကိုယ်တွေ့ကြုံဖူးတာမို့ သိပ်မယုံရဲ။ ဒါကြောင့် ရပ်မြဲအတိုင်းသာရပ်နေမိကာ မြတ်နိုးသူကို ထိခိုက်မှုမဖြစ်စေရေး ကာကွယ်ပေးဖို့သာ အထူးတလည် အာရုံထားနေမိပါသည်။

အတွန်းအတိုက်များကြောင့် ထိတ်လန့်ဟန်နှင့် မြတ်နိုးသူ၏ ခန္ဓာကိုယ်နွေးနွေးလေးမှာ သူ့ရင်ခွင်အတွင်း နယ်ပယ်တော်တော်များများကို စတေးသိမ်းပိုက်နေဖြစ်လေပြီ။

သူ သာယာမွေ့လျော်နေဆဲမှာပဲ လျှာထိုးဦးထုပ်မီးခိုးရောင်နှင့်လူငယ်မှာ လူအများ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။ ရှိုင်းစနေက ထိုလူငယ်ထံမှ တစ်စုံတရာကိုဆွဲယူပြီး ထိုလူငယ်ကို ကားစပယ်ယာများထံ ပြောဆိုအပ်နှံသည်။ ပြီးနောက် သူ့ထံလျှောက်လာပြီး သူ့အား တစ်စုံတစ်ခုကမ်းပေး၏။

"ရော့. . . ထမင်းထုပ်ပဲမြင်ပြီး ဝါးရင်းတုတ်ကိုမမြင်တဲ့ ကောင်"

ဘုရားရေ. . . ငါ့ပိုက်ဆံအိတ်ကလေးပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံပါသည်။ သူ ရှက်သွားမိပါသည်။ ထိုစဉ်က လှစ်ခနဲ လှိုင်းခတ်ဖြစ်ပေါ်သွားသော ချစ်သူ၏ဖြူလွှလွှအပြုံးကို သူ ကောင်းစွာ မှတ်မိနေပါသေးသည်။

မင်းနဲ့ ပတ်သက်ရင်. . .

ထိုသို့ တမေ့တမော နစ်မျောတတ်သူပါ ချစ်သူ. . .။

ထိုနေ့က ဆင်ဖိုးနှင့်ချွန်းခ မမျှဖြစ်ခဲ့တာကိုလည်း သူ မမေ့ပါ။ သို့သော် သူ ကျေနပ်ပါသည်။ ရှိုင်းနှင့်သူ့ကြားမှာ လုပ်ကြံဖန်တီးမှုကင်းစင်သော ရင်းနှီးနွေးထွေးမှုတို့ အလိုအလျှောက် ဖြစ်ပေါ်လာသကဲ့သို့ ထိုနေ့က ချစ်သူ၏ကိုယ်ငွေ့ကိုလှုံရင်း ညီညွတ်မှုတစ်ခုပါ ဖြစ်တည်ခဲ့သည်လေ။

တကယ်ကိုပဲ လွမ်းဆွတ်တမ်းတ သတိရမိပါသည်. . . သူငယ်ချင်းနှင့်ချစ်သူ. . .။ ပြီးတော့. . . စိတ်အာရုံထဲမှာတောင် ခွဲခြမ်းပစ်ပယ်လို့မရတဲ့ သူမ. . .။

ဟုတ်သည်။ အရှောင်အလွဲတွေ မတိုင်မီက မချိန်းဆိုပါဘဲ တည့်တည့်တိုးခဲ့ကြတဲ့ ငါတို့ဟာ နဘေမထပ်တဲ့ အတွဲအစပ်တစ်မျိုးသာ. . .။

ဖြစ်နိုင်မည်ဆိုလျှင်ဖြင့် စိမ်းစိုလတ်ဆတ်စွာ ပြန်ဆုံခွင့် ရချင်မိပါသေး၏။





## အခန်း (၇)

"အောင်မြင်ကျော်ကြားချင်ရင် ငရမန်ကန်းလို တစ်ဖက်လပ်ဖြစ်ဖို့ လိုတယ်"

ဘုရားရေ. . . အသစ်ကြီးပါလား. . .

နားစွန်နားဖျားကြားလိုက်ရသော စကားကြောင့် နံရံထောင့်ကွယ်မှာ အသာရပ်၍ ဇမ်ရဲ နားစွင့်နေမိ၏။

"ဥပမာပဲကြည့်ဟာ. . . နပိုလီယန်ကို အနိုင်တိုက်ခဲ့တဲ့ ရုရှားစစ်သူကြီး ကူတူးဇော့ဟာလည်း တစ်ဖက်လပ်၊ နာမည်ကျော် အင်္ဂလိပ်ရေတပ်ဗိုလ်ချုပ် နယ်လ်ဆင်ဟာဆိုရင်လည်း တစ်ဖက်လပ်၊ မိုရှေဒါယန်းဆိုတဲ့ ဂျူးလည်း တစ်ဖက်လပ်ပဲ။

ဒါကြောင့် အောင်မြင်ကျော်ကြားချင်ရင် တစ်ဖက်လပ်ဖြစ်ဖို့ လိုတယ်လို့ ငါပြောတာပေါ့"

လက်ထဲမှာ မှန်ဝိုင်းလေးတကိုင်ကိုင်နှင့် ဒီဒီပြောနေသော စကားတွေကို နတ်သမီးအရုပ်ကလေး ပွေ့ပိုက်ထားသော ဂွန်ကမျက်လုံးကလေးအဝိုင်းသားနှင့် နားထောင်နေတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ထံ မအပ်နှံသေး ငယ်ရွယ်သေးက ရှေးဦးရှေးဖျား သင်ကြားပြပြင် သွန်သင်ပြသ ဆုံးမတတ်သော" ဟူ၍ အနက်ဖွင့်ဆိုထားသည့် ပုဗ္ဗာစရိယဂုဏ်ပုဒ်အား အမှတ်ရမိသဖြင့် အယူမတိမ်းစောင်းစေရန် ဝင်ရောက်ဟန့်တားဖို့ ဖမ်ရဲ စိတ်ကူးမိသေး၏။ သို့သော် တစ်စုံတစ်ခုထံတွင် အာရုံဝင်စားနေလျှင် စိတ်ဒဏ်ရာတွေ သက်သာရာရစေတတ်တာမို့ ဖမ်ရဲဝင်မဖက်တော့ဘဲ အသာငြိမ်ကြည့်နေလိုက်၏။

ဒီဒီသည် သူတို့ခေါင်းရင်းအိမ်မှဖြစ်ပြီး ကျောလယ်ခန့်ထိ ဝဲစပြုနေပြီဖြစ်သော ဆံပင်ရှည်ဖြောင့်ဖြောင့်ပျော့ပျော့လေးတွေနှင့် အသားဖြူဖြူ ခန္ဓာကိုယ်ပြည့်ပြည့် မျက်နှာဖောင်းဖောင်းဝိုင်းဝိုင်းလေးနှင့် ချစ်စဖွယ် သတ္တမတန်းကျောင်းသူကလေးတစ်ဦးဖြစ်၏။

ဒီဒီနှင့်ဂျွန်မှာ အိမ်နီးချင်းဖြစ်သလို အုပ်ထိန်းသူချင်းကလည်း ခင်မင်ရင်းနှီးကြသဖြင့် သူ့အိမ်ကိုယ့်အိမ် ဝင်ထွက်သွားလာကာ ကစားဖော်ကစားဖက်များသဖွယ် ဖြစ်နေကြ၏။ တစ်ခါတစ်ရံများမှာတော့ ဒီဒီက ဂျွန်ကို စာပြပေးသည်များ ရှိ၏။

ဩော်. . . ဘာလိုလိုနဲ့ ဂျွန်တောင် စတုတ္ထတန်းကျောင်းသားကလေးဖြစ်နေပြီပဲ. . .။

"ဟဲ့ ဂျွန်. . . နင် ဝက်ခြံ မပေါက်သေးဘူးလား"

"ဟင် မပေါက်ပါဘူး၊ ဘာလို့လဲ"





"အပျို့လူပျို့ဖြစ်ကာစ ဆယ်ကျော်သက်တွေရဲ့ ခန္ဓာကိုယ်အတွင်းမှာ တက်စတိုစတီရုန်း (Testosterone) လို့ခေါ်တဲ့ ဖိုဟော်မုန်းထွက်ရှိမှု များပြားလာတယ်။ အဲဒီလို ဟော်မုန်းအပြောင်းအလဲကြောင့် ဝက်ခြံထွက်လာကြတာတဲ့ဟ။ အင်တာနက်သုံးရင်း ဖတ်မိလိုက်တာ"

ဒီဒီက ဂျွန်၏လည်ပင်းကို ရွရွလေးကိုင်ကြည့်ပြီး. . .

"နင့်မှာ အာဒမ်ရဲ့ပန်းသီးလည်း မရှိဘူးနော်"

"အင် ဘာလဲ"

"လည်စလုတ်ကို ပြောတာဟ။ ခရစ်ယာန်တွေရဲ့ အယူအရ ကမ္ဘာ့လူသားအစ အာဒမ်နဲ့ဧဝတို့နှစ်ယောက်မှာ ယောကျ်ားဖြစ်သူ အာဒမ်ဟာ မစားကောင်းတဲ့အသီးဖြစ်တဲ့ ပန်းသီးကို စားခဲ့မိပြီး ကျိန်စာသင့်ခဲ့တာကြောင့် အမျိုးသားတွေရဲ့ လည်ပင်းမှာ ဖုထွက်နေတဲ့ လည်စလုတ်ကို Adam's Apple လို့ ခေါ်ကြတယ်တဲ့"

ဒီခေတ်ကလေးတွေများ မလွယ်။ ဖမ်ရဲတို့ ငယ်စဉ်ကနှင့်များ ကွာပ. . .။

ဒီဒီက ဂျွန်ကို ဟိုကိုင်ကြည့် ဒီကိုင်ကြည့်လုပ်နေ၏။ ဂျွန့်ပုံစံက အနေခက်သလို ရှက်ကိုးရှက်ကန်းနှင့်။

လိင်စိတ်သည် ကလေးဘဝအရွယ်ကတည်းက စတင်သည်ဆိုသော အဆိုပြုချက်ကို သတိရမိသည်။ သက်ပြင်းမောကို အသာ



www.burmeseclassic.com

www.burmeseclassic.com



ချကာ အနေခက်စွာဖြင့် ဇမ်ရဲ လှည့်ထွက်သွားတော့၏။

ဇမ်ရဲထွက်သွားပြီး ခဏကြာမှ ဒီဒီက ဂျွန်၏ဦးခေါင်းကို ဖွဖွကလေးပုတ်ကာ မျက်စကလေးပစ်၍ ပြုံးသည်။ ဂျွန်က မျက်နှာလေးရှုံ့ကာ အညိုရောင်ပျော့ပျော့ ဆံပင်လိမ်ကောက်ကောက်လေးတွေနှင့်သူ့ခေါင်းကို လက်နှစ်ဖက်နှင့်ကုတ်ဖွရင်း. . .

"ဒီဒီပြောတာတွေ တစ်ခုမှ နားမလည်ဘူး၊ ခေါင်းကို မူးသွားတာပဲ"

"အန်ကယ်လ်ဇမ်ရောက်လာလို့ ငါ စကားလွှဲလိုက်တာ ဂျွန်ရဲ့၊ နင်နားမလည်တာက အရေးမကြီးပါဘူး၊ ငါတို့ ပြောနေတာတွေ အန်ကယ်လ်ဇမ်ကြားမသွားဖို့ပဲ အရေးကြီးတာပါ"

"ဒါတော့ ဟုတ်တယ်၊ အနော့်အကြံတွေ အထမမြောက်ခင်မှာ ဖေဖေဇမ်ကို မသိစေချင်သေးဘူး"

"ဒါဆို နင်လည်းငါ့လို လက်ထဲမှာ မှန်လေးတစ်ချပ်တော့ အမြဲဆောင်ထားဖို့လိုပြီ ဂျွန်"

"အနော်တို့ကိစ္စ ဆက်ဆွေးနွေးရအောင်လေ"





# အခန်း (၈)

ဇမ်ရဲ စိတ်လှုပ်ရှားနေသည်။

သူ့ရှေ့ရှိ ကောင်မလေးနှစ်ယောက်ကိုကြည့်ရင်း သူ မဖြစ်ပါစေနဲ့. . . ဟု အသံတိတ်ရွတ်ဆိုလျက် ထပ်ကာတလဲလဲ ဆုတောင်းနေမိပါ၏။ "ငါ့ကောင်မလေးနဲ့ မိတ်ဆက်ပေးမယ်"ဆိုပြီး ကျောင်းကန်တင်းသို့ ရှိုင်း သူ့ကို ခေါ်လာသည်။ ဒီရောက်တော့ တွေ့လိုက်ရသူနှစ်ဦးကြောင့် သူ့မျှော်လင့်ချက်အပြောင်းအလဲနှင့်ပါ သက်ဆိုင်နေသည့် ထွက်ပေါ်လာမည့်အဖြေအတွက် စိုးရိမ်ပူပန်နေမိပါသည်။

"သူက ငါ့ချစ်သူလေ"

ရှိုင်း၏နှုတ်ထွက်စကားနှင့် လက်ချရာပခုံးလေးကြောင့် ဇမ်ရဲခန္ဓာတစ်ခုလုံး လေထုထဲ လွင့်စင်တက်မြောက်သွားသကဲ့သို့ မှတ်ထင်ခံစားလိုက်ရလေသည်။ ထိုဖြစ်တည်မှုမှာလည်း ပျော်ရွှင်စွာ နေနိုင်ကျေနပ်သွားခဲ့၏။ သိပ်ကို လိုက်ဖက်တဲ့စုံတွဲပါပဲဟုပင်



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်မှ ဝမ်းသာအဲလဲ ချီးမွမ်းထောပနာစကား ထွက်သွားခဲ့၏။

"ဘယ်လိုလဲ ငရဲ. . . ငါ သိမ်းပိုက်ထားတာ မင်းရဲ့ အိပ်မက်ရွာလေးထင်ပြီး သွေးလေခြောက်ခြားနေတာလား"

ရှိုင်းစကားကြောင့် သူ့မျက်နှာမှာ ရှက်ငွေ့အရှိန်နှင့် နွေးခနဲဖြစ်သွားသလို မြတ်နိုးသူလည်း အနေခက်ဟန်ဖြင့် တစ်ဖက်သို့ မျက်နှာလေး လွှဲသွားလေသည်။

ရှိုင်းက စနောက်ရင်း တစ်ဦးချင်းစီ မိတ်ဆက်ပေး၏။ နဂိုကတည်းက မစိမ်းသူတွေမို့ ဟာသတွေဖောက်ရင်း ရှက်ဝဲဝဲနှင့်ပဲ သိကျွမ်းမှုက ရင်းနှီးနွေးထွေးလာ၏။ ထိုစဉ်က ရှိုင်းစနေနှင့် ဇမ်ရဲက ဒုတိယနှစ်၊ ဖြိုးအိမ်သူက တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်၍ ရွှေနွယ်ရိုးကတော့ ထိုနှစ်မှ စတက်သည့် ပထမနှစ်ကျောင်းသူကလေးဖြစ်သည်ဆိုသော ကွာဟမှုမှအပ သူတို့အားလုံးမှာ ထိုကျောင်းတော်ကြီး၏ အသီးအပွင့်လေးတွေသာ ဖြစ်သည်ပဲလေ။

"အိမ်သူ. . . နင် လျှာကို အစွမ်းကုန်ထုတ်ပြီး 'အာ'လို့ ပီပီသသ အော်ကြည့်စမ်း"

"နင်လည်း မျက်စိမမှိတ်ဘဲ နှာချေပြနိုင်ရင် ငါလည်း နင်ပြောသလို အော်ပြမယ် စနေ"

တကယ်ကို လိုက်ဖက်တဲ့စုံတွဲပါပဲ. . .။ နှစ်ယောက်သားဘုနှင့်ဘောက်. . .။

"နင်လည်း ငါနဲ့ချစ်သူဖြစ်လို့ တော်တော်တိုးတက်လာပြီပဲ





အိမ်သူမရဲ့"

"နင်သာ ငါ့အရှိန်အဝါတွေကြောင့် အရောင်ထွက်လာတာပါ စနေကောင်ရာ။ အမှန်တော့ နင့်ရဲ့ခေါင်းက ကန္တာရဟင်းလင်းပြင်ပါ"

"ကန္တာရတိုင်းမှာ အိုအေစစ်ရှိပါတယ်။ ဒါပေမယ့် ကုလားအုတ်တိုင်းတော့ မမြင်တွေ့နိုင်ကြပါဘူး"

"ဖြစ်ရချည်သေး. . . ဒါဆို နင်နဲ့ငါ ဘယ်သူက ဗဟုသုတပိုကြွယ်ဝသလဲ ပြိုင်ပြောမလား"

"ကြာသလားလို့"

ဇမ်ရဲနှင့်ရွှေနွယ်ရိုးကြားမှာ စကားလုံးတွေရှားပါးနေသလောက် ရှိုင်းစနေနှင့် ဖြိုးအိမ်သူကတော့ နှုတ်ညီစွာ စကားဝိုင်းမှာ စည်ဝေနေပါ၏။ သူတို့နှစ်ယောက် စကားနိုင်လုတာတွေကို တကယ် လိုက်လုပ်ကြည့်ရင်း ဇမ်ရဲမှာ အရှုံးဖြစ်နေသည်။ ဇမ်ရဲ၏ ကိုးရိုးကားယားအခြေအနေကိုကြည့်ကာ ရွှေနွယ်ရိုးမျက်နှာမှာ ရယ်ပန်းတို့ ပွင့်လန်းလာသည်။

"မခုန်နိုင်တဲ့ တိရစ္ဆာန်က ဆင်"

"လိပ်ပြာတွေက ဝတ်ရည်ကို ခြေထောက်နဲ့စုပ်တာတဲ့နော်"

"ခြင်မှာလည်း သွားရှိတယ်"

"ပိုလာဝက်ဝံတွေက ဘယ်သန်တွေနော်. . . ဟင်းဟင်း"

"မိချောင်းတွေက လျှာထုတ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပိုးဟပ်က အသက်ပြင်းတယ်။ ခေါင်းပြတ်သွားတာတောင် နောက်ထပ် (၉)ရက် အသက်ရှင်နိုင်တယ်တဲ့။ ခေါင်းပြတ်သွားတာကြောင့် အစာမစားနိုင်လို့ သေရတာ"

"Star fish တွေမှာ ဦးနှောက်မပါဘူး"

"ဘဲတွေရဲ့အသံက echo မပါဘူး"

ထိုနေ့က တောင်တောင်အီအီစကားတွေပြောရင်း. . .

"ကိုယ့်ရဲ့အိမ်ထောင်ဘက်ဟာ လူပျို အပျိုစစ်မစစ် ထွက်ကြည့်လို့ရတဲ့နည်းရှိတယ်"

"ဘယ်လိုလဲ"

"ကိုယ့်ရဲ့ မြန်မာမွေးသက္ကရာဇ်ကိုတည်ပြီး (၄)နဲ့မြှောက်၊ ပြီးရင် (၇)နဲ့စား။ အဖြေက (၁)ဒါမှမဟုတ် (၆)ကြွင်းရင် အပျိုကညာ။ (၂)နဲ့ (၅)ကြွင်းရင်တော့ တစ်လင်ကွာ နှစ်လင်ကွာ။ (၃)နဲ့ (၄)ကြွင်းရင်တော့ အမျိုးကောင်းသားသမီး။ (၀)ကြွင်းရင်တော့ ကိုယ့်ထက်ကြီးလိမ့်မယ်တဲ့"

ရှိုင်းပြော၍ သူတို့အားလုံး တွက်ကြည့်ကြသည်။

မွေးသက္ကရာဇ်မတူညီသော သူတို့အားလုံး၏ ရလဒ်အဖြေမှာ တူညီစွာ တစ်ခုတည်းသာ. . .။

ဒါဟာ. . . နိမိတ်လား. . .





## အခန်း (၉)

"အိမ်ထောင်ပြုမယ်ဆိုရင် ဘယ်အချက်တွေကို အဓိကထား စဉ်းစားသင့်တယ်ထင်သလဲဟင်"

"Ideal Marriage"ဆိုတဲ့ စံပြလောက်တဲ့ အိမ်ထောင်ရေးမျိုး ရချင်ရင် စံငါးခုနဲ့ ကိုက်ရွေးရမယ်တဲ့။

1. loving each other

တစ်ယောက်နဲ့တစ်ယောက် ချစ်မြတ်နိုးခြင်း၊ အပြန်အလှန် လေးစားနားလည်မှုပေးခြင်းတို့ ရှိမှသာ ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်ရေးမျိုး ရနိုင်မယ်တဲ့။

2. mature brain

ကိုယ့်အိမ်ထောင်ဘက်က အတွေးအခေါ် ရင့်ကျက်တဲ့သူမျိုး ဖြစ်မှ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ကူညီမှုတွေ ပေးနိုင်မှာ။ စိတ်ဓာတ် မရင့်ကျက်တဲ့သူတစ်ယောက်ဟာ ဘာကိုမဆို အလေးအနက် မတွေးတတ်၊ ပြဿနာတွေကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မှန်ကန်တဲ့နည်းလမ်းနဲ့ မဖြေရှင်းတတ်တဲ့အပြင် အရာရာမှာလိုက်ပြီး သဝန်တိုစွပ်စွဲချက်တွေနဲ့ စိတ်အနှောင့်အယှက် ဖြစ်စေမှာမို့ ကိုယ့်ဘဝအတွက် လက်တွဲဖော်မရဘဲ trouble maker သာ ဖြစ်နေမှာသေချာတယ်။ ဒါကြောင့် လက်တွဲဖော်ရှာတော့မယ်ဆိုရင် သူဟာ စိတ်ဓာတ်ရင့်ကျက်တဲ့သူ ဟုတ်ရဲ့လားဆိုတာ အလေးအနက်ထား အချိန်ယူစဉ်းစားသင့်တယ်။ ချစ်သူဘဝမှာတော့ သဝန်တိုတာလေးကပဲ ချစ်စရာ၊ အိမ်ထောင်လည်းကျရော သဘောထားသေးသိမ်တယ်ဆိုတဲ့ ခေါင်းစဉ်အောက် အလိုလိုရောက်သွားတတ်တာကြောင့် ကိုယ့်ကိုယ်ကိုယ်လည်း မညာမိစေဖို့ သတိထားရင်း အမှန်အတိုင်း ချစ်သူကို လေ့လာကြည့်ဖို့ လိုလိမ့်မယ်။

3. proper income

သင့်တင့်လျောက်ပတ်တဲ့ဝင်ငွေ မရှိဘဲနဲ့ အိမ်ထောင်ပြုဖို့ မစဉ်းစားသင့်ဘူး။ တူနှစ်ကိုယ် တဲအိုပျက်မှာနေရနေရ၊ ထမင်းရည်ပဲ လျက်ရလျက်ရဆိုတာတွေက တကယ်တော့ လက်တွေ့ကျကျ ဘဝကို စဉ်းစားဆုံးဖြတ်မယ့်သူတွေအတွက်တော့ ရယ်စရာဟာသတစ်ခုပါဘဲ။ စကားပုံတစ်ခုအရ ဆိုရင်တော့ မီးဖိုချောင်မှာ ပေါင်မုန့်မရှိတဲ့အခါ အချစ်ဟာ ပြတင်းပေါက်က ထွက်ပြေးမှာပါတဲ့။ ဒါကြောင့် ကိုယ့်





အဆင့်အတန်း ကိုယ့်အခြေအနေနဲ့ လိုက်ဖက်တဲ့ ဝင်ငွေမျိုး ချစ်သူက ရှာပေးနိုင်ရဲ့လားဆိုတာလည်း စဉ်းစားစရာပါပဲ။

4. good health

ပိုက်ဆံလည်းချမ်းသာပါရဲ့ ပညာတွေလည်းတတ်ပါရဲ့ သိပ်လည်းချစ်ကြပါရဲ့။ ဒါပေမယ့် ချစ်သူက ရှုနာရှိုက်ကုန်းလေးဆို ဘယ်ဖြစ်မလဲ။ ဒါကြောင့် ရောဂါသည်လေးမရွေးမိအောင်လည်း သတိထားရမှာပေါ့။

5. acceptable both sides

လူကြီးမိဘတွေက အမြဲတမ်းမှန်နေတာ မဟုတ်ပေမယ့် ကိုယ့်ထက်ပိုပြီး အတွေ့အကြုံ ရင့်ကျက်တာတော့ ငြင်းလို့မရပါဘူး။ တကယ်လို့ လူကြီးတွေက လက်မခံနိုင်ဘူးဆိုရင် ဇွတ်ရှေ့မတိုးဘဲ ဘာကြောင့် သဘောမတူနိုင်သလဲဆိုတာ ခေါင်းအေးအေးနဲ့ စဉ်းစားဖို့ လိုပါလိမ့်မယ်။ နှစ်ဖက်မိဘ သဘောကျတယ်ဆိုရင်တော့ OK ပေါ့။

No one is perfect တဲ့။ ideal marriage ရဖို့အတွက် အချက်အားလုံးနဲ့ ကိုက်ညီရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် အားလုံးပြည့်စုံဖို့ဆိုတာကလည်း သိပ်မလွယ်ကူလှပါဘူး"

ငြိမ်နေသော ရွှေနှုယ်ရိုးကိုကြည့်ကာ ဖြူခိုင်ကျော်က. . .

"ဘယ်လိုလဲ. . . မေးခွန်းတွေထုတ်နေတာ ကိုယ့်လူက အိမ်ထောင်ပြုဖို့ စဉ်းစားနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ရိုးက မဖြေသေးဘဲ ပြုံး၍သာနေသည်။ ထိုစဉ်မှာပဲ ရင်ဘတ်ကလေး တဖိဖိဖြင့် ဆေးရုံဝင်းထဲ လျှောက်ဝင်လာသူတစ်ယောက်ကို နှစ်ယောက်လုံး တွေ့မြင်လိုက်ရ၏။

"ဟော ဟိုမှာ ရင်ဘတ်သမား ကိုယ်တော်ချော ပေါ်တော်မူလာပြန်ပါပကောလား"

ထိုသူက မျက်လုံးတစ်ချက် ဝေ့ဝဲကြည့်ပြီးနောက် နွယ်ရိုးတို့ရှိရာ သိမ်မွေ့စွာ လျှောက်လာပြီး အနီးရောက်တော့ ကွမ်းတစ်ယာ ထုတ်ဝါးသည်။ ပြီးတော့မှ လက်မှာ ကိုင်လာသော သတင်းစာဖြတ်ပိုင်းတစ်ခုကို နွယ်ရိုးအား ယဉ်ကျေးစွာ ကမ်းပေးလေသည်။

"ဘာလဲ ကိုငြိမ်းသစ်အိမ်"

"ဖတ် ဖတ်ကြည့်လိုက်ပါ"

နွယ်ရိုးဖတ်ကြည့်လိုက်ပါ၏။

မရွှေနွယ်ရိုး
အဖ-ဦးသိုးဆောင်း(ခ)ဦးသောင်းစိုး
အရေးကြီးသည်။ အမြန်ဆက်သွယ်ပါ။
ဖုန်း-၀၉ ၄၄၈၀ ၁၆၀ ၂၁





## အခန်း (၁၀)

"နွားမမှာ ၄ ခုရှိတယ်။ အန်တီဒေစီမှာကျ ၂ခုတည်း ရှိတယ်။ အဲဒါ ဘာလဲ"

"အဲ အဲ အိုကွယ်"

ဂျွန်၏မေးခွန်းကြောင့် ဒေစီကျော်ဝင်း ဆန့်တငင်ငင် ရုက်သွေးဖြာသွားလေသည်။ မလှမ်းမကမ်းတွင်ရှိသော ဇမ်ရဲကို မျက်လွှာကလေးပင့်၍ စောင်းစောင်းစွေစွေကြည့်ကာ. . .

"မ မသိပါဘူးကွယ်"

ဂျွန်က နှာခေါင်းလေးရှုံ့ပြီး. . .

"ခြေထောက်ကို ပြောတာ"

ထိုအခါမှ ဒေစီကျော်ဝင်း ဟင်းခနဲ လေပူမှုတ်ထုတ်ပြီး ညင်သာစွာ သက်မချသည်။ ဂျွန်က ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ကာ . . .

"အနော့်ဘောင်းဘီအိတ်ထဲမှာ ၂လုံးရှိတယ်။ အန်တီဒေစီ့မှာ တစ်လုံးမှမရှိဘူး။ အဲဒါကကော ဘာလဲ"

"သ သကြားလုံးများလား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်။ ရော့. . . စား။ ဆုချတာ"

ဂျွန်က သူ့ဘောင်းဘီအိတ်ထဲမှ အခွံနွှာပြီးသား သကြားလုံး တစ်လုံးထုတ်၍ ပေးလေရာ ဒေစီကျော်ဝင်းမှာ တပြွတ်ပြွတ်နှင့် ငုံစုပ်၍ မြို့ကာမြို့ကာနေသည်။

"ကောင်းလား"

"ကောင်းပါ့ကွယ်။ အရာသာရှိလိုက်တာ။ ပြွတ် ပြွတ်စ်"

"အဲဒါကို ဘော်ဘီက ခွံ့ကျွေးတာတောင် မစားဘဲ ဘာလို့ ထွေးထုတ်ပစ်လဲ မသိဘူးနော်"

"ဘယ်က ဘော်ဘီလဲကွဲ့"

"ဒီဒီတို့အိမ်က ခွေးကလေးလေ။ ကျွေးတာမစားဘဲ ထွေး ထုတ်ပစ်လို့ နှမြောတာနဲ့ ပြန်ကောက်လာခဲ့တာ"

"ဟင် အုန်း"

ဒေစီကျော်ဝင်း ဘေစင်ဆီပြေးသွားကာ တအုအုနှင့် အန် ပါတော့သည်။ အထပ်ထပ်အခါခါလည်း ပလုပ်ကျင်းနေချေ၏။

ရီပို့ကတ်(Report Card)ကို စစ်ဆေးနေရာမှ ဇမ်ရဲ ငဲ့ကြည့် ပြီး. . .

"သား ဂျွန်. . . လူကြီးကို အဲ့လိုမနောက်ရဘူးလေ"

"အနော် ဘာနောက်လို့လဲ ဖေဖေဇမ်ရဲ့။ အန်တီဒေစီ အဖြေ မှန်လို့ ဆုချတာပဲဟာကို"

ဂျွန်က သူ့ ဘာအပြစ်မှ မကျူးလွန်သလို မင်သေသည်။





ဒေစီကျော်ဝင်းက ကရုဏာအင်အားကြီးထွားဟန်ဖြင့်. . .

"ကလေးကို မဆူပါနဲ့ ရဲရယ်။ သူလည်း ပျင်းရှာမှာပေါ့"

"ဒေစီ့ကို အားနာလို့ ပြောတာပါ"

"အားနာစရာလားကွယ်။ ဉကိုမင်မှတော့ သားကိုလည်း ခင် ရမှာပေါ့။ အဟင်းဟင်း"

ရယ်သံကိုက အူယားစရာ. . .။ လမ်းလျှောက်တိုင်း အိပဲ့ အိပဲ့ လှုပ်ခါနေသော ထိုမိန်းမကြီး၏တင်ပါးဖောင်းဖောင်းတွေကို ဂျွန် အပ်နှင့် ဆောင့်ထိုးပစ်ချင်နေမိသည်။

ဇမ်ရဲက ရီပို့ကတ်တွင် အုပ်ထိန်းသူနေရာ၌ လက်မှတ်ရေး ထိုးပြီး စိတ်မသက်မသာဟန်ဖြင့်. . .

"ဂျွန် ဒီလစာမေးပွဲ နှစ်ဘာသာတောင်ကျပါလား"

"နှစ်ဘာသာပဲကျတာ ကံကောင်းတာ ဖေဖေဇမ်။ ကိုယ် မသိတာတွေနဲ့ ကိုယ်မမွေးခင်ကဟာတွေချည်း မေးတာကိုး"

ဒီကလေးနှင့်တော့ ခက်ချေပြီဟု ယူဆကာ ဇမ်ရဲ ဆုံးမသြ ဝါဒစကားတွေ ပြောဆိုနေလိုက်၏။ အဲ့သလိုပြောတော့လည်း ခေါင်းကလေးငုံ့ကာ ငြိမ်သက်စွာ နားထောင်ပါသည်။ စိတ်ထဲတော့ မကောင်း။ ရှိုင်းပုံရိပ်တွေ အာရုံထဲ တရေးရေး ပြန်မြင်လာသည်။ မတ်လ၏ ပြဿဒါးနေ့ရက်တစ်ခုကိုလည်း သတိရ၏။

ထိုနေ့က သူ့ကို နှုတ်မဆက်ဘဲ သူမ ထွက်ခွာသွားခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောမလူမျိုးတို့၏ ပြက္ခဒိန်ရက်စွဲသတ်မှတ်မှုတွင် ကံမကောင်းသော မတ်လရက်များမှာ ၁၃ရက်နှင့် ၁၅ရက်နေ့များဖြစ်သည်။ ဂျူးလိယက်ဆီဇာကို ဗေဒင်ဆရာများက "မတ်လ၏ ပြဿဒါးနေ့များကို သတိထားပါ"ဟု သတိပေးခဲ့၏။ ရောမအုပ်ချုပ်ရေးအဖွဲ့ ဆီးနိတ်အစည်းအဝေးများ ကျင်းပသည့် ခရစ်မပေါ်မီ ၄၄ခုႇ မတ်လ ၁၅ရက်တွင် ဂျူးလိယက်ဆီဇာသည် ဓားဖြင့်ထိုး၍ လုပ်ကြံခံရသောကြောင့် သေဆုံးခဲ့ရသည်။

ဂျူးလိယက်ဆီဇာအကြောင်း ပြောဖြစ်သော ဖေဖော်ဝါရီလ၏ ပြဿဒါးနေ့စွဲတစ်ခုကိုလည်း သတိရပြန်သည်။

ထိုစဉ်အခိုက်မှာပင်. . .

"ဂျွန်ရေ. . . ဂျွန်. . ."

တစ်ဖက်အိမ်မှ ဒီဒီ အမောတကော ပြေးလာသည်။ အိမ်ပေါက်ဝရောက်တော့ ဟိုဒီကြည့်ပြီး အိမ်ထဲမဝင်ဘဲ ဂျွန်ကို လက်ယပ်ခေါ်၏။

"ဘာလဲ ဒီဒီ"

ဂျွန် အိမ်ရှေ့ ထွက်သွားလိုက်သည်။

"ဒီမှာ ဒီမှာ. . . ဆက်သွယ်ပြီဟ"

ဒီဒီက သူမလက်ထဲရှိ လက်ကိုင်ဖုန်းကလေးကို ထောင်ပြပြီး ဝမ်းသာအယ်လဲ အမူအရာဖြင့် ပြောပါသည်။





# အခန်း (၁၁)

ချက်ကြိုးကိုဖြတ်ပြီးသည်နှင့် ကလေးငယ်၏ ခြေဖဝါးကလေးနှစ်ဖက်ကိုထောင်၍ တင်ပါးကလေးကို လက်ဖဝါးနှင့် ခပ်ဆတ်ဆတ်ရိုက်ချလိုက်သည်။

'အဲ့'ခနဲမြည်သံကလေးမှအစပြု၍ ကလေးငယ်၏ စူးရှသောငိုသံလေး စီစီဝေဝေထွက်ပေါ်လာမှ သူနာပြုအကူထံ လက်လွှဲပြောင်းလိုက်သည်။ သူနာပြုအကူက အနီးစိုကို လဲလှယ်ပြီး ကလေးငယ်ကို သုတ်သင်ပေးနေချိန်မှာ သူက ပွင့်အာနေသော ခွဲကြောင်းကိုချုပ်လိုက်၏။ တစ်ချက်တစ်ချက် ခေါင်းထဲမှာ မိုက်ခနဲ မိုက်ခနဲဖြစ်သွားသည်။ အိပ်ချိန်စားချိန် မမှန်တာလည်း ကြာပြီပဲ။ ပကတိအရှိတရားနှင့် ကင်းလွတ်ချင်နေသော စိတ်တွေကို ကြိုးစား၍ထိန်းချုပ်ထားရ၏။

အောင်မြင်စွာ လက်အိတ်ချွတ်အပြီး ခွဲခန်းထဲမှ ထွက်လာတော့ သူ့စိတ်တွေ တစ်ခါက ဆေးတက္ကသိုလ် **Final part-1** တွင်



www.burmeseclassic.com

www.burmeseclassic.com



လူတွေ့စစ်ဆေးပွဲ ပြုလုပ်နေသည်ကို ရောက်ရှိသွားပါ၏။

"ကိုယ်ဝန်ရှိခြင်း၏လက္ခဏာများ"ကို ဖော်ပြရန် ပါမောက္ခက သူ့ကို မေးသည်။ သူ ဆွံ့အနေမိ၏။ ထိုစဉ် ဘေးနားမှ ရှိုင်းက အသာလက်ကုတ်၍ "ဆံပင်ကျွတ်တယ်၊ ခြေထောက်ခွင်တယ်၊ ဗိုက်ပူတယ်"ဟု ဆရာမကြားအောင် သူ့ကိုထောက်ပေးလေရာ သူက သတိလက်လွတ် ယုံကြည်မိပြီး ထိုအတိုင်းဖြေလိုက်သည်။

ပါမောက္ခ မျက်မှောင်ကြီးတွန့်လျက် သူ့ကိုစိုက်ကြည့်ကာ. .

"ဒါပဲလား"

"ဟုတ်ကဲ့. . . အဲ့ဒါပါပဲဆရာ"

"ရွဲ့တာလား"

"မရွဲ့ပါဘူးဆရာ"

"ဒါဆို တည့်တည့်ပြောတာပေါ့လေ"

"ဗျာ"

သူ ဘာဆက်ပြောရမှန်း မသိတော့. . .။ ပါမောက္ခက ခေါင်းကိုပုတ်ပြပြီး. . .

"ငါ့ဆံပင်ကို ကြည့်စမ်း၊ ကျွတ်နေတာ မတွေ့ဘူးလား"

"တွေ့ပါတယ်"

တောင်ကတုံးသဖွယ် ပြောင်သလင်းခါသလောက်ပင် ဖြစ်နေပါပြီ။ ပါမောက္ခက ခြေထောက်နှစ်ဖက်ကို အသာလှုပ်ပြပြီး. . .

"ခြေထောက်ကကော ခွင်မနေဘူးလား"





"ဟို. . . နည်းနည်းတော့ ခွင် ခွင်နေသလိုပါပဲ"

ဖြေရတာလည်း သူ အားနာနေသည်။ ပါမောက္ခက ဆူဖြိုးသော၀မ်းဗိုက်ကို ပုတ်ပြပြန်သည်။

"ဗိုက်ကကော မပူဘူးလားကွ"

"ပူ ပူပါတယ်"

"အေး. . . အဲဒီဗိုက်က ကလေးမွေးတဲ့အခါ မင်း စာမေးပွဲအောင်ပြီလို့သာ မှတ်လိုက်တော့ဟေ့"

ထိုလူတွေ့စစ်မေးပွဲပြီးတော့ ရှိုင်းကို သူ ပျစ်ပျစ်နှစ်နှစ် ဆဲရေးမိပါသည်။ သူတစ်ပါးအားနည်းချက်ကို သရော်လှောင်ပြောင်မိသလို ဖြစ်သွားရသည့်အတွက်လည်း ပါမောက္ခကို အလွန်ပဲ မျက်နှာပူကာ ရှက်ရွံ့အားနာနေမိပါ၏။

"ငါက မင်းကို အဖြေပြောပြတာမှ မဟုတ်တာ။ ပါမောက္ခရဲ့ ပုံစံကိုပြောပြတာ"

အဲသည်စကားတစ်ခွန်းနှင့်ပဲ ကိုယ့်ကိုယ်ကိုသာ 'အမှတ်မရှိဦးဟ အမှတ်မရှိဦးဟ' ဆိုပြီး အပြစ်ပုံချလိုက်ရပါတော့သည်။ ထိုအကြောင်းသိတော့ အိမ်သူက ဟားဟိဟားဟိနှင့်ရယ်ကာ 'ငပိန်းလေး'ဟု အစချီ၍ ရှိုင်းစကား ယုံမှတ်သည့်သူ့ကို ညံ့ဖျင်းကြောင်းပြောရင်း ရှိုင်းကိုလည်း အပြစ်တင်သည်။ သူ၏ မြတ်နိုးလှစွာသော နွယ်ရိုးလေးကတော့ သူစာမေးပွဲကျမှာကိုသာ စိုးရိမ်ပူပန်နေသည့် မျက်နှာထားလေးနှင့် သတိပေးစကားတွေ အထပ်ထပ်ဆိုရင်း



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကိုပင် သူမကိုယ်တိုင်ကိုယ်ကျ သွားရောက်တောင်းပန်လိုက်သေး၏။

"သမီးသူငယ်ချင်းက ဆရာ့မှာ ကိုယ်ဝန်ရှိနေတယ်လို့ ပြောချင်တာ မဟုတ်ပါဘူး ဆရာရယ်။ သူ တကယ် စာမရလို့ မှားပြောမိတာပါ။ စိတ်မဆိုးပါနဲ့နော်။ ဆရာကလည်း သူ ပြောသလို ဆံပင်တွေကျွတ်ပြီး ထိပ်ကြီးပြောင်နေတာ၊ ခြေထောက်နှစ်ဖက်စလုံး ခွင်နေတာ၊ ဗိုက်ကြီးပူနေတာနဲ့ တိုက်ဆိုင်သွားတာပါ"

သူမ သွားရောက်တောင်းပန်မှုပင် အခြေအနေပိုမိုဆိုးဝါးသွားကာ ပါမောက္ခကိုနောက်ပြောင်မှုဖြင့် နှစ်ဦးသား ခံဝန်ကတိလက်မှတ် ရေးထိုးလိုက်ရလေ၏။ ထိုပါမောက္ခ၏အမည်မှာ မြေမှုန်လွင် ဖြစ်ပါသည်။

ထိုသို့ အသွင်တူစွာ တစ်ခါတစ်ရံ အူအ,ပါလေသော ကျွန်တော်နှင့်ချစ်သူ. . .။

ပါမောက္ခရုံးခန်းထဲမှ ထွက်လာတော့ အိမ်သူက သူ့ကို မျက်စောင်းထိုး၍ နွယ်ရိုးကို ထိပ်ခေါက်သည်။ ရှိုင်းကတော့ တဟဲဟဲပါပဲ. . .။

ပတ်သက်မှုသက်တမ်းတလျှောက် ရှိုင်း၏ချောက်ချမှုတွေ သူခံရတာ မနည်းပါ။ ခဏတာ စိတ်ဆိုးသလိုဖြစ်မိတာတွေ ရှိပေမယ့် ရှိုင်းအပေါ် သူ၏ခင်တွယ်မှုက ပျောက်ပျက်မသွားခဲ့။ ရှိုင်း





နှင့်ပတ်သက်ဆက်ဆံရတာ ရင်ခုန်ဖွယ်အသစ်များနှင့် စိတ်လှုပ်ရှားပျော်ရွှင်စရာကောင်းသည်ဟု ခံစားရသည်။ ရှိုင်းနှင့် အပေါင်းအသင်းဖြစ်မှ လူငယ်ဘဝ၏အရသာကို သူ ထိရောက်စွာ ခံစားခဲ့ရတာဖြစ်၏။ ရှိုင်းသည် သူ၏ပျော်တော်ဆက် တိတ်တခိုးဟီးရိုးဖြစ်လေသည်။ ထို့ကြောင့်ပဲ ရှိုင်း၏ရဲရင့်မှုအကျိုးဆက်တွေကို သူတာဝန်ယူရဲခဲ့တာလည်း ဖြစ်နိုင်ပါသည်။

ထိုညနေခင်း လူစုခွဲအပြီး ကျောင်းမှအပြန်တွင် ရှိုင်းက ဆေးဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ဇမ်ရဲလည်း ဘုမသိဘမသိ လိုက်ပါသွားခဲ့မိ၏။

ကောင်တာမှာ ထိုင်နေတာက လှတပတကောင်မလေးတစ်ယောက် ဖြစ်သည်။ ရှိုင်းက အိုးတိုးအမ်းတမ်းအမူအရာနှင့် ဟိုဒီကြည့်ပြီး. . .

"ကာကွယ်ရေးပစ္စည်းလေး လိုချင်လို့ပါ"

ကောင်တာမှကောင်မလေး ခဏမျှ ငေါင်သွားပြီးမှ ရှိုင်းကို စူးစူးဝါးဝါးကြည့်ကာ. . .

"ဒါ ကာကွယ်ရေးဝန်ကြီးဌာန မဟုတ်ဘူးရှင့်။ ဆေးဆိုင်"

အပြောကပြတ်သလို အကြည့်တွေကလည်း လေဖြတ်သွားစေလောက်သည်။

"ဒီလိုပါမိန်းကလေး. . . ကိုယ် ဆိုလိုချင်တာက. . ."

"ဝယ်ချင်တာရှိ နောက်မှလာခဲ့။ ကျွန်မ ဆိုင်ရှင်မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်အပြင်သွားလို့ ခဏစောင့်ပေးနေတာ”

“ဪ. . . ဟုတ် ဟုတ်ကဲ့။ ဒါနဲ့ နာမည်လေးက ဘယ်လို ခေါ်လဲဟင်”

“မပြောဘူး”

“ငှက်ပျောဖူးတဲ့လား. . .။ မှတ်ထားမယ်နော်။ အခုတော့ သွားလိုက်ပါဦးမယ်။ ကြာကြာနေရင် အစေးလောင်မှာစိုးလို့ပါ”

ထိုစဉ်က ကောင်မလေးချောချောလှလှလေးမြင်လို့ လမ်းကြုံဝင်နောက်တာလောက်ဟုသာ သူ မှတ်ထင်ခဲ့၏။ “မင်းက တော်တော် အစအနောက်သန်တဲ့ကောင်”ဟုပင် သူ ပြောလိုက်မိပါသေးသည်။

Love ဆိုသော အချစ်၏အဓိပ္ပာယ်တွေထဲမှာ လိင်ဆန္ဒပါတာ ဖတ်ဖူးသည်။

ဆေးရုံစကြံလမ်းအတိုင်း လျှောက်အလာ. . .

“မင်္ဂလာပါ ဆရာ”

“ဒေါက်တာ ကံကောင်းပါစေ”

“အလိုက်ဖက်ဆုံးဇနီးကို အမြန်ဆုံးတွေ့ရှိဖို့ ဆုတောင်းပေးပါတယ်ရှင်”

ဖြတ်သွားဖြတ်လာ ဆေးရုံဝန်ထမ်းတချို့၏ နှုတ်ခွန်းဆက်စကားတွေကြောင့် ဇမ်ရဲအတွေးစတို့ ပြတ်တောက်သွားရသည်။





ဒီနေ့ ငါ့ကိုနှုတ်ဆက်သူတွေ များလှချည်လား. . .။ နှုတ်ဆက်မှုနှင့် အမူအရာ စကားအသွားအလာတွေကလည်း တစ်မျိုးဖြစ်နေသလို ခံစားရ၏။

ခြေထောက်တို့ရွေ့လျားမှုဖြင့် နားနေဆောင်ထဲ အရောက်မှာပင်. . .

“ဆရာတော့ အရေးပေါ် အိမ်ထောင်ဖက်လိုနေပြီထင်တယ်”

“ဗျာ”

နှုတ်နည်းသော ကချင်တိုင်းရင်းသူ သူနာပြုဆရာမလေး ကပါ အပြုံးလှဲ့လှဲ့နှင့် စကားဆိုလာတော့ ဇမ်ရဲ အံ့အားသင့်သွားသည်။ သိသိသာသာ ပြောင်းလဲလာမှုအခြေအနေကို နားမလည်နိုင်ဖြစ်နေရာ သူမေးခွန်းထုတ်တော့ သူနာပြုဆရာမလေးက သူမ၏ လက်ကိုင်ဖုန်းကိုယူလာပြီး ပြသည်။ စကရင် စာမျက်နှာမှာ ကြော်ငြာတစ်ခုကို တွေ့မြင်လိုက်ရ၏။

ထိုကြော်ငြာကို တွေ့မြင်ဖတ်ရှုပြီးသည့်အခါတွင်. . .

ဇမ်ရဲ ဆေးရုံမှာ မနေရဲလောက်အောင် ဖြစ်သွားသည်။ ဒီသတင်းက ဘယ်လောက်တောင် ပျံ့နှံ့နေပြီလဲ. . .။ ဒါ သူလုပ်တာမဟုတ်ဘူးပြောတော့လည်း ‘ဟုတ်ကဲ့’ဟု ခေါင်းညိတ်ပေမယ့် သူနာပြုဆရာမလေးအမူအရာက ယုံကြည်ပုံမရ။ အငွေ့ပျံ ကွယ်ပျောက်သွားချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာသည်။

ညနေခင်း ဆေးရုံမှအပြန် ဒီဒီတို့အိမ်မှ ဂျွန်ကိုသွားခေါ် ချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်၍ ထိုကြော်ငြာအကြောင်း မေးသည်။ သူလုပ်တာ မဟုတ်ကြောင်း ဖြေရှင်းရပြန်သည်။ ဇမ်ရဲ့ စိတ်အိုက်မွန်းကြပ်လာ၏။ ရှက်လည်းရှက်သည်။ ငါ တော်တော်သတင်းကြီးနေပြီလားဟုလည်း တွေးဖြစ်၏။

စိတ်ညစ်ညစ်နှင့် ရင်းနှီးသော ဒီဒီ၏မိဘနှစ်ပါးကိုပင် ရင်ဖွင့်ဖြစ်သေးသည်။

လက်တော့ပ်လေး ရှေ့ချ၍ထိုင်နေသော ဒီဒီနှင့်ဂျွန်ကတော့ သူတို့လူကြီးတွေပြောနေတာ စိတ်ဝင်စားပုံမပြဘဲ မလှမ်းမကမ်းမှာ သာ မှန်ဝိုင်းလေးတွေတကိုင်ကိုင်နှင့် သူတို့ဘာသာ အေးဆေး စကားကောင်းနေကြလေသည်။

"နင် ရေကူးတတ်လား ဂျွန်"

"မသိဘူး"

"ဘာမသိတာလဲ"

"တစ်ခါမှ ရေထဲ မဆင်းဖူးလို့"

ဇမ်ရဲ့ အိမ်ပြန်ရန်ခေါ်တော့မှ ဒီဒီက ဂျွန်ကို တိုးတိုးလေး ကပ်ပြောသည်။

"နောက်တစ်ဆင့်အတွက် လိုအပ်တာတွေ အသင့်ပြင်ထားနော်"

တဲ့. . .။





## အခန်း (၁၂)

"နွယ် နွယ်ရီး. . . ဒီစာလေးကို ဖတ်ကြည့်ပေးပါ"

အရှိန်ပြင်းနေသော ရင်ခုန်သံတွေ မညီညာမှုကြောင့် သူ့နှုတ်မှစကားလုံးတွေ အထစ်ထစ်အငေါ့ငေါ့ ခုန်ထွက်ပြုတ်ကျသွားခဲ့ရ၏။ သူ တရိုတသေ ကမ်းပေးသော စာအိတ်လှလှလေးကို သူမက ရှက်အမ်းနေသော အမူအရာဖြင့် ယုယစွာ ဖောက်ဖတ်ပါသည်။

ထိုတစ်ခဏမှာ လေတဝှီးဝှီး တိုးတိုက်နေသော ချောက်ကမ်းပါးအစွန်းအစပ်မှာ အခြေမခိုင်ပဲ ရပ်နေရသူသဖွယ် အသည်းတအေးအေး ရင်တလှပ်လှပ်နှင့် ခံစားနေရပါသည်။

ပတ်ဝန်းကျင်၏ စနောက်မှု၊ သူ၏ မူမမှန်မှုတို့ကြောင့် ဒီစာဟာ ဘာစာလဲဆိုတာ ဖွင့်ဖောက်မဖတ်ခင်ကတည်းက သူမ ရိပ်စားမိလိမ့်မည်ထင်ပါသည်။ နှစ်ကိုယ်တူ ပတ်သက်မှုအချိန်တွေလည်း ကြာမြင့်ပြီပဲ။ သူ တစ်ညလုံး အအိပ်ပျက်အပင်ပန်းခံကာ စဉ်းစားတွေးတော၍ ကြိုးစားရေးသားထားတာလေးတွေကို သူမ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ပေးမလဲ၊ ဘယ်လို တုန့်ပြန်လေမလဲဆိုတာ သိချင်စိတ်တွေ ပြင်းပြနေပါပြီ။ သွေးခုန်နှုန်းတွေ တဒိတ်ဒိတ် တိုးလာ၏။ သူမကော ရင်ခုန်သံတွေ သာမန်ထက် လျှင်မြန်နေပြီလား. . . ။

ခစ်ခနဲ ရယ်သံဖွဖွလေး သူမထံမှ ထွက်ပေါ်လာသည်။ မအီမလည်တော့ ဖြစ်သွား၏။ ငါ့အချစ်ဟာ သူ့အတွက် ပြက်ရယ်ပြုစရာများ ဖြစ်နေလေရော့သလား. . . ။

"နင်လည်း ရှိုင်းနဲ့ပေါင်းပြီး သူ့အကျင့်တွေ ကူးနေပြီပေါ့လေ။ နင် အဲ့လို ပြောင်ချော်ချော်တွေလုပ်ချင်ရင် တခြားလူကို သွားပြ။ ငါကတော့ စိတ်မဝင်စားဘူး"

မထင်မှတ်သော တုံ့ပြန်မှု. . . ။ ချစ်သူနှုတ်ဖျားမှ ထွက်ကျလာသည့် မျှော်လင့်မထားသော ဝေါဟာရ. . . ။

"ငါ စ,နေတာမဟုတ်ပါဘူး နွယ်ရိုး။ အဲဒါ ငါတကယ် ခံစားနေရတာတွေ ရေးထားတာပါဟာ"

"အဲဒါဆိုလည်း ကူညီနိုင်မယ့်လူကိုသာရှာပြီး သွားပြလိုက်ပါ။ ငါကတော့ နင့်ရောဂါကို ကုသပေးနိုင်မယ့် ဆရာဝန်မဟုတ်တာ သေချာတယ်"

ရင်မှာ ကျဉ်ခနဲ. . . ။ သူ ဘာပြန်ပြောရမှန်းပင်မသိဘဲ ဖြစ်သွားခဲ့ရ၏။ စကားလုံးတွေ ကွယ်ပျောက်သွားလောက်အောင် ဝေဒနာတွေက ဆို့ဆို့နင့်နင့် စီးပိုးလာကြ၏။

သူမက ဖွင့်ဖောက်ပြီးသား စာအိတ်နှင့်စာရွက်ကလေး သူ့





ရှေ့ပြန်ချပေးသည်။ ပြီးတော့ ဆိတ်ငြိမ်စွာပဲ အဝေးကို ငေးသည်။ မျက်တောင်ကလေးတွေကိုလည်း ပုတ်ခတ်ပုတ်ခတ်လုပ်သည်။ အစဉ်အမြဲ ဆိတ်ငြိမ်နေကျ သူမ၏ ယခုအခါ ဆိတ်ငြိမ်မှုမှာ အစွန်းအထင်းတွေ တည်မြဲကပ်ငြိနေသလိုပါပဲ။ ခဏကြာတော့ ထိုင်နေရာမှ သူမ ထထွက်သွားပါသည်။

ထိုအခါမှ ဝမ်းနည်းတုန်ယင်စွာဖြင့် စာရွက်ကလေးကို သူ ကောက်ယူကြည့်မိပါ၏။

"ကာရံညီအောင် ကွက်လပ်ဖြည့်ပါ"

တိမ်ခရောင်ရဲ့ လေလည်ချိန်
အကြင်နာတွေကို မစင်လို စွန့်ပစ်နေခဲ့တယ်
ရင်ခွင်ရာသီဟာ အနန္တထောင်းထောင်းထနေတဲ့
မိလ္လာတွင်းပျက်တစ်ခုပေါ့
နဂိုမှာတဲ့ အသည်းလည်း စက္ကူနာလို ရွှဲပုပ်ပွခဲ့ပြီ
မင်းနဲ့ပတ်သက်တဲ့ အသစ်အဟောင်းများစွာ
လောက်ကောင်တွေသမွယ်
ငါ့ကိုယ်ပေါ် မသန့်မပြ တွယ်တက်ခဲ့ပေါ့
ခုတော့ သွန်မြနေတဲ့ ဓားတစ်လက်ရဲ့ ထိပ်ဖျားမှာ
ငါ့ရဲ့ စိတ်တွေ နားနေတယ်
တောင်ပံတစ်စုံနဲ့ ယင်တစ်ကောင် မဟုတ်တဲ့ အတွက်
ငါလေ. . . ယားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဖတ်ပြီး ဇမ်ရဲမျက်လုံး အကွင်းလိုက် ပြူးတက်သွားသည်။ သွားပြီ. . . ကွဲပြီ. . . စွတ်ကျိုးတော့နည်းပြီ. . .။ သူ ရေးထားတာ ဒီစာမဟုတ်. . .။ လက်ရေးကလည်း သူ့လက်ရေးမဟုတ်။ သေချာသည်။ ဒါ ရှိုင်းလက်ရေး. . .။ ဒါ ရှိုင်းစနေ လက်ချက်သာ ဖြစ်ရချေမည်။

အရင်က သူနှင့်အတူနေသော အခန်းဖော်နှင့် နေရာလဲပြီး ရှိုင်းက သူနှင့်အတူ တစ်ခန်းထဲ လာနေတာ အတော်ကြာပြီ။ မနက်က သူ ရေချိုးခန်းထဲမှ ထွက်လာတော့ သူ့ကုတင်ပေါ်မှာ ရှိုင်းကို တွေ့ရသည်။ ဘာလုပ်တာလဲမေးတော့ "ငါ့ကုတင်မှာ ကြမ်းပိုးတွေ သောင်းကျန်းလို့ဟ။ အဲ့ဒါ မင်းအိပ်ရာမှာလည်း ရှိနေမှာစိုးလို့ သတ်ပေးမလို့ ရှာနေတာ။ မတွေ့ပါဘူးကွာ. . . ကြမ်းပိုးတွေကလည်း ငါ့သွေးမှ ချိုတယ်မှတ်နေတယ် ထင်ပါတယ်" ဟု ပြောတော့ ဩော် ငါ့သူငယ်ချင်း ငါ့ကို တော်တော်ချစ်ရှာတာပဲ. . . ဆိုသော အတွေးနှင့်ပင် သူ ပီတိဖြာကျေနပ်မိပေသေး၏။

အခုတော့. . . ခံရပြန်လေပြီ. . .။ စာအုပ်ကြားညှပ်ပြီး ခေါင်းအုံးအောက်မှာ ဝှက်ထားတာတောင်မှ တွေ့ဖြစ်အောင် တွေ့သွားသေးသည်။ ညက သူ စာရေးနေကတည်းက ရှိုင်းက ရိပ်မိနေသည်ထင်ပါသည်။

"ဖင်ကုတ်လိုက် ခေါင်းကုတ်လိုက် သက်ပြင်းချလိုက်နဲ့ မင်း





ဘာဖြစ်နေတာလဲ"

"စာလုပ်နေတာ မပြီးသေးလို့ ညစ်နေတာပါကွာ"

"မသိပါဘူး။ မင်းခေါင်းမှာ ဒက်တွေပေါက်ပြီး တင်ပါးမှာ ဝဲတွေစွဲနေတာလားလို့ ဆေးနည်းပေးမလို့ပါ"

"တော်ပါကွာ။ မိုးစက်ဝိုင်လို ဖြစ်နေပါဦးမယ်"

သူတို့စားနေကျထမင်းဆိုင်မှ မလှစိန်၏ယောကျ်ား ကိုအောင်လတ်က 'မိုးစက်ဝိုင်'ဆိုသော ကလောင်အမည်ဖြင့် စာတွေဘာတွေရေးသည်။ မလှစိန်က သူ့ယောကျ်ား ဆိုင်အလုပ်ကို မကူပဲ စာရေးဆရာဟူသော ဂုဏ်ပုဒ်ကို ဇန်းပြ၍ အချိန်ရှိသရွေ့ စာလေးဖတ်လိုက်၊ အရက်ကလေးသောက်လိုက်၊ ဗဟုသုတအလို့ငှာ ဟုဆိုကာ ဟေးလားဟားလား အပျော်ခရီးတွေသွားလိုက်နှင့် အသားယူလွန်းနေတာတွေ. . . တစ်ခုခုခိုင်းမည်ပြင်တာနှင့် ဈာန်ဝင်ပြီဆိုပြီး စာရေးစားပွဲပြေးထိုင်တော့တာတွေ ပြော၍ သူမတစ်ယောက်တည်း ဒိုင်ခံအားလုံး သိမ်းကျုံးလုပ်နေရသဖြင့် မတန်တဆ ပင်ပန်းကြောင်း ညည်းညူသည်။

ထိုအခါ ရှိုင်းက မလှစိန်ကို ကူညီမည်ဟု ကတိပေးလိုက်သည်။

တစ်နေ့. . . စာရေးစားပွဲမှာ ဟန်ပါပါထိုင်နေသော (အမှန်တော့ စာမရေးပဲ ခွက်ပုန်းကစ်နေသော) ကိုအောင်လတ်ထံသွား၍ ရှိုင်းက တီးတိုးစကားဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလှစိန်ခမျာ ပင်ပန်းလိုက်တာဗျာ။ ဆိုင်အလုပ်တွေအကုန် သူတစ်ယောက်တည်း လုပ်နေရတယ်"

"ဒါကတော့ကွာ၊ သူက စာမှ မရေးတတ်တာပဲကိုး"

ကိုအောင်လတ်တို့ ပြောလိုက်ပုံများ မိန့်မိန့်ကြီး. . .။ ရှိုင်းက ကရုဏာမျက်ဝန်းတွေ ဖန်ဆင်းကာ. . .

"သူ့ခမျာ ပါရမီအခံနည်းရှာတော့ အစ်ကို့လို မထူးချွန်ဘူးပေါ့ဗျာ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်။ အစ်ကို့အတွက် ပြောချင်တာပါ"

"ဘာလဲ"

"ကျွန်တော်တို့ ဆေးကျောင်းမှာ သင်ရတယ်ဗျ။ အလုပ်တာဝန်တွေ များပြားပြီး ပင်ပန်းလွန်းတဲ့ မိန်းမတွေဟာ လိင်ကိစ္စမှာ စိတ်အားထက်သန်မှု အင်မတန်လျော့နည်းတယ်ဆိုပဲ။ အဲ သက်သက်သာသာနေရတဲ့ မိန်းမတွေကတော့ လိင်ကိစ္စမှာ သိပ်တက်ကြွပြီး သူတို့ကတောင် ဦးဆောင်လေ့ရှိကြတယ်လို့ ဆေးပညာအရ ဖော်ပြထားတယ်ဗျ"

ထိုနောက်ပိုင်းနေ့ရက်တွေမှာတော့ ကိုအောင်လတ် ဆိုင်အလုပ်တွေကို သူချည်း ဖိလုပ်နေတာ တွေ့ရလေသည်။ သူ့ခမျာဖတ်ဖတ်ကို မောလို့. . .။

သနားစဖွယ် ဖြစ်လှချည်ရဲ့။

ထိုသို့သော နည်းပေးလမ်းညွှန်တတ်မှုတွေကြောင့် နွယ်ရိုး





ကိုပေးဖို့ စာရေးရာမှာ ရှိုင်းကို ဇမ်ရဲ တမင် အကူအညီမတောင်းခဲ့တာဖြစ်သည်။ ယခုတော့ ရှောင်လွှဲဖို့ ကြိုးစားတာတောင်မှ ပိုက်ကွန်မှာ ထိငြိမိပြန်သေး၏။ ချစ်သူဖတ်တာ ကိုယ်ရေးထားသော စာအမှတ်နှင့် ခံစားမှုအရှိန်အဟုန် မြှင့်တင်ပြောဆိုခဲ့မိတော့လည်း ပို၍ အရှက်ရသည်လေ။ ချစ်သူကတော့ သူ့ကို အကြီးအကျယ် တစ်မျိုးတစ်မည်မကတွေ ထင်မြင်ယူဆသွားချေတော့မည်။

ဖြေရှင်းရန်အတွက် နွယ်ရိုးကို လိုက်ရှာရာ မတွေ့။ ကဲန်တင်းမှာလည်း မရှိ။ အတန်းလည်း မတက်။ အိမ်သူနှင့်အတူရှိနေသော ရှိုင်းကိုတော့ ကော်ရစ်တာထောင့်ချိုးတစ်ခုမှာတွေ့သည်။ သို့သော် ဇမ်ရဲကိုမြင်တာနှင့် ရှိုင်းက ဖျတ်လတ်စွာ ပြေးထွက်ရှောင်တိမ်းသွားလေသည်။ အတန်ကြာမှ စာသင်ဆောင်အလွတ်တစ်ခုမှာ တစ်ယောက်တည်း ငူငူငိုင်ငိုင်ထိုင်နေသော နွယ်ရိုးအား တွေ့လိုက်ရပါ၏။

သူမနှင့် မျက်နှာချင်းဆိုင်တွင် သူ ဝင်ထိုင်လိုက်ကာ. . .

"နွယ်ရိုး. . . ငါ ရှင်းပြချင်လို့ နင့်ကိုလိုက်ရှာနေတာဟ။ ခုန စာက ငါရေးထားတဲ့စာ မဟုတ်ဘူး၊ နင့်ကိုပေးဖို့ ငါ ရေးထည့်ထားတဲ့စာအိတ်ထဲကို စာလဲထည့်ခံလိုက်ရတာ။ တကယ်တော့ နင့်ကိုငါ ပေးဖတ်ချင်တာက နင်နဲ့ပတ်သက်တဲ့ ငါ့ခံစားချက် အစစ်အမှန်တွေကို ရေးထားတဲ့စာပါဟာ။ အခု အဲ့စာက မရှိတော့ ငါပြောချင်တာတွေ ပါးစပ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြောတော့မယ်နော်"

ချစ်သူက သူ့ကို ငေးမော့ကြည့်ပါ၏။ ပြီးတော့ ခေါင်းလေး ပြန်ငုံ့သွားသည်။ သူမမျက်နှာပြင်ဆီမှ အလှတရား တော်တော် များများကို ပိုမြစ်နက်မှောင်သော ဆံနွယ်ခက်တွေက အထွေးလိုက် နေရာယူ အုပ်မိုးကွယ်ကာထားပါ၏။ နဂိုတည်းက နှုတ်မရဲလို့ ပြော ချင်တာတွေ စာဖြင့်ရေးထားတာ။ အခုလို နှုတ်ဖြင့် တွေ့တွေ့ဆိုင် ဆိုင် ပြောရမည်ဆိုသော ဇမ်ရဲ အတော် အားယူနေရလေသည်။ ဘယ်ကဘယ်လို စရမှန်းမသိ ဖြစ်နေချေ၏။

စိတ်ကူးတစ်ခုပေါ်လာကာ သူ့ဘေးလွယ်အိတ်ထဲမှ Correction Pen လေးကိုထုတ်၍ စာရေးစားပွဲခုံပေါ်မှာ ရိုးရှင်းပေါ် လွင်သော စာကြောင်းလေး ရေးခြစ်ပြလိုက်ပါသည်။

I Love You

"LOVE ရဲ့ အဓိပ္ပာယ်ကို L= Listen (နားထောင်တယ်) O = Oblige (ကျေးဇူးပြုတယ်) V = Value (တန်ဖိုးထား/ လေးစားတယ်) E = Excuse (ခွင့်လွှတ်တယ်) လို့ ဖွင့်ဆို ထားတယ်။ တစ်သက်တာ လက်တွဲသွားနိုင်မယ့် အချစ်တစ် ခုကိုလိုချင်ရင် တစ်ယောက်ရဲ့ စကားကို တစ်ယောက်က နားထောင်တတ်ရမယ်။ တစ်ယောက်ကိုတစ်ယောက် ကျေး ဇူးပြုတတ်ရမယ်။ တစ်ယောက်ကိုတစ်ယောက် တန်ဖိုးထား လေးစားတတ်ရမယ်။ တစ်ယောက်ကိုတစ်ယောက် ခွင့်





လွှတ်တတ်ရမယ်တဲ့ . . .။ ငါ နင့်ထံမှာ အဲဒီအချက်တွေနဲ့ ညီညွတ်အောင် လိုက်နာသင်ယူပါ့မယ်လို့ ကတိပြုပါတယ် နွယ်ရိုး။ နင့်ကို ငါ ချစ်တယ်။ မြတ်နိုးတယ်။ ပိုင်ဆိုင်ချင် တယ်။ ဒါကြောင့် ငါ့အပေါ် နင့်ရဲ့ တုံ့ပြန်မှုတွေဟာလည်း ငါ့လိုပဲ ဖြစ်စေချင်မိတယ်။ ငါ့ဆန္ဒကို လိုက်လျောဖြည့်ဆည်း ပေးပါနော်"

အစရှိသည်နှင့် အရှိန်ရသွားသောကြောင့် ပြောချင်တာတွေ လိုလားတောင်းခံချင်တာတွေ နှုတ်မှ တရစပ် ထွက်သွားလေသည်။ ရင်ခွင်ကတော့ တသိမ့်သိမ့်တုန်ခါလျက်ရှိ၏။

တုံ့ပြန်စကားမဆိုပဲ အတန်ကြာ မလှုပ်မယှက် ငိုင်တွေကာ နေပြီးမှ သူမက သူ့လက်ထဲမှ Correction Pen ကို ဆွဲယူသည်။ သူ အသာဖြေလျော့လက်လွှတ်ပေးလိုက်ပါ၏။ သူမက သူ့လိုပဲ စာရေးစားပွဲခုံပေါ်မှာ တစ်စုံတစ်ခု ရေးခြစ်မည့်ဟန်ပြုပြီးမှ. . .

"နင် မျက်စိမှိတ်ထားဟာ၊ ငါ ဖွင့်ဆိုမှ ဖွင့်"

သူမအလိုကျ မျက်စိအစုံကို မှိတ်ထားပေးလိုက်ပါသည်။ သွယ်ပျောင်းသော သူမလက်ချောင်းလေးတွေမှ ထွက်ပေါ်လာမည့် အဖြေစကားအတွက် သူ ရင်ခုန်စိတ်လှုပ်ရှားကာ ကြိုတင် အပျော် တွေကို မွေးမြူထားဖြစ်ပါသည်။ တိကျသော ဖော်မြူလာမရှိပေမယ့် ခန့်မှန်းခြေယူဆချက်အရ ဘာသာစကားချင်း ထပ်တူကျလိမ့်မည် ဟု ရဲဝံ့ယုံကြည်နေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အထင် မမှားနိုင်ပါ။

"မျက်စိဖွင့်ကြည့်လို့ရပြီ"

အဆောင်မှာ ဖဲခိုးရိုက်တုန်းက ဖဲချပ်တွေကို တစ်ပွင့်ချင်း ပွတ်ကြည့်သလိုမျိုး၊ တမြေ့မြေ့ အရသာရှိသော ခံစားမှုကို လိုလားသဖြင့် မျက်ဝန်းအကြည့်တွေကို ဖြည်းညင်းစွာ ဖွင့်လှစ်လိုက်ပါသည်။

ထိုအခါတွင်. . .

မြင်လိုက်ရသည်မှာ. . .

I Hate You





BURMESE CLASSIC .com

## အခန်း (၁၃)

"I Hate You လို့ရေးပြီး ချက်ချင်း ငါ ထထွက်သွားတော့ နင် အထင်လွဲသွားတာပါ။ ငါ ရေးခဲ့တဲ့ Hate ရဲ့ meaning ကို ငါရှင်းပြရပါစေ။ H = happy to talk with you (နင်နဲ့အတူ စကားပြောရတာ ပျော်ရွှင်တယ်) A = always remember you (နင့်ကို အမြဲတမ်း သတိရနေမိတယ်) T = truly trust to you (နင့်ကို အမှန်တကယ် ယုံကြည်တယ်) E = every moment I miss you (အချိန်တိုင်း စက္ကန့်တိုင်းမှာ နင့်ကို လွမ်းတယ်)လို့ ဆိုလိုချင်တာပါ။ ဒါကြောင့် ငါ ထပ်ပြောပါရစေ။ I Hate you ပါ ဇမ်ရဲ့"

I Hate You ဆိုသော စာကြောင်းကို ထပ်ကာတလဲလဲ ရေးခြစ်နေမိရင်းမှ ရွှေနွယ်ရိုး အသိစိတ်တွေ အတိတ်ထဲ ကျွံကျသွားခဲ့၏။ သူမ ထိုသို့ ပြောလိုက်သောအခါ ဖိုးဖိစ္ဆမရနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပီပြင်ထင်ရှားနေသော သူ့မျက်နှာ ကြည်ကြည်စင်စင်လေးမှ ပျော်ရွှင်မှုအပြုံးတွေကို ယခုတိုင် ချေဖျက်မရစွာ အမှတ်ရမိပါသေးသည်။ ထိုစဉ်အချိန်တွေတုန်းကတော့ဖြင့် သူမနှင့်ပတ်သက်၍ အမြဲလို ဟာစ်ကြွေးနေလေ့ရှိသည့် သူ့အချစ်တွေကို အပြည့်အဝ ယုံကြည်ဖြစ်ခဲ့သည်လေ။

သူ့မေတ္တာအပေါ် ချက်ချင်းကြီး တိုက်ရိုက်တုံ့ပြန်ရမှာ မဝံ့မရဲ ရှက်စိတ်ကြောင့် ရက်အတန်ကြာမှ အဖြေမှန်ပြောမယ်ဟု ရည်စူးကာ သူ့အပေါ် သူမ သွယ်ဝိုက်လှည့်စားမိခဲ့ပါ၏။ ထိုအတွက်ကြောင့် သူ ထိုည ဘီယာတွေမူး၍ ရှိုင်းနှင့်ပါ စကားများကာ ရှိုင်းကိုတောင် လက်သီးနှင့်ထိုးသည်ဟု သိရ၏။ ရှိုင်းက သူ့အပေါ် ဇွဲမယူပါ။ သူ၏ စနောက်မှုစနက်တွေလည်း ပါသည်ပဲလေ။ ဒါပေမယ့် သူတို့နှစ်ဦးကြားက သံယောဇဉ်ကြောင့်ဟုဆိုလျှင် ပို၍ မှန်လိမ့်မည် ထင်ပါသည်။

နောက်တစ်နေ့ ကျောင်းမှာ ရှိုင်းက ဖြစ်ကြောင်းကုန်စင်လာပြော၍ ဒီနေ့ ဇမ်ရဲ ကျောင်းမလာဟုပါ သိရတော့ သူမစိတ်ထဲမကောင်းတော့။ နေရထိုင်ရတာလည်း တစ်စုံတစ်ခု လိုအပ်နေသလိုပဲ အဆင်မပြေဖြစ်လာသည်။ ဒါကြောင့် အိမ်သူနှင့်ရှိုင်းကတိုက်တွန်းတော့ သူမ ငြင်းဆန်နိုင်စွမ်းကင်းမဲ့ကာ သူနေသောအဆောင်ထိ လိုက်သွားမိတာပါ။ ပို့မယ်ပို့ ကူးတို့ရောက်အောင်ပို့မယ်ဆိုသော ကြွေးကြော်ချက်များနှင့်အတူပါလာသော အိမ်သူနှင့်





ရှိုင်း၏ ဆေးထိုးကောင်းမှုတွေကြောင့်ပဲ သူလိုချင်နေသော အဖြေစကားကို သူမ တုန်ယင်ရှက်ရွံ့စွာ ရှင်းပြပြောဆိုလိုက်တာ ဖြစ်ပါသည်။

"နင်တို့ဟာက ကြာနေပြီဟ။ ဒီထက်ပိုကြာလို့ မကောင်းတော့ဘူး။ မဟုတ်ရင် မလတ်ဆတ်ဘဲ သိုးပုပ်သွားလိမ့်မယ်"

"ဟုတ်ပ။ ငါတို့တုန်းကဆို စုစုပေါင်းမှ ၅ ရက်ပဲ"

"ငါးရက် ဟုတ်လား. . .။ မမြန်လွန်းဘူးလား"

"ဘယ်လိုများ ချုပ်လိုက်ပါလိမ့်။ ဗျူဟာလေး မျှပါဦး"

ပြောချင်ရက်လက်တို့ ဖြစ်သွားပုံရသော ရှိုင်းက တက်ကြွစွာပြောပြပါသည်။ အိမ်သူကတော့ ရှက်နေသလိုလို နှုတ်ခမ်းလေးတစောင်းဖိကိုက်လို့. . .။

ပထမနေ့တွင်. . .

တစ်ယောက်တည်း လျှောက်လာသော အိမ်သူ့နောက်သို့ တရွတ်ရွတ်နှင့်ခေါ်၍ ရှိုင်း အပြေးလိုက်လာပြီး. . .

"ဟေ့. . .နင် ငါ့ကို ပိုက်ဆံ ၂၀၀လောက် ချေးပါလား"

"ဟင် သိလည်းမသိပဲနဲ့. . .။ ဘာလုပ်မလို့တုန်း"

"ငါ ဒီနေ့ ကမ္ဘာမှာ အလှဆုံး ကောင်မလေးတစ်ယောက်ကို တွေ့ပြီလို့ နယ်ကအမေ့ကို ဖုန်းဆက်ပြောချင်လို့ဟ"

အဲဒီနေ့ အဲ့လောက်ပဲ. . .။

ဒုတိယနေ့တွင် အိမ်သူလာရာလမ်းမှ ရှိုင်းက စောင့်ကြိုနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . .

"ကျွန်တော် လမ်းမေးလို့ရမလား"

"ဘယ်သွားချင်တာလဲ"

"မင်းရဲ့ ရင်ထဲကို"

တတိယနေ့တွင် ဆုံတော့. . .

"နင့်ခြေထောက်တွေ အရမ်းညောင်းနေမှာပဲနော်"

"ဘာဖြစ်လို့ညောင်းရမှာလဲ"

"ငါ့ရဲ့အတွေးထဲမှာ တစ်ချိန်လုံး နင် ပတ်ပြေးနေရလို့ပါ"

လေးရက်မြောက်နေ့ ဆုံချိန်တွင် မိုးရွာသည်။ ရှိုင်းမှာ ထီးမပါ။ တစ်ကိုယ်လုံး မိုးရေတွေဖြင့် စိုရွှဲနေပါသည်။

"ဒီနေ့ မိုးက သည်းလိုက်တာ"

"ဟုတ်တယ်နော်"

"မိုးနတ်မင်းကြီး နင့်ကိုမြင်ပြီး သွားရည်ကျတာပဲဖြစ်လိမ့်မယ်"

ထိုနေ့က ထီးကလေးတစ်လက်တည်း၏ အရိပ်အာဝါသကို နှစ်ဦးအတူ ခိုလှုံဖြစ်ခဲ့ကြပါသည်။

ငါးရက်မြောက်နေ့တွင်. . .

"ငါ့ကို ယုံကြည်ပေးပါ။ ငါတို့ ချစ်သူဖြစ်ရင် နင့်ကို ကမ္ဘာပေါ်မှာ ဒုတိယ ကံအကောင်းဆုံးလူဖြစ်အောင် ငါ ထားပါ့မယ်"





"ဘာလို့ ပထမ ကံအကောင်းဆုံးလူ မဖြစ်ရတာလဲ"

"နင့်ရဲ့ချစ်သူဖြစ်ခွင့်ရမှတော့ ငါဟာ ကမ္ဘာ့ပထမ ကံအကောင်းဆုံးလူဖြစ်သွားပြီပေါ့"

ဒီလိုနှင့်ပဲ ရှိုင်းရင်ခွင်ထဲ အိမ်သူ့ကိုယ်လုံးလေး တအိအိ ပြိုကျသွားပါတော့၏။

အလဲ့. . . ဟိုက်ရှားဘားးး. . . တွေ ဆူညံသွားသည်။

ရှိုင်းပြောတာတွေ နားထောင်ရင်း တဝါးဝါးတဟားဟားနှင့် ပွဲကျနေရလေသည်။ အိမ်သူ့ခမျာ မျက်နှာတောင် မဖော်ရဲ။ ဆံပင်တိုနံ့နံ့လေးတွေနှင့် သူမမျက်နှာပြင်ကို ဖုံးကွယ်ဖို့ ကြိုးစားနေရှာသည်။

ကြည်နူးပျော်ရွှင်စေသော ထိုအချိန်တွေတုန်းကတော့ဖြင့် ကိုယ်စီကိုယ်ငှ ရည်မှန်းချက်တွေပြည့်တဲ့တစ်နေ့မှာ သူမတို့ အတွဲနှစ်တွဲ တစ်ရက်တည်းမှာ အတူတကွ လက်ထပ်ပွဲကျင်းပကြမည်ဟု တိုင်ပင်ခဲ့ကြဖူးသည်။ သို့ပါသော်လည်း. . .

တစ်နေ့မှာတော့. . .

"ငါတို့နှစ်ယောက် ခိုးပြေးမှဖြစ်တော့မယ်"

ထိုနေ့က အင်းလျားမှာဆုံ၍ မုန့်စားကြမည်ဟု ချိန်းထားရာ နွယ်ရီးနှင့်ဇမ်ရဲက ကန်ဘောင်သို့ စောစွာ ရောက်ရှိနေကြတာဖြစ်၏။ အိမ်သူနှင့်ရှိုင်းက အချိန်အတော်ကြာမှ ရောက်ရှိလာ၏။ ရောက်ရောက်ချင်း ရှိုင်းပြောလိုက်သောစကားကြောင့် နွယ်ရီး



www.burmeseclassic.com

www.burmeseclassic.com



ကော ဇမ်ရဲပါ အံ့အားသင့်သွားခဲ့ရလေသည်။

“ဘယ်လိုကြောင့်လဲ”

“ဘာဖြစ်လို့လဲဟင်”

အသုံးအနှုန်းမတူပေမယ့် သိချင်စိတ်က တစ်ခုတည်းပါပဲ။ အိမ်သူကတော့ မဖြေဘဲ စိတ်ရှုပ်ဟန်ဖြင့် ဆံပင်တိုတိုတွေကိုသာ အတွင်တွင် ကုတ်ဖွနေသည်။ ရှိုင်းကသာ. . .

“အခြေအနေကြောင့်ပေါ့ကွာ”

“မင်းလည်း ကျောင်းပြီးသေးတာ မဟုတ်ဘူး၊ ငယ်လည်း ငယ်ကြပါသေးတယ်ကွာ”

“ဟုတ်တယ်။ အိမ်ထောင်မပြုကြပါနဲ့ဦးဟာ”

ဇမ်ရဲနှင့်နွယ်ရီး တားပေမယ့် ရှိုင်းနှင့်အိမ်သူက မနာခံကြပါ။ ခိုးပြေးဖို့ကိုသာ အရေးပေါ် တိုင်ပင်ဆွေးနွေးကြလေသည်။

အဲသည့်ညနေခင်း. . .

တိမ်ရောင်စုံ အုံ့သည်းနေသော နေဝင်ဆည်းဆာချိန်တွင် သူတို့တတွေ အင်းလျားကန်ဘောင်ထက်မှာ အတူတကွ စာကလေး ပေဒင်မေးဖြစ်ကြပါသည်။

ထူးဆန်းစွာ. . .

လှောင်ချိုင့်ထဲမှ စာကလေး နှုတ်သီးချွန်ချွန်လေးဖြင့် ကိုက်ချီ၍ သူတို့လေးဦးအတွက် ရွေးချယ်ပေးသည့် ဟောစာတမ်းကဒ်မှာ တူညီစွာ တစ်ကဒ်တည်းသာ. . . ။





ဒါကကော. . . နိမိတ်ပဲလား. . .

“ဒေါက်တာ. . . ဒေါက်တာ့အမည်နဲ့ ပါဆယ်တစ်ခု ရောက်လာပါတယ်”

ဆေးရုံဝန်ထမ်းတစ်ဦး လာပို့ပေးသော ပါဆယ်ကို ရွှေနွယ်ရီး ဖောက်ကြည့်လိုက်ပါသည်။ စာအုပ်ကလေးတစ်အုပ် ထွက်ကျလာ၏။

အားလပ်နေသဖြင့် စာအုပ်ကို ဖွင့်လှန်ဖတ်ကြည့်လိုက်လေရာ. . .



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၄)

ဇမ်ရဲက ရှိုင်းနှင့်အိမ်သူကိုကြည့်ပြီး. . .

"မင်းတို့နှစ်ယောက်ရဲ့ ရင်သွေးလေး မွေးလာရင် ဘာလေးဖြစ်မလဲ မသိဘူးနော်၊ အဖေနဲ့ အမေတူလို့ကတော့ သာလိကာနဲ့မျောက် စပ်ကျထားသလိုဖြစ်နေမှာသေချာတယ်"

ဟု ပြုံးစစဖြင့် ပြောသည်။

ရှိုင်းက. . .

"အိမ်ထောင်သည်တွေ ကလေးယူတော့မယ်ဆိုရင် သားလေးမွေးဖို့ သမီးလေးမွေးဖို့ ဆိုတာမှာ အဓိကတာဝန်ရှိသူက အမျိုးသားပဲ၊ အမျိုးသားရဲ့ သုတ်ကောင်အရေအတွက်ပြည့်မီအားကောင်းမှ အဆင်ပြေမှာ၊ အမျိုးသမီးတွေရဲ့ မျိုးဥတွေကတော့ သားအိမ်မှာပဲ ကြွေနေမှာ၊ အမျိုးသားက မမျိုးဥကြွေရာနေရာ အဆုံးစွန်ထိအောင် သားအိမ်ရောက်အောင် သုတ်ပိုးကိုထည့်နိုင်လို့ မျိုးအောင်ရင် သေချာပေါက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဖြစ်မှာပါ။ မိန်းကလေးယူချင်တယ် ဆိုရင်တော့ အဝင်ဝနား သားအိမ်ရဲ့ လမ်းကြောင်းမှာပဲ သုတ်ပိုးကို လွှတ်လိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားတွေရဲ့ သုတ်ပိုးမှာ အဖိုကောင်နဲ့ အမကောင်က အများအားဖြင့် ဆတူပါပြီးသား။ တခါတလေမှာ အမကောင်က ပိုနေတတ်တယ်။ အဖိုကောင် ပိုနေတယ်လို့ မရှိဘူး။ သုတ်ပိုးက စသွားသွားခြင်း အဖိုကောင်နဲ့ အမကောင်မှာ အဖိုကောင်က မြန်မြန်ပိုသွားနိုင်တယ်။ အချိန်ကြာလာတာနဲ့ အမျှ အဖိုကောင်က နောက်ကျပြီး အမကောင်က ရှေ့ရောက်သွားမှာဖြစ်လို့ မိန်းကလေးဖြစ်မှာပါ"

"အားပါးပါး တော်တော် လေ့လာထားတာပဲ"

တူနှင့်အထုမခံရပါဘဲ ဇမ်ရဲ လက်ဖျားခါသွားသည်။

"သာယာပျော်ရွှင်တဲ့ အိမ်ထောင်ရေးဘဝမျိုးပိုင်ဆိုင်ချင်ရင် အသီးငါးမျိုးကို စားပေးရတယ်"

အိမ်သူက ရှက်နေဟန် မျက်နှာထားဖြင့် ရှိုင်းမျက်နှာရှေ့ လက်သီးဆုပ်ကလေး ဝဲပြကာ. . .

"လက်သီးပါသေးလား။ လင်နေစ ဆင်သေမှ ဆိုတော့လေ"

"နင်ကလည်း ဆော်မယ်ဖုတ်မယ် တကဲကဲ။ မယားနေစ ကြောင်သေမှဆိုတာလည်း ရှိတာပဲ။ အသီးငါးမျိုးက သလဲသီး၊ သဖန်းသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ စွန်ပလွံသီး





တဲ့။ လက်သီး မပါဘူး"

"အတန်းသာ ပုံမှန်မအောင်တာ ဒါမျိုးကျ တော်တော်တတ်"

ထိုနေ့က ရေတံခွန်မှာ သူမတို့သုံးဦး ရေကစားဖြစ်ကြသည်။ ကျောက်ဆောင်တွေပေါ်မှာထိုင်ရင်း ရှိုင်းက ဘီယာကို ငှက်ပျောသီးဖြင့် အမြည်းလုပ်၍ သောက်နေသည်။ အိမ်သူလည်း အနည်းငယ်သောက်ပေမယ့် ဇမ်ရဲကတော့ မသောက်ချေ။

"နွယ်ရိုးသာ ပါလာရင် သိပ်ကောင်းမှာပဲနော်"

"သိပ်မပြောနဲ့။ ဟိုကောင်ကြီးက လဒမှိုင်မှိုင်နေတာ။ သတိရလွန်းလို့ပါဆိုပြီး ထပြန်သွားလို့ ငါတို့ အိုးမဲ့အိမ်မဲ့ဖြစ်နေဦးမယ်"

ရှိုင်းနှင့်အိမ်သူ နှစ်ဦးသဘောတူ ခိုးပြေးလာပြီးနောက် ပြင်ဦးလွင်ရှိ ဇမ်ရဲမိဘတွေပိုင်သော အိမ်တစ်လုံးမှာ နေထိုင်ကြတာဖြစ်သည်။ သူငယ်ချင်းတွေနှင့် အပျော်ခရီးထွက်တာဟု အကြောင်းပြပြီး ဇမ်ရဲက အိမ်သော့ကို မန္တလေးရှိ မိဘတွေထံမှာ ဝင်ယူခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်မှာ နွယ်ရိုးကိုပါ လိုက်ပါဖို့ခေါ်ပေမယ့် အိမ်က မလွှတ်သဖြင့် နွယ်ရိုးမှာ မလိုက်ခဲ့ရ။

"ငရဲ. . . ရွှင်လန်းသွားအောင် နည်းနည်းကစ်လိုက်ပါလား"

"ရိုးက ငါဘီယာသောက်တာ မကြိုက်ဘူးကွ"

"အမလေး. . . ကွယ်ရာမှာတောင် သစ္စာစောင့်သိသူကြီးပါလားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဇမ်ရဲက ငြိမ်နေသလောက် ရှိုင်းနှင့်အိမ်သူမှာ ရေစိမ်လိုက် ဘီယာသောက်လိုက်နှင့် ရွှင်မြူးနေကြပါသည်။

"ဘာလိုလိုနဲ့ ဖယ်လင်တိုင်းဒေးတောင် ရောက်တော့မယ် နော်"

အိမ်သူပြောတော့ နွယ်ရိုး၏အမှာစကား ဇမ်ရဲ သတိရသွားသည်။ သူ တစ်ခုခုပြောမည့်ဟန်ပြင်စဉ်. . .

"ဖေဖော်ဝါရီလ နှစ်ထပ်နှစ် leap year တွေမှာ ဘာကြောင့် ၂၉ ရက် ဖြစ်တာလဲ သိလား"

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက်က ရောမဘုရင် ဂျူးလိယက်ဆီဇာက ဂရိလူမျိုးနက္ခတ်ပညာရှင် ဆိုဆီဂျင်းရဲ့ အကြံပေးချက်အရ ပြက္ခဒိန်စနစ်ကို ပြန်ပြင်တာမှာ လေးနှစ်မှာတစ်ကြိမ်ကျ ရက်တစ်ရက်တိုးပြီး သတ်မှတ်ခဲ့တာ"

"ဘာလို့လဲ"

"အဲဒီလိုတိုးဖို့လည်း လိုအပ်လို့ပေါ့။ ကမ္ဘာက နေကို တစ်ပတ်ပြည့်အောင်လှည့်ပတ်ရတဲ့ တစ်နှစ်တာခရီးက လူသိများသလို ၃၆၅ရက်တည်းမှ မဟုတ်တာ။ ၃၆၅ ရက်၊ ၅ နာရီ၊ ၄၈ မိနစ်၊ ၄၆ စက္ကန့် ကြာတယ်လေ။ ရောမလူမျိုးတွေက ပြက္ခဒိန်အရ တစ်နှစ်မှာ ၃၆၅ ရက်ထားပြီး တွက်ချက်တော့ ရာသီအလိုက် ကျင်းပတဲ့ပွဲတော်တွေက အချိန်ကိုက် ကွက်တိ မဖြစ်ပြန်ဘူး။ ခရစ်နှစ် ၁၅၈၂ ခုနှစ်ကိုရောက်တော့ ၁၃





ကြိမ်မြောက် ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီက ပြက္ခဒိန်ကို ပိုပြီး တိကျအောင် ပြုပြင်သေးတယ်။ အဲဒါကြောင့် နှစ်ပေါင်းတစ်ရာစီဖြစ်တဲ့ ၁၇၀၀ ပြည့်နှစ်၊ ၁၈၀၀ ပြည့်နှစ်၊ ၁၉၀၀ ပြည့်နှစ်တွေမှာ နှစ်ထပ်နှစ်မဖြစ်နိုင်ဘဲ ဂဏန်းအရေအတွက် လေးရာနဲ့စားလို့ရမှ နှစ်ထပ်နှစ်ဖြစ်နိုင်ကြောင်းတွေ့ရတယ်။ ဒါကြောင့် ဖေဖော်ဝါရီလမှာ ၁၉ ရက်ရှိတယ်လို့ သတ်မှတ်တာမှာ ၁၉၀၀ပြည့်နှစ်မှာ ရက်တိုးခြင်းမရှိဘဲ ၂၀၀၀ပြည့်နှစ်မှာ ဖေဖော်ဝါရီလက ၂၉ ရက်ဖြစ်တာ"

ရေကစားနေသော ကလေးငယ်တချို့က ကျောက်ဆောင်တွေပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းနေကြသည်။ ထိုမြင်ကွင်းကို ကြည့်ရင်း အားကျလာဟန်ဖြင့် ရှိုင်းကလည်း ထိုသို့ လိုက်လုပ်သည်။

ဇမ်ရဲနှင့်အိမ်သူ စကားစပြတ်သွားပြီး. . .

"ကျောက်တုံးတွေက ရေညှိနဲ့ချောနေတာနော် ရှိုင်း"

"သိပ်ကြွမနေနဲ့၊ ငါ မှဆိုးမ ဖြစ်နေဦးမယ်"

"အဆင်ပြေပါတယ်ဟ၊ ရေကူးကန်မှာ လုပ်နေကျပါ"

ပထမတော့ အဆင်ပြေနေပါသည်။

ထိုနေ့က ဖေဖော်ဝါရီလ၏ ပြဿဒါးနေ့ရက်တစ်ခုဖြစ်၏။ ပြဿဒါးနေ့ရက်များမှာ အမှန်တကယ်ပဲ ကံဆိုးစေတတ်ပါသလား။

"ဟာ"

"ရှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



လက်ကျန်ဘီယာကို အပြတ်ဖြတ်ပြီးနောက် ရေထဲသို့ နောက်တစ်ကြိမ် ဒိုင်ဗင်ထိုးဆင်းသော ရှိုင်းသည် ခြေချော်ကာ ဟန်ချက်လွဲပြီး. . . လိုရာမရောက်ဘဲ ငိုက်စိုက်ကျသွားလေရာ. . .

သူ့ဦးခေါင်းမှာ ကျောက်ဆောင်တစ်ခုဆီသို့. . .။

အုတ်အော်သောင်းတင်းဖြစ်ခြင်းနှင့်တကွ. . .

ရေပြင်သည် နီစွေးသွား. . . . . . . . .

စာကလေးပေဒင်မေးစဉ်က ဖတ်ခဲ့ရသည့် "အချစ်ရေးနှင့်ပတ်သက်၍ သွေးပျက်ခြောက်ခြားဖွယ်ရာ ထူးခြားဆန်းပြားမှုများရင်ဆိုင်ရလိမ့်မည်" ဆိုသော ဟောစာတမ်းကတ်ကလေးကို ကြောက်လန့်တကြား မြင်ယောင်သတိရလိုက်မိလေသည်။





# အခန်း (၁၅)

"ငါပါ သူ့နောက်လိုက်မယ်။ ငါပါ သေမယ်"

ဆေးရုံနံရံကို အိမ်သူ ဦးခေါင်းဖြင့် ထပ်ကာထပ်ကာ ဆောင့်သည်။ သူမနဖူးပြင်မှာ သွေးစက်တို့ ဖြာထွက်စိမ့်ယို စီးကျလာ၏။ သူမမျက်ဝန်းမှလည်း မျက်ရည်တွေက တရှိန်ထိုး ပျော်ဆင်းနေပါသည်။

ဖမ်ရဲမြင်သွားပြီး အိမ်သူ့ကို ပြေးဆွဲသည်။

"တခြားနည်းနဲ့ ထွက်ပေါက်ရှာပြီး စိတ်ဖြေပါ အိမ်သူ။ ကိုယ့်ကိုယ်ကိုတော့ အနာတရဖြစ်အောင် မလုပ်ပါနဲ့ဟာ"

"မလုပ်လို့မရဘူး၊ ငါ သေမှကို ဖြစ်မှာ"

"ငါလည်း ရှိုင်းအတွက် ခံစားရတာပဲ၊ နာကျင်ရတာပဲ၊ မျက်ရည်ကျရတာပဲ။ နင် ဘယ်လောက်ခံစားရမလဲဆိုတာလည်း နားလည်တယ်။ ဒါပေမယ့် သူသေတာနဲ့ နင်သေစရာလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနီနီနှစ်စုံ အကြည့်ချင်းဆုံကြသည်။

"ငါ မသေလို့ မဖြစ်ဘူး ဇမ်ရဲ။ ငါ့အိမ်ကို ယောကျ်ားနောက်လိုက်သွားပြီလို့ စာရေးထားခဲ့တာ။ ပြီးတော့. . . ပြီးတော့ ရှိုင်းရင်သွေးလေး ငါ့မှာ ရှိနေပြီ။ အဲဒါကြောင့်ပဲ ငါတို့ အရေးပေါ် ခိုးပြေးလာခဲ့ကြတာ။ အဖြစ်မှန်အားလုံးကိုသာ သိရင် ငါ့အိမ်က ငါ့ကိုသတ်မှာ"

"အဲဒီကိစ္စတွေ ရှိုင်းပြောပြလို့ ငါသိပြီးပြီ အိမ်သူ။ ဒါတွေဟာ မဖြစ်ခင်တည်းက ဆင်ခြင်သင့်တာတွေ။ ခု ဖြစ်ပြီးမှတော့ ရင်ဆိုင်ဖို့ပဲ ရှိတော့တယ်။ နင့်မိဘတွေ နင့်ကို ပြစ်တင်ကြိမ်းမောင်းမှာ နင် ကြောက်လန့်စိုးရိမ်နေသလိုပဲ ခုချိန်မှာ နင့်ဝမ်းတွင်းက ရင်သွေးလေးကလည်း သူ သေတော့မှာလားဆိုပြီး ကြောက်နေရှာမလားလို့ တွေးကြည့်ပါလား၊ ငါတို့ ပညာတွေသင်ခဲ့ကြတာ လူတွေအသက်ကို ကယ်တင်ဖို့ပါ အိမ်သူ"

အိမ်သူ တွေဝေငိုင်ကျသွားသည်။ နှုတ်ဆိတ်ငြိမ်သက်နေသော အိမ်သူ၏လက်နှစ်ဖက်ကို ဇမ်ရဲ ခပ်တင်းတင်းဆုပ်ကိုင်ပြီး စကားတစ်ခွန်း ပြောသည်။ ရှင်း၏။

"နင့်ကိုငါ လက်ထပ်မယ် အိမ်သူ"

အသက်နှစ်သက်နှင့်ချစ်သူကို လဲလှယ်သွားခဲ့သော သူ. . .။ သူမ ဂုဏ်ယူရမည်လား. . . နာကျင်ရမည်လား. . .။ ဝေခွဲ





ရခက်စွာ အောင့်မျက်ခြင်းနှင့်အတူ တစ်စုံတရာကိုတော့ နွယ်ရှိုးရှင်းလင်းသွားခဲ့ပြီ ဖြစ်လေသည်။ စာအုပ်ကို ပိတ်လိုက်၏။

ရှိုင်းနှင့်အိမ်သူ၊ ဇမ်ရဲ. . . ထိုသုံးယောက် သူမဘဝထဲမှ ပျောက်ချင်းမလှ ပျောက်သွားခဲ့၏။ သူတို့နှင့်ပတ်သက်၍ သေချာခိုင်မာစွာ နောက်ဆုံးကြားသိသော သတင်းစကားမှာ ဇမ်ရဲနှင့်အိမ်သူ လက်ထပ်လိုက်ခြင်းသတင်းပင်ဖြစ်လေသည်။ ထိုသတင်းကို အတန်းဖော်တွေက ပြောတော့ သူမ မယုံခဲ့။ သတင်းစာယူလာပြသဖြင့် လက်ထပ်ပြီးစီးခြင်းသတင်းကို ကိုယ်တိုင်ကိုယ်ကျ ဖတ်လိုက်ရသောအခါမှ နာကျင်ရက်စွဲ့မှုများစွာဖြင့် ယုံကြည်ကာ သူမပြိုလဲမတတ် ထိခိုက်ဒဏ်ရာရခဲ့လေသည်။

ဇမ်ရဲ ကျောင်းပြောင်းသွားပြီး ရှိုင်းက ရှက်စိတ်ဖြင့် ကိုယ့်ဘာသာ အဆုံးစီရင်သွားသလိုလို၊ ကျောင်းဆက်မတက်တော့ဘဲ နယ်မှာပဲ ပြန်နေသလိုလို၊ အရက်သမားဖြစ်ကာ ဘဝပျက်သွားသလိုလို. . . သတင်းသဲ့သဲ့တွေကိုလည်း ကြားရ၏။ ထိုသတင်းစကားတွေကြားရတိုင်း နာကျင်ရသဖြင့် နောက်တော့ ထိုသတင်းစကားတွေနှင့် ဝေးလွင့်ရာသို့သာ သူမ ရှောင်ခွာနေဖြစ်တော့၏။

ဒါကကော တရေးနိုး ခြောက်လှန့်မှုလား. . .။

"ရွှေရိုးရေ. . . ဖေ့စ်ဘွတ်ခ်မှာ ခု ဟော့ဖြစ်နေတဲ့သတင်း သိပြီးပြီလား"

"ခုတလော အွန်လိုင်းမသုံးဖြစ်ဘူး မခိုင်ရဲ့။ ဘာသတင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါသော်လည်း အနီးရောက်လာသော ဖြူခိုင်ကျော်ကို အလိုက်အထိုက် ပြန်ပြောလိုက်၏။

"သတင်းက ဟုတ်ချင်မှဟုတ်မှာပါဟာ။ အူကြောင်ကြောင်နဲ့ ရီဖို့တောင် ကောင်းသေးတယ်။ ဒါပေမယ့် ဖေ့စ်ဘွတ်ခ်ထုံးစံအတိုင်း တစ်ခုခုထူးပြီဆို စုပြုံစိတ်ဝင်စားပြနေကြတော့တာပဲ။ တိတ်တဆိတ်လူသားတစ်ယောက် ဆိုတဲ့အကောင့်က တင်ထားတာ။ အဲဒီအကောင့်လည်း ရက်ပိုင်းလေးအတွင်းမှာပဲ friend 5000 ပြည့်ပြီး follow တွေလည်း ထောင်ကျော်သွားပြီ။ အဲဒီအကောင့်က ပရိုဖိုင်ပုံကော ကာဗာဖိုတိုကောဘာမှတင်မထားဘူး။ ဒါပေမယ့် သူတင်တဲ့ပို့စ်မှာတော့ ဓာတ်ပုံပါတယ်။ အဲဒီပုံနဲ့ တွဲဖက်သတင်းကြောင့် အထူးသဖြင့် မိန်းကလေးတွေ သဲသဲလှုပ်ဖြစ်နေကြတာ။ ဘဲက အရမ်းချောတာ မဟုတ်ပေမယ့် တော်တော်ဆွဲဆောင်မှုရှိတယ်ဟ။ သူ့ဝေါလ်မှာလည်း အဲဒီပို့စ်တစ်ခုပဲ တင်ထားတာတွေ့တယ်"

Facebook မသုံးရလျှင် နေမထိထိုင်မသာ ပွစိပွစိဖြစ်နေတတ်ပြီး နေ့စဉ် မလွဲမသွေ ဆောင်ရွက်ရမည့် ဝတ္တရားတစ်ခုလိုသဘောထားကာ အားကျိုးမာန်တက်သုံးစွဲလေ့ရှိသော ဖြူခိုင်ကျော်က သူမလက်ထဲရှိ ဟမ်းစက်မှ စာမျက်နှာတစ်ခုကို ပြသည်။

ထိုစာမျက်နှာတွင် တင်ထားသော ဓာတ်ပုံကို မြင်လိုက်သောအခါတွင်. . .





"ဟင်. . . သူ သူ. . ."

ရွှေနွယ်ရိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဖြူခိုင်ကျော်က

"အဲဒီကောင်ကို သိလို့လား"

"သိတယ်"

"သူ ဘယ်သူလဲ"

"ကျွန်မ. . . ကျွန်မချစ်သူ"

"ဟင်"

ဖြူခိုင်ကျော် အကြောင်သား ဖြစ်သွားသည်။ ရွှေနွယ်ရိုးက ဓာတ်ပုံနှင့် တွဲဖက်ရေးသားထားသော စာတွေကို ဖတ်ရှုပြီးနောက်

"ကျွန်မပြောဖူးတဲ့ ကျွန်မချစ်သူဆိုတာ သူပဲ။ အဲဒီလင့်ခ်ကျွန်မကို ပို့ပေးပါ။ ကျွန်မ ခု အွန်လိုင်းဖွင့်လိုက်မယ်"

ဖုန်းဟမ်းစက်မှ အင်တာနက်လိုင်းဖွင့်ပြီး ရွှေနွယ်ရိုး facebook ဝင်သည်။ Message box မှ ဖြူခိုင်ကျော်ပို့ပေးသော လင့်ခ်ကို ကလစ်ပြီး ထိုပို့စ်အောက်တွင် Comment တစ်ခု ရေးလိုက်လေသည်။

နေရပ်လိပ်စာ အပြည့်အစုံ သိချင်ပါတယ်. . . ?



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

မြင်ကွင်းရှေ့မှ ဆိုင်ကယ်တစ်စီး ဖြတ်သွားသည်။

"နွယ် ,နွယ်ရိုး. . . ဟိုမှာ နွယ်ရိုးမလား"

ဇမ်ရဲ ကမန်းကတမ်းပြတော့ နံဘေးမှ အောင်သက်ဇော်လည်း ကပျာကသီ လိုက်ကြည့်သည်။

"တူတာတော့ တော်တော်တူတယ်ကွ"

"သူ ဘယ်လိုကြောင့် မန္တလေးရောက်လာတာလဲ မသိဘူး"

"သူ မန္တလေးမှာ နေတာများလား"

"ငါသိသလောက်တော့ သူ ရန်ကုန်မှာ တာဝန်ကျနေတယ်လို့ ကြားတာပဲ"

လက်ရှိ မိတ္ထီလာဆေးရုံမှာ တာဝန်ကျနေသော အောင်သက်ဇော်နှင့် မန္တလေးဆေးရုံကြီးမှာ လူနာကိစ္စနှင့် ပြန်ဆုံရာမှ သူငယ်ချင်းတွေ ပြန်ဆက်စပ်မိခြင်းဖြစ်သည်။ အောင်သက်ဇော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဆေး-၁မှ ပြီးတာဖြစ်ပြီး နှစ်တူတက်ဖြစ်ခဲ့တာမို့ ဇမ်ရဲတို့အကြောင်း အထိုက်အလျောက် သိသည်။ ယခုလည်း ကိုယ်ပိုင်ကိစ္စနှင့် မန္တလေးတက်လာသော အောင်သက်ဇော်ကို လိုက်ကူရင်း ယောက်ျားတစ်ယောက်မောင်းသော ဆိုင်ကယ်နောက်မှာ ရွှေနွယ်ရိုးနှင့် အလွန်တူသူကို တွေ့မြင်လိုက်တာဖြစ်သည်။

"ရှေ့က ဆိုင်ကယ်မောင်းသူက သူနဲ့ ဘယ်လိုပတ်သက်သလဲ မသိဘူးနော်"

"မင်း မမေ့နိုင်သေးဘူးလား"

"မေ့ဖို့ကို မကြိုးစားခဲ့တာပါ"

"အချိန်တွေကြာပြီဆိုတော့ သူလည်း အစားထိုးမှုမဟုတ်တောင် အသစ်တွေ့ရှိချက်တွေ ဖြစ်ပေါ်နိုင်တာပဲလေ။ မင်းလည်း အိမ်ထောင်မပြုတော့ဘူးလား"

ဇမ်ရဲ ရုတ်တရက် အသက်ရှူကြပ်သွားသည်။

"နွယ်ရိုးကို ငါ မျှော်လင့်ချင်တုန်းပဲ"

သူမကတော့ သူ့ကို စိတ်နာနေမည်ပဲလေ။ ကိုယ့်ဘက်ကလည်း စတင်၍ မဆက်သွယ်ရဲ။

"အိမ်ထောင်ရေး (၃)မျိုးရှိတယ်။ ပထမအိမ်ထောင်ရေးက ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်တာ။ ဒုတိယအိမ်ထောင်ရေးက ကိုယ့်အိမ်ထောင်ဖက်ရဲ့ အကျင့်စရိုက်နဲ့ လက်ထပ်တာ။ တတိယအိမ်ထောင်ရေးကတော့ ကိုယ့်အိမ်ထောင်ဖက်ရဲ့





ဘက်ဂရောင်း ဆွေမျိုးသားချင်းနဲ့ လက်ထပ်တာ။

ပထမတစ်ကြိမ်က စားသောက်ဆိုင် ဟိုတယ် တရားရုံး ဘာသာရေးကျောင်းဆောင်မှာဖြစ်ဖြစ် မင်္ဂလာခန်းမဆောင်ထဲမှာ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်တာမျိုးပေါ့။

ဒုတိယအကြိမ်က တစ်ဦးနဲ့တစ်ဦး သဟဇာတဖြစ်အောင် တစ်ဘက်သားရဲ့ အကျင့်စရိုက်နဲ့ ကိုယ့်ရဲ့အကျင့်စရိုက် လက်ထပ်ရတာ။

တတိယအကြိမ်က ကိုယ့်အိမ်ထောင်ဘက်ရဲ့ ဆွေမျိုးသားချင်းတွေနဲ့ ဖြစ်တည်မှုနဲ့ သင့်မြတ်အောင် လက်ထပ်ရတာ။

ဒုတိယအကြိမ်နဲ့ တတိယအကြိမ်လက်ထပ်တာက ပထမအကြိမ်နဲ့ လုံးဝကွဲပြားတယ်။ တကယ်လက်ထပ်တယ်ဆိုတာက နောက်ဆုံးနှစ်ကြိမ်နဲ့ ပိုဆိုင်ပါတယ်။ အခုခေတ် အိမ်ထောင်ရေးတွေက တစ်သက်တာမမြဲဘဲ လက်ထပ်ပြီးနောက်မှာ ကွာရှင်းပြတ်စဲကြတယ်။ အကြောင်းရင်းကို ဆန်းစစ်ကြည့်ရင် ကိုယ်လက်ထပ်ခဲ့တဲ့ ပထမအကြိမ်ကို ဒုတိယအကြိမ်ထိအရောက် မတွန်းပို့နိုင်ခဲ့လို့ပဲ။

ပထမအမျိုးအစားနဲ့လက်ထပ်တဲ့ ဇနီးမောင်နှံရဲ့ အိမ်ထောင်ရေးက တည်မြဲတဲ့အဆင့်မှာရှိတယ်။ ဒုတိယအမျိုးအစားနဲ့ လက်ထပ်တဲ့ ဇနီးမောင်နှံရဲ့ အိမ်ထောင်ရေးက တော်တော်ခိုင်မြဲတဲ့အဆင့်မှာရှိတယ်။ တတိယအမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com

နဲ့လက်ထပ်တဲ့ ဇနီးမောင်နှံရဲ့ အိမ်ထောင်ရေးကတော့ တော်တန်ရုံ ကွာရှင်းပြတ်စဲဖို့ လမ်းမမြင်ဘူး။ လောကကြီးမှာ ဆံဖြူသွားကျိုး သေဆုံးတဲ့အထိ အိမ်ထောင်ရေးခိုင်မြဲကြသူတွေဟာ အခြေခံအားဖြင့် ဘဝမှာ ၃ ကြိမ် လက်ထပ်ကြရတယ်။

အိမ်ထောင်ရေးမှာ အချစ်က အရေးကြီးသလို နားလည်မှုက ပိုအရေးကြီးတယ်"

"မင်း ဘာကိုဆိုလိုချင်တာလဲ"

"အိမ်ထောင်ဘက်ရွေးချယ်တဲ့အခါ မင်းမမှားဖို့ သတိပေးချင်တာပါ"

ဇမ်ရဲအာရုံထဲမှာ ဂျွန့်ပုံရိပ်က စိုးမိုးလာ၏။ ပြီးတော့. . . အိမ်သူ့မျက်နှာ. . .။ အရာရာ ဇဝေဇဝါများစွာနှင့်သာ. . .။

အောင်သက်နှင့်လမ်းခွဲပြီးနောက် ဇမ်ရဲ အိမ်တန်းပြန်လာခဲ့သည်။ မနက်က အိမ်မှအထွက် ဂျွန်က "ဒီနေ့ အိမ်ကို ဧည့်သည်လာလိမ့်မယ်။ စောစောပြန်လာပါ"ဟု အထပ်ထပ်မှာ၏။ ဘယ်သူလဲ မေးတော့ "ပဟေဠိ"ဟုသာ ဖြေသည်။ တော်တော်မလွယ်တဲ့ ကလေး. . .။

ဒီရက်ပိုင်း ပူဆာသဖြင့် ဂျွန်ကို ဟမ်းဖုန်းတစ်လုံး ဝယ်ပေးထားရသည်။ ဖုန်းရကတည်းက ဂျွန်သည် ဒီဒီနှင့်အတူ ဂိမ်းကစားလိုက်၊ ဒီဒီ၏သင်ပြမှုဖြင့် အင်တာနက်သုံးလိုက်နှင့် ကြီးကြီးကျယ်





ကျယ် စကားတွေပါ ပို၍ပြောတတ်လာသည်။ ယခုတလော အဲသည် ကလေးနှစ်ယောက် တပူးပူးတတွဲတွဲ ဖြစ်နေကြ၏။

ဇမ်ရဲ အိမ်ပြန်ရောက်တော့ အိမ်ရှေ့ခြံဝင်းထဲမှာ ဂျွန်နှင့်အတူရှိနေသော ဒီဒီနှင့်ဒေစီကျော်ဝင်းကို တွေ့မြင်ရသည်။

"အန်တီဒေစီက တော်တော်ကျန်းမာရေးကောင်းပုံရတယ်နော်"

"ဘာလို့လဲကွဲ့"

"အန်တီဒေစီရဲ့ တင်ပါးလုံးတွေက အကြီးကြီးတွေမို့ပါ"

"ဟင် ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ဗျ။ တင်ပါးလုံးကြီးခြင်းက ကျန်းမာရေးအတွက်ကောင်းတယ်တဲ့၊ ခန္ဓာကိုယ် အလယ်ပိုင်းထက် အောက်ပိုင်းမှာ အဆီတွေ စုဝေးနေတာက ကျန်းမာရေးအတွက် ပိုကောင်းတယ်တဲ့ဗျ။ မယုံ ဒီမှာ ဖတ်ကြည့်ပါလား"

ဂျွန်က ဖုန်းဟမ်းစက်မှ သတင်းစာမျက်နှာကို ဒေစီကျော်ဝင်းအား ပြနေသည်။ ယနေ့ အိမ်လာမည့်ဧည့်သည်ဆိုတာ ဒေစီကျော်ဝင်းကိုပြောတာဟု ဇမ်ရဲ ထင်လိုက်သည်။

ဒေစီကျော်ဝင်းသည် တစ်ဖက်ရပ်ကွက်တွင် နေထိုင်သော အပျိုကြီးမမတစ်ဦးဖြစ်၏။ သူ့အဒေါ်က ဇမ်ရဲ၏ ပင်တိုင်စံလူနာ။ ထိုလူနာကိစ္စအကြောင်းပြုပြီး ဒေစီကျော်ဝင်းက အိမ်ကို မကြာခဏ အဝင်အထွက်ပြုလေ့ရှိသည်။ ဇမ်ရဲအပေါ် ဆက်ဆံမှုကလည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့တခြား သရိုးသရီ ဆန်လာသည်။ ဒေစီကျော်ဝင်းသည် ရုပ်ရည်က ရွက်ကြမ်းရေကျိုမျှသာဖြစ်သော်လည်း ကိုယ်လုံးကိုယ်ထည်က အနည်းငယ်ဖိုင့်သည်မှအပ အတော်ထည်ဝါသည်။ ရွက်ကြမ်းဆီပြန်ဟု ပြော၍ရ၏။

"ဟယ် ရဲ ပြန်လာပြီ"

ဇမ်ရဲကိုမြင်တာနှင့် ရွက်ကြမ်းဆီပြန်ဒေစီကျော်ဝင်းက အနီးအပါး အပြေးကလေး ရောက်လာဆီးကြိုသည်။ နဖူးပြင်မှ ချွေးတို့အား လက်ဖဝါးဖြင့် သုတ်သပ်ပေး၏။ ငြင်းပယ်သလို ဟန်ပြုမိပေမယ့် ဇမ်ရဲ သာယာသလို ဖြစ်မိတာတော့ အမှန်ပင်။

အရွယ်ရောက် ယောကျ်ားတစ်ယောက်အနေနှင့် ဆန္ဒတွေကို သိက္ခာနှင့်ထိန်းကာ တစ်ကိုယ်ရေဖြေဖျောက်မှုနှင့်သာ ဖြေသိမ့်ခဲ့ရတာ နှစ်ကာလကြာပြီပဲ။ လိင်ပိုင်းဆိုင်ရာ စိတ်ပညာကျွမ်းကျင်သူများက လိင်ကိစ္စကို ဖုံးအုပ်ထားတာထက်စာရင် အထိုက်အလျောက် ဖြေလျှော့ပေးတာက စိတ်ကြည်လင်မှုရရှိပြီး စိတ်ကျဆင်းမှုကို ဟန့်တားနိုင်တယ်ဟု သုံးသပ်ကြသည်။

အဖက်ဖက်မှ တွေးတောသုံးသပ်မိတော့. . .

ငါ့အတွက် အိမ်ထောင်ဖက်ဆိုတာ တကယ်ပဲ လိုအပ်နေပြီလား. . .။

ခေါင်းထဲ မိုက်ခနဲဖြစ်သွားသဖြင့် ဒေစီကျော်ဝင်းလက်ကို ဆုပ်ကိုင်လိုက်မိသည်။ အစားမမှန်သလို အိပ်ရေးတွေလည်း ပျက်





သည်။ ဒါဟာ အနီးကပ်ပြုစုယုယမယ့် အိမ်ထောင်ဖက် မရှိလို့များလား. . .။

အိမ်ပြန်ချိန် ဒီလို အမြဲစောင့်ကြိုနေသူရှိရင် သိပ်ကောင်းမှာပဲ. . .

ဒေစီကျော်ဝင်း၏လက်ကို ဆုပ်ကိုင်ထားမိရင်း ဇမ်ရဲ အတွေးတွေ များနေသည်။ သူလည်း ငါ့အန္တိတာ တော်တော်ခံတာပဲ. . .။ ငါ့ကို တော်တော်ဂရုစိုက်တာပဲ. . .။ ဂျွန်နဲ့ အဆင်ပြေအောင်ကောရေရှည်မှာ နေနိုင်ပါ့မလား. . .။

ဒေစီကျော်ဝင်းကတော့ သူ့မလက်ကို ဇမ်ရဲ အကြာကြီး ဆုပ်ကိုင်ထားသဖြင့် ရင်ခုန်စိတ်လှုပ်ရှားနေပါသည်။

"ဗယ်လင်တိုင်းဒေး ရောက်တော့မယ်နော် ရဲ"

ဇမ်ရဲခန္ဓာကိုယ် ဆတ်ခနဲ တုန်ယင်သွားသည်။ ဒေစီကျော်ဝင်းက မပွင့်တပွင့်နှင့် တစ်စုံတစ်ခု တောင့်တဟန် မျက်ဝန်းရွဲကြီးများဖြင့် ဇမ်ရဲကိုကြည့်နေသည်။ ဒေစီကျော်ဝင်းနှင့်ဇမ်ရဲ၏ ဖြစ်အင်ကိုကြည့်ကာ ဒီဒီက ဂျွန့်ကို မေးငေါ့ပြ၏။ ထို့နောက် အသံစူးစူးလေးဖြင့်. . .

"လူ့ခန္ဓာကိုယ်မှာ စိတ်လှုပ်ရှားရင် သာမန်ထက်ကြီးထွားလာတဲ့အရာရှိတယ်။ အဲဒါဘာလဲ ဂျွန်. . . သိလား. . ."

ဒီဒီ့စကားကြောင့် ဇမ်ရဲနှင့်ဒေစီကျော်ဝင်း တွန့်ခနဲဖြစ်ပြီး ကိုယ်လုံးချင်း အနည်းငယ်ကွာသွားသည်။ ဂျွန်က ရှုသိုးသိုးမျက်



www.burmeseclassic.com

www.burmeseclassic.com



နှာထားဖြင့်. . .

"မသိဘူး"

ဒီဒီက လျှာလေးတစ်လစ်ထုတ်ပြီး. . .

"မျက်စိသူငယ်အိမ်ကိုပြောတာ"

ထိုအခါမှ ဇမ်ရဲနှင့်ဒေစီကျော်ဝင်း သက်သာရာရသွားသည်။ နှစ်ယောက်သား ရှက်ကိုးရှက်ကန်းနှင့် အိမ်ထဲ အတူဝင်သွားကြ၏။

"ဧည့်သည်က အခုထိ မလာသေးဘူး" ဟု ဂျွန် ညည်းသည်။

ဒီဒီက ဂျွန်၏နားနားကပ်ပြီး တိုးတိုးလေး ကျီစယ်သလိုပြော၏။

"နင် သူ့ကိုပဲ ရွေးချယ်လိုက်ပါလား ဂျွန်"

"ရွေးစရာလား. . . ခံစားလို့ မရဘူး"

ဂျွန့်မျက်နှာကလေးက အလိုမကျဟန်ဖြင့် ရှုံ့မဲ့နေသည်။

"အနော်က သူ့တင်ပါးတွေကို အပ်နဲ့ ထိုးဖောက်ပစ်ချင်တာ ပဲသိတယ်"

"ဘာလို့လဲ"

"အဲဒီလိုမျိုးတွေက ယောကျ်ားတွေကို ဆွဲဆောင်နိုင်တယ် ဆိုလို့"

ဒီဒီက တခစ်ခစ် ရယ်လေသည်။ ဂျွန်က "စိတ်မချဘူး" ဆိုပြီး ဒီဒီ့လက်ကိုဆွဲကာ အိမ်ထဲ အပြေးလိုက်ဝင်သွားသည်။ ယက်ကန်ယက်ကန်နှင့် ရယ်မောရင်း ဒီဒီ ပါသွား၏။





ထိုမြင်ကွင်းများအား တိတ်တဆိတ် ရပ်ငေးနေသူတစ်ဦး ရှိပါသည်။ သူ့ကို သတိမပြုမိကြ။

နှုတ်ခမ်းပါးလေးကို ဖိကိုက်ထားသော ထိုသူ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ စို့ဝဲလို့. . .။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၇)

"သူက အသစ်နဲ့ ပျော်ရွှင်နေပြီ"

"ဒါဆို သွားတာ မောကြောပဲ ဖြစ်ခဲ့တာပေါ့"

ရန်ကုန်မှ မန္တလေးထိ မျှော်လင့်တကြီး ကားစီးသွားသည်။ အဖော်ပင်မခေါ်။ တစ်ကိုယ်တည်း. . .။ မန္တလေးကားဝင်းထဲ ရောက်တာနှင့် ဆိုင်ကယ်ကယ်ရီငှားကာ တည်းခိုဖို့ ဟိုတယ်ဆီ အရင်သွားခဲ့သည်။ ဟိုတယ်မှာ ရေချိုးသန့်စင် လှပအောင်ပြင်ဆင် ပြီးတာနှင့် နားဖို့ပင် မစဉ်းစားဘဲ facebook comment မှာ ပြော သော လိပ်စာအတိုင်း အရောက်သွားတော့ ကြင်နာယုယနေသော မြင်ကွင်းက သူမရင်ကို ဆောင့်နင်းချေလေသည်။ ချက်ချင်းပင် ဟိုတယ်အခန်းပြန်၍ ပစ္စည်းတွေသယ်ယူပြီး သော့အပ်ကာ သူမ ပြန်ထွက်တော့ ဟိုတယ်ဝန်ထမ်းတွေကပင် အံ့အားသင့်နေကြသေး ၏။ မီရာကားနှင့် ရန်ကုန်ပြန်လာသည့်လမ်းတလျှောက်မှာ သူမ ရှက်ရွံ့နာကျင်ကြေကွဲနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မိသားစုဘဝကလေးဖြင့် သာယာနေပြီ။ သွားမိသည့်အတွက် သူမကိုယ်သူမ အပြစ်ရှိသလို ခံစားရ၏။

"မသေချာမရေရာတဲ့သတင်းတစ်ပုဒ်ကို နင်က အဟုတ်မှတ်ယုံမိတာကိုးဟ၊ ဒါ လုပ်ဇာတ်တစ်ခု ဟာသတစ်ခုလည်း ဖြစ်နိုင်တာပဲ။ မသွားခင်တည်းက သေချာတွေးဖို့ကောင်းတာ"

ပြောလည်းခံရမည်ပဲ။ ဆင်ခြင်သုံးသပ်နိုင်စွမ်းတွေ လျော့နည်းခဲ့တဲ့အပြစ်မှာ တရားခံက ဘယ်သူလဲ. . .။ အချစ်က မူးယစ်လွယ်တာလား. . .။ သူမက စဉ်းစားဆင်ခြင်ဉာဏ်နည်းလွန်းတာလား. . .။

"သူလည်း အသစ်နဲ့ ပျော်ရွှင်နေပြီဆိုတော့ နင်လည်း အသစ်နဲ့ ပျော်ရွှင်နိုင်ဖို့ပဲ ကြိုးစားတော့။ ကိုယ်လည်း ကုန်ကြမ်းရှားပါးပြတ်လပ်နေသူမှ မဟုတ်တာ။ ဝေဒနာတွေကို မွေးမြူထားတာနဲ့စာရင် ကိုယ့်အတွက် အဆင်မပြေတော့တဲ့ ပစ္စည်းကို စွန့်ပစ်ပြီး အသစ်နဲ့ အစားထိုးလဲလှယ်လိုက်တာက ရေရှည်မှာ ပိုအဆင်ပြေနိုင်ပါတယ်"

"သံယောဇဉ်ဆိုတာ ဖြုတ်လွယ်တပ်လွယ် စက်ပစ္စည်းမှ မဟုတ်ပဲ မခိုင်ရယ်"

"ဒါပေမယ့် ဒီအဆင်နဲ့ဒီအဆင်က ရှေ့မဆက်သင့်တော့ဘူးလေ"





"ဒါတော့ ဟုတ်ပါတယ်"

"ဟုတ်ရင် လုပ်လိုက်တော့"

ဝန်ထမ်းဖြစ်သောမိဘတွေ တာဝန်နှင့် နယ်ပြောင်းရွှေ့ချိန် နွယ်ရိုးသည် အလုပ်တူသော အသက် ၂၃နှစ်ပိုကြီးသည့် ဖြူခိုင်ကျော်နှင့် ကွန်ဒိုတစ်ခုမှာ အတူနေတာဖြစ်သည်။

ဖြူခိုင်ကျော်က ငြိမ်းသစ်အိမ်ဘက် ပြုကျဖို့ တွန်းအားပေးနေ၏။ ငြိမ်းသစ်အိမ်သည် ဖြူခိုင်ကျော်၏ အသိမိတ်ဆွေတစ်ဦးဖြစ်ပြီး မိဘက ကြွယ်ဝချမ်းသာသည်။ အလိုလိုက်ခံ တစ်ဦးတည်းသော သားဖြစ်ပြီး မိဘစီးပွားရေးကို ဟုတ်တိပတ်တိမကူဘဲ ဒီဇိုင်နာယောင်ယောင် ကဗျာဆရာယောင်ယောင်နှင့် အနုပညာဖီလင်ကြီးမားဟန်မျိုး ဂိုက်ဆိုက်ဒ်ကို ပိုင်ဆိုင်သည်။ ငြိမ်းသစ်အိမ်က နွယ်ရိုးကို ချစ်ခွင့်ပန်ထား၏။ နွယ်ရိုးဘက်က လိုက်လျောမှုက အသိမိတ်ဆွေအဆင့်ထက် မပိုသေး. . .။ တိတိကျကျ မတုံ့ပြန်ရသေး. . .။

ဇဝေဇဝါတောထဲမှာ လွင့်မျောနေဆဲ. . .။

စိတ်ပြေလက်ပျောက်ဖြစ်အောင် ဖြူခိုင်ကျော် ဖုန်းဆက်ခေါ်လေသလား မသိ။ ညနေခင်း မှောင်ရီဖျိုးဖျအချိန်တွင် ငြိမ်းသစ်အိမ် ကားနှင့်ရောက်လာပြီး နွယ်ရိုးနှင့်ဖြူခိုင်ကျော်ကိုခေါ်ကာ အပြင်ထွက် ညစာစားကြသည်။

ငြိမ်းသစ်အိမ်က ကွမ်းလေးတမြုံ့မြုံ့နှင့်. . .။

"ကိုငြိမ်းသစ်အိမ်က ဘာလို့ ကွမ်းစားတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအစိမ်းရောင်သစ်ရွက်ကလေးတွေက ကျွန်တော့်ရင်ဘတ်အတွက် ဓာတ်စာပါဗျာ။ ကျွန်တော်က ရင်ဘတ်သမားဆိုတော့ တစ်ခါတရံမှာ အထီးကျန်ဆန်မှုကို အဖော်ပြုဖို့ တစ်ခါတရံမှာ အနုပညာသန္ဓေသားတွေ မွေးဖွားဖို့. . . အစိမ်းရောင်သစ်ရွက်ကလေးတွေက အထောက်အပံ့ဖြစ်စေတယ်လေ"

ငြိမ်းသစ်အိမ်က သူ့ကိုယ်သူ ရင်ဘတ်သမားဟု မကြာခဏဆိုသည်။ သူ့ရင်ဘတ်ကြည့်တော့လည်း တစ်ထွာပင်ပြည့်ပါ့မလားထင်ရသည်။ တော်တော်လည်း ခွက်ဝင်နေ၏။ သူ့ရှေ့စကားကျယ်ကျယ်ပြောလျှင် လေထဲ လွင့်ပါမျောသွားလေမလား စိုးရိမ်ပူပင်ရလောက်အောင် လူက ပိန်ပိန်ပါးပါးဖြစ်သော်လည်း ဝမ်းဝေးကေနှင့် ရုပ်ရည်က သန့်ပြန့်သည်။ စကားပြောလျှင်လည်း နာတာရှည်လူမမာတစ်ယောက်ပမာ တိုးပျော့ပျော့နှင့် ရည်မွန်ညင်သာသည်။

"မြန်မာတို့ရဲ့ဂုဏ်ယူစရာ မြန်မာဘီယာပုလင်းအေးအေးလေးသုံးလုံး. . . အရင်ဆုံး ဖန်တီးပေးပါလားခင်ဗျာ"

စားသောက်ဆိုင်ရောက်တာနှင့် ငြိမ်းသစ်အိမ်က ဆိုင်ဝန်ထမ်းကို ယုယစွာ မှာသည်။ ဖြူခိုင်ကျော်က. . .

"ဟဲ့ ငြိမ်း. . . ငါတို့ မသောက်ဘူးနော်"

"ဟုတ်ကဲ့. . . ကျွန်တော် သောက်ဖို့မှာတာပါ"

"ဟင် ကိုငြိမ်းသစ်အိမ်က ဘီယာလည်းသောက်တာပဲလား"





"ဟုတ်ကဲ့. . . ကျွန်တော်က ရင်ဘတ်သမားဆိုတော့"

ငြိမ်းသစ်အိမ်က ပျော့ပျော့လေး ဆက်ပြောသည်။ ပျော့လွန်းသဖြင့် နားစိုက်ထောင်တာတောင်မှ ဘာပြောမှန်း သေသေချာချာ မကြားလိုက်ရ။

လူပိန်လေပျော့ပေမယ့် သောက်ချက်ကတော့ တင်းသည်။ ဘီယာသုံးပုလင်း ခဏလေးနှင့် ပြောင်စင်သွားသဖြင့် ယုယစွာ ထပ်မှာနေသေးသည်။

"ဒီလောက်သောက်နေတာ စိတ်ညစ်လို့လားဟင်"

"ကျွန်တော် အဲလိုလူစားမျိုး မဟုတ်ဘူး။ စိတ်ညစ်လို့ သောက်တဲ့လူစားထဲမှာ ကျွန်တော်မပါဘူး"

စကားမှားသွားပြီဟု နွယ်ရိုး အားနာစွာ ခံစားလိုက်ရသည်။ တောင်းပန်မလို့ပြင်စဉ် ဖြူခိုင်ကျော်က ဝင်မေးသည်။

"ဒါဆို ဘာလို့ သောက်တာလဲ"

"ကျွန်တော်က သောက်ချင်လို့ကို သောက်နေတာပါ"

"ဩော်"

လေးစားဦးခိုက်စရာပါပဲလား. . .။ ဒါကြောင့်လည်း ရင်ဘတ်သမားဖြစ်နေတာ ထင်ပါရဲ့။

ဖြူခိုင်ကျော်က ဆေးလိပ်၊ ကွမ်းနှင့် အရက်ဘီယာတို့၏ ဆိုးကျိုးတွေ ပြောပြနေသည်။ အဲ့လိုကျတော့လည်း ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် ခေါင်းလေးကို တဆတ်ဆတ်ညိတ်၏။ ပါးစပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အသောက်မပျက်ပါ။ တရစပ်လောင်းထည့်နေတာ အသည်းတောင် ခြောက်ချိန်ရပ့ါမလားပဲ။

စကားနည်းသော ငြိမ်းသစ်အိမ်သည် ဘီယာဝင်မှ အနည်းငယ်နှုတ်သွက်လာသည်။

"ကျွန်တော်က ရင်ဘတ်သမားဆိုတော့ စိတ်လှုပ်ရှားလွယ်တယ်။ ကျွန်တော် နည်းနည်းလေး စိတ်လှုပ်ရှားရင် သစ်ရွက်စိမ်းလေးတွေ ဝါးတယ်။ များများစိတ်လှုပ်ရှားရင် မြန်မာတို့ရဲ့ ဂုဏ်ယူစရာလေးကို အဖော်ပြုတယ်"

"ဒါဆို အခုလည်း စိတ်လှုပ်ရှားနေတယ်ပေါ့"

"ဟုတ်တယ်။ ရိုးရှေ့ရောက်တိုင်း ကျွန်တော် စိတ်လှုပ်ရှားတယ်။ ရိုးက ကျွန်တော့်ရဲ့ ရင်ဘတ်ပဲ"

ဖျော့တော့သော ရီဝေဝေအကြည့်လေးတွေနှင့် ရွှေနှယ်ရိုးကို မဝံ့မရဲသလိုလေး ငေးကြည့်နေသည်။ သူ့အကြည့်တွေက ဝမ်းချုနေသကဲ့သို့မို့ နှယ်ရိုး အနေခက်လာ၏။ ငြိမ်းသစ်အိမ်က ရင်ဘတ်ကလေးကို ဖွဖွဖိကာ "ရိုးအတွက် ငြိမ်းရေးထားတာလေးပါ" ဆိုပြီး ကဗျာစာရွက်ကလေး ရိုသေစွာ ထုတ်ပေး၏။

သိပ်ကို နူးညံ့သူပါလေ...။





ငါက ကြေကွဲပြီးသားမြို့ပါ...
မြေမှာ အပြီးအစီး သင်္ဂြိုလ်လိုက်ရပါပြီ...။
မျှော်လင့်ခြင်းဆိုတာ စောင့်ဆိုင်းနေခြင်းမဟုတ်လား
ငါ ရပ်စောင့်နေပေမယ့် နင်ဟာ ပြန်လာစရာမရှိခဲ့သူပါ
အမှတ်တရရှိသေးဘူးလို့ ပြောချင်ပြော
ရိုးမြေကျစောင့်နေရလည်း
နင့်အတွက်နဲ့ငါ...
ကြေကွဲရကျိုးနပ်ပါတယ်။

(ငြိမ်းသစ်အိမ်/ရင်ကျိုးနေတဲ့မြို့)

အဲဒီကဗျာကိုဖတ်မိချိန် နှယ်ရိုးစိတ်ထဲမှာ ဇမ်ရဲကို သတိရလိုက်မိတာ ဘာလို့လဲ...။ မေ့ဖျောက်ဖို့ ကြိုးစားနေတဲ့ကြားက...။ ဟင့်အင်း... မေ့ဖျောက်ဖို့ ကြိုးစားရတယ်ဆိုကတည်းက မမေ့ဖျောက်နိုင်သေးလို့... စိတ်မှာရှိနေသေးလို့ပဲမလား...။

အိမ်ထောင်သည်တစ်ယောက်ကို သတိရနေမိသည့်အတွက်လည်း လိပ်ပြာမလုံစွာ ရှက်သည်။ ငြိမ်းသစ်အိမ်ကိုလည်း စာနာသနားသွားသလို ခံစားလိုက်ရသည်။

"ကျွန်တော် နွားမဟုတ်ပါဘူး။ ဒါပေမယ့် ကြိုးရှည်ရှည်နဲ့ လှန်ထားလို့ ရပါတယ်။ နောက်ဆုံး ကျွန်တော့်ရဲ့ ချည်တိုင်ဟာ ရိုးဖြစ်ရင် ကျေနပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ သူ့ခမျာ ဝေဒနာသည်လေး. . .။ ငါ အပြစ်သား ဖြစ်နေပြီလား. . .။

စိတ်တွေက မပီဝိုးတဝါးနှင့်. . . လေပေါ် အရုပ်ရေးချင်နေတုန်း. . .။

ထိုည အိမ်ပြန်ရောက်တော့ အိပ်ခါနီး ဖုန်းဟမ်းစက်နှင့် facebook ဝင်ကြည့်ရာ message တစ်ခုဝင်နေတာ တွေ့လိုက်ရလေသည်။

ဖွင့်ကြည့်လိုက်တော့ ပို့သူက . . .

တိတ်တဆိတ်လူသားတစ်ယောက်. . .။





# အခန်း (၁၈)

ဂွန်နှင့်ရွှေနွယ်ရီး ခင်မင်ရင်းနှီးသွားကြလေပြီ။

facebook message မှ ဖုန်းနံပါတ်ဖလှယ်ရင်း အပြန်အလှန် အပြစ်တင်ဝေဖန်ရင်း အကြောင်းစုံ ရှင်းပြပြောဆိုပြီးနောက် သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ နွေးထွေးသော အခြေအနေသို့ ကူးပြောင်းသွားခဲ့ကြ၏။

"တိုက်ဆိုင်လိုက်တာ။ အနော်က တစ်နေ့မှာ နတ်သမီးတစ်ပါး ရောက်လာလိမ့်မယ်လို့ မျှော်လင့်ထားတာ"

"အခုတစ်ခါ လွဲချော်ပေမယ့် နောက်တစ်ကြိမ် ကြိုးစားကြတာပေါ့"

နွယ်ရီး အဖြစ်မှန်သိသွားသလို ဂွန်လည်း facebook မှ လိပ်စာမေးပြီး အိမ်လာမည်ဆိုသော ဧည့်သည်နှင့် ရွှေနွယ်ရီးမှာ တစ်ယောက်တည်းဖြစ်ကြောင်း သိသွား၏။ နှစ်ယောက်သား ကျေနပ်နေကြသည်။

"နတ်သမီးက ဖေဖေဇမ်အတွက် အသင့်တော်ဆုံး အိမ်ထောင်ဘက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်က အောင်သွယ်တော် လုပ်နေသည်။ နွယ်ရိုးမှာ ပြုံးယောင်ယောင်နှင့် ရယ်ချင်နေ၏။

"ကလေးက မမကို ဘာလို့ နတ်သမီးလို့ခေါ်တာလဲကွ"

"ဖေ့ဘုတ်ပုံမှာ နတ်သမီးအရုပ်ကလေး တင်ထားလို့"ဟု ဂျွန်က ဖြေသည်။ ပြီးတော့ "မမရဲ့ ဖေ့ဘုတ်နာမည်က နတ်သမီးနာမည်မလား"ဟု ပြောသည်။

နွယ်ရိုး၏ facebook အမည်မှာ Lorelei Angel ဖြစ်သည်။ ထိုအမည်နှင့်ပတ်သက်၍ ဂျွန်မေးတော့ နွယ်ရိုး ရှင်းပြဖြစ်သေးသည်။

လိုရယ်လေ ဆိုသည်မှာ ဂျာမန်အမျိုးသမီးငယ်တစ်ဦး၏ အမည်ဖြစ်သည်။ သူမသည် ချစ်သူက သစ္စာဖောက်သွားသောကြောင့် ဂျာမနီနိုင်ငံအတွင်းရှိ ရိုင်းမြစ်ထဲခုန်ဆင်း၍ သေဆုံးခဲ့လေသည်။ သူမသည် ဥစ္စာစောင့်ကဲ့သို့ ဖြစ်သွား၍ မြစ်ကမ်းနဖူးရှိ ကျောက်ဆောင်များပေါ်တွင် ထိုင်နေလေ့ရှိကာ ဆံပင်ကိုဖြီးရင်း သီချင်းဆိုနေတတ်သည်ဟု ယုံကြည်ကြ၏။ မြစ်ကြောအတွင်း ဖြတ်သန်းသွားလာသော သင်္ဘောသားများသည် သူ့ကိုတွေ့လိုက်ရလျှင် အခြားတစ်ပါးမကြည့်နိုင်ဘဲ အညှို့ခံရသလိုဖြစ်သွားပြီး ရေကြောင်းလမ်းမှားကာ ကျောက်ဆောင်နှင့်ဝင်တိုးတိုက်မိကြသည်ဟု ဆို၏။ ယခုအခါ ထိုကမ်းနဖူးကျောက်ဆောင်များကို 'လိုရယ်လေ' ဟူသောအမည်ဖြင့်ပင် ခေါ်ဝေါ်နေကြပါသည်။





"အနော့်မှာလည်း နတ်သမီးအရုပ်ကလေးရှိတယ်။ မေမေ ပေးခဲ့တာ"

မေမေ မသေဆုံးခင်တစ်ရက်မှာ ဂျွန့်ကို နတ်သမီးအရုပ်ကလေး လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

"မေမေ မရှိတော့ရင် သား ဒီနတ်သမီးလေးနဲ့ နေနော်။ မေမေ့ကို ပြောချင်တာတွေ ဒီနတ်သမီးလေးကို ပြော။ ညဘက် သားဖက်အိပ်နေကျ မေမေ မရှိတော့တဲ့အခါ ဒီနတ်သမီးလေးကို ဖက်အိပ်ပေါ့။ လိမ္မာရေးခြားရှိပြီး စိတ်ထားဖြူစင်သူတွေကို နတ်သမီးလေးတွေက ကူညီတယ်။ သား . လိမ်လိမ်မာမာနေနော်"

အဲဒီစကားတွေ ပြောနေချိန် မေမေ့မျက်ဝန်းအိမ်မှာ မျက်ရည်တွေ စို့စွတ်နေတာ ဂျွန် သတိပြုမိခဲ့၏။

"မေမေက ဘာလို့ မရှိမှာလဲဟင်"

"မေမေက ဟိုးအဝေးကြီးကို ခဏသွားမလို့ပါ။ မကြာခင်မှာ မေမေ ပြန်လာပါ့မယ်။ ဒါပေမယ့် မေမေ ပြန်လာတဲ့အခါကျရင် ဒီလိုပုံစံနဲ့ မဟုတ်တော့ဘူး။ အသွင်သစ်နဲ့ ပြန်လာမှာ. . . ။ အဲဒီအခါကျရင် သား မေမေ့ကို မမှတ်မိဘူးဆိုပြီး မခေါ်ဘဲ မနေရဘူးနော်။ မေမေထွက်သွားပြီး သိပ်မကြာခင်ကာလမှာ ဖေဖေဇမ်က အမျိုးသမီးတစ်ယောက်ကို ဒီအိမ် ခေါ်လာလိမ့်မယ်။ အဲဒါ မေမေပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဂျွန် သိတတ်စအရွယ်ကတည်းက ဖေဖေဇမ်ကို ဖေဖေဟုမခေါ်စေဘဲ ဖေဖေဇမ်ဟုသာ ခေါ်စေခဲ့သည်။ နောက်ဆုံးနေ့ရက်များမှာ မေမေသည် ဂျွန့်ကို တာဝန်ဝတ္တရားတွေ ပေးအပ်ခဲ့ပါသည်။ ဖေဖေဇမ့်ကို စိတ်ဆင်းရဲအောင် မလုပ်ဖို့လည်း ခဏခဏ မှာ၏။

"နတ်သမီးက အနော်မျှော်လင့်တဲ့ နတ်သမီးမျိုး ဖြစ်ပါစေလို့ ဆုတောင်းနေမိတယ်. . ."

"သားက ဘယ်လိုနတ်သမီးမျိုး မျှော်လင့်တာလဲ"

"မေမေနဲ့တူတဲ့ နတ်သမီး. . ."

နွယ်ရိုးရင်ထဲမှာ ကျဉ်ခနဲနေအောင်ပင် ခံစားလိုက်ရ၏။ အိမ်သူ့ကိုလည်း သတိရလွမ်းဆွတ်သွားသည်။

အိမ်သူက ကလေးမျက်နှာငယ်မှာစိုးသဖြင့် သူတို့အတွင်းရေးကို အခြားသူတွေလည်း သိစေလိုပေါ်မပုံ။ အနီးမှာ အခြား အားကိုးရာမဲ့နေ၍လည်း ဖြစ်နိုင်၏။ ဒါကြောင့်သာ ဒီလိုစီစဉ်ခဲ့ခြင်း ဖြစ်နိုင်ပါသည်။ သွက်လက်ထက်မြက်သော ဂျွန့်အပေါ် ယုံကြည်မှုလည်း ပါပေလိမ့်မည်။

စာထဲမှာ ရေးထားတာတွေထဲတွင် သူမ ရင်သားကင်ဆာဖြစ်နေတာပါသည်။ ထိုရောဂါနှင့် ဝေဒနာတွေက သူမကို အဝေးထွက်သွားစေခဲ့ခြင်းဖြစ်ပါလိမ့်မည်။

သူတို့လေးဦး ပထမဆုံး စဆုံတွေ့သည့်နေ့က ကိုယ့်ရဲ့ အိမ်





ထောင်ဘက်ဟာ အပျိုလူပျို စစ် မစစ် တွက်ခဲ့ကြတာ သတိရသည်။ ထိုတွက်နည်းလေးကို မကြာခဏ ပြန်တွက်ကြည့်ရင်း သင်္ချာပညာ၏ဝှက်ဖဲတစ်ချပ် ရှိနေကြောင်း သတိပြုမိခဲ့၏။

"အခုတလော ဖေ့ဘုတ်မှာ ဖေဖော်ဝါရီ ၁၄ရက်နေ့ ရောက်တော့မယ်ဆိုတာတွေ အရမ်းရေးကြတာပဲ။ အဲဒါ ဘာလဲဟင်"

"ဖေဖော်ဝါရီ ၁၄ရက်နေ့ဆိုတာ ချစ်သူများနေ့ကို ပြောတာလေ ဂျွန်ရဲ့"

"အနော်ကတော့ ဖေဖော်ဝါရီ၁၃ဟာ ဗိုလ်ချုပ်မွေးနေ့ပါဆိုတာပဲ သိတယ်၊ အဲဒီ ချစ်သူများနေ့မှာ ဘာတွေလုပ်ကြလဲဟင်"

"အဲ. . . အဲဒီနေ့ကိုရောက်ပြီဆိုတာနဲ့ ကမ္ဘာအရပ်ရပ်က ချစ်သူတွေက အမှတ်တရလက်ဆောင်လေးတွေ၊ ချောကလက်လေးတွေ၊ ပန်းစည်းတွေ အစရှိတဲ့ လက်ဆောင်တွေကို လဲလှယ်ကြတယ်"

"အဲဒီနေ့က ဘယ်လို ဖြစ်ပေါ်လာတာလဲဟင်"

ဂျွန်က တစ်ခုပြီးတစ်ခု နှိုက်နှိုက်ချွတ်ချွတ် မေးသဖြင့် နွယ်ရိုးလည်း Valentine's Day အကြောင်း သိသမျှဖြေပေးရ၏။ Valentine's Day ဖြစ်ပေါ်လာပုံတွေက ထွေပြားသည်။



www.burmeseclassic.com

www.burmeseclassic.com



### ချစ်သူများနေ့ဖြစ်ပေါ်လာပုံ-(၁)

ရောမမြို့ ရောမပြည့်ရှင်မင်း ကလောဒီးယပ်စ်၂ လက်ထက်တွင် ဖြစ်သည်။ စစ်တိုက်ထွက်သော စစ်သည်တော်တွေဟာ ချစ်သူရည်းစား ဇနီးမယားတွေကို တမ်းတအမှတ်ရမှုများကြောင့် စစ်ပွဲတိုင်း အမြဲရှုံးနိမ့်သည်ဟု ယူဆကာ ချစ်သူရည်စား မဖြစ်စေရအမိန့်ထုတ်သည်။ အစဉ်အလာအားဖြင့် လက်ထပ်ထိမ်းမြားခြင်းအမှုကို ပြုလုပ်ပေးသော ဘုန်းတော်ကြီးများအားလည်း လုံးဝ မပြုလုပ်ပေးရဟု ပြင်းပြင်းထန်ထန် တားမြစ်ခဲ့ကြသည်။ နှလုံးသားရဲရင့်သော ချစ်သူနှစ်ဦးကတော့ သူတို့၏အချစ်ကို ချစ်တတ်သူတွေအတွက် အမြဲရှင်သန်ဖို့ ဘုန်းတော်ကြီး Valentine ကို လက်ထပ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဘုန်းတော်ကြီး Valentine ကလည်းချစ်သူတို့၏ဘဝ ချစ်ခြင်းနိယာမကို နားလည်စာနာတတ်သူမို့ မိမိအသက်ကို ပဓာနမထားပဲ လက်ထပ်ပေးလိုက်လေသည်။ ဒီအကြောင်းတွေကို ဘုရင်သိသွားတော့ ဘုန်းတော်ကြီးကို ဖေဖေါ်ဝါရီ(၁၄)ရက်တွင် ခေါင်းဖြတ်၍ အဆုံးစီရင်ကွပ်မျက်လိုက်၏။ ထိုသို့ချစ်သူများအတွက် အသက်ပေးသွားခဲ့သော ဘုန်းတော်ကြီး Valentine ကို ဂုဏ်ပြုသောအားဖြင့် Valentine's Day (သို့မဟုတ်) ချစ်သူများနေ့ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်လေသည်။

### ချစ်သူများနေ့ ဖြစ်ပေါ်လာပုံ-(၂)

အခြားသမိုင်းကြောင်းတစ်ခုကတော့ ဘီစီ-၄ရာစုခေတ်က





ဖြစ်သည်။ ရောမနိုင်ငံသားတွေဟာ လူပါကပ်စ်ဆိုသော နတ်ဘုရားကို အကြောင်းပြုပြီး ပွဲတော်အဖြစ်ကျင်းပကြသည်။ ပွဲတော်ရက်မတိုင်မီ ဖေဖေါ်ဝါရီ(၁၄)ရက်နေ့မှာတော့ ရောမနတ်ဘုရား၏မိဖုရားဖြစ်သူ လက်ထပ်ထိမ်းမြားခြင်းရဲ့ နတ်ဘုရားဖြစ်သောဂျူနိုကို ဂုဏ်ပြုသောအားဖြင့် ပွဲကျင်းပ၏။ ဖေဖော်ဝါရီ (၁၅)ရက်နေ့ရောက်တော့မှ နတ်ဘုရားဖြစ်သော လူပါကပ်စ်ကို ကိုးကွယ်ပူဇော်ပသကြတာဖြစ်သည်။ အဲသည်နေ့မှာတော့ အမျိုးသားနှင့်အမျိုးသမီး လုံးဝ တွေ့ဆုံခွင့် မရှိပါဘူး။ သီးခြားစီ နေကြရ၏။ အဲသည်နေ့ရဲ့ ညနေပိုင်းမှာ လူငယ်တွေဟာ မဲလိပ်တွေမှာ ကိုယ့်အမည်ရေးပြီး မဲအနှိုက်ခံရသည်။ အကယ်၍ မဲပေါက်သော အမျိုးသားကို သူပေါက်တဲ့မဲအမည်ဖြစ်တဲ့ အမျိုးသမီးဟာ နောက်နှစ်ဒီလိုရက်အချိန်ထိ တစ်နှစ်လုံး အတူနေခွင့်ရှိ၏။ ထိုသို့ တစ်နှစ်လုံးအတူနေခွင့်ကြောင့် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးကျွမ်းဝင်ဖြစ်ကြပြီး မေတ္တာသက်မျှကြသည်ပေါ့။ နှစ်ပေါင်း ၈၀၀ လောက်ထိုပွဲတော်ကို ကျင်းပပြုလုပ်ခဲ့ကြပေမယ့် နောက်ပိုင်းမှာတော့ ဘာသာရေးဆိုင်ရာ ဘုန်းတော်ကြီးများက ရပ်ဆိုင်းပစ်ဖို့ ကြိုးစားခဲ့ကြ၏။ ဒါ့ကြောင့် ထိုပွဲတော်ရက် ပျောက်သွားသော အထိမ်းအမှတ်အဖြစ် ချစ်သူများနေ့ဆိုတာကို ကျင်းပတယ်ဟု ယူဆမှုလည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူများနေ့ ဖြစ်ပေါ်လာပုံ-(၃)

ဒါ့အပြင် အချို့အချို့သော သူတွေကလည်း ချစ်သူများနေ့ ဆိုတာ ဒေဝဥယျာဉ်ထဲက ပန်းသီးကို အာဒံက ဧဝအတွက် ခူးပေးတဲ့နေ့အဖြစ် ပြောကြပြန်သေးသည်။ အာဒံသည် နတ်ဆိုးတစ်ကောင်ရဲ့ လှုံ့ဆော်မှုကြောင့် ဘုရားသခင်တားမြစ်ထားသော ပန်းသီးကိုဝင်ခူးပြီး ဧဝကိုကျွေးခဲ့၏။ အဲဒီကတည်းကစလို့ လူတွေမှာ အချစ်စိတ်တွေ စတင်ပေါ်ပေါက်လာသည်ဟု ဆိုကြသည်။ ဒါ့ကြောင့် အာဒမ် ပန်းသီးဝင်ခူးတဲ့နေ့ကို ချစ်သူများနေ့ဟု သတ်မှတ်ကြခြင်းဖြစ်ကြောင်း သိရပြန်ပါသည်။

ဘယ်လိုပဲပေါ်ပေါက်ခဲ့ပါစေ. . .။ ဒီကနေ့ ကမ္ဘာအရပ်ရပ်မှာတော့ ချစ်သူများနေ့ကို လူအများ လက်ခံယုံကြည်ကျင့်သုံးနေကြ၏။ ပညာရှင်တွေကလည်း ဖေဖော်ဝါရီလဟာ အချစ်ရည် အချစ်သွေးလွှမ်းနေတဲ့ ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုသော လတစ်လဟု သတ်မှတ်ထားကြ၏။

"ဒါဆို ဒ ဒီလိုလုပ်မယ်"

တစ်ဖက်မှ ငြိမ်နားထောင်နေသော ဂျွန်၏အသံ ရုတ်တရက် တက်ကြွစွာ ထွက်ပေါ်လာသည်။

"ဘာကိုလဲ ဂျွန်ရဲ့"

"အဲဒီ. . . အဲဒီ ချစ်သူများနေ့မှာ. . . အနော်တို့. . . တွေ့ကြမယ်. . ."





## အခန်း (၁၉)

"ဖေဖေဇမ်အတွက် အနော် အိမ်ထောင်ဘက်ရှာထားပြီ"

"ဘာ. . ."

"မနက်ဖြန် သူနဲ့တွေ့ဖို့ သွားရမယ်"

"ဘယ်လို. . ."

"အနော် အားလုံး စီစဉ်ထားပြီ"

ဂျွန်က လှပစွာ အသေအချာ ထုပ်ပိုးထားသော နှင်းဆီနီပန်းစည်းကြီးနှင့် ဖဲကြိုးပန်းရောင်လေးဖြင့် တွဲယှက်ချည်နှောင်ထားသော ချောကလက်ပြားလေးကို စားပွဲခုံပေါ် အသာချသည်။ ဇမ်ရဲ့မှာတော့ နံနက်စာ ကော်ဖီသောက်ရင်း မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်နေသည်။

သူ အိပ်ရာနိုးတော့ ဂျွန့်ကိုမတွေ့. . .။ နံနက်စာ မစားဘဲ ဒီဒီနှင့်အတူ ကျောင်းသွားပြီဟုပင် ထင်မိသေးသည်။ တကယ်တမ်းတော့ ဂျွန်သည် ဒီဒီ့ကိုခေါ်ကာ ဈေးဝယ်ထွက်နေခြင်းဖြစ်၏။

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ ဂျွန်. . . ရှုးနေတာ



www.burmeseclassic.com

www.burmeseclassic.com



လား. . .”

“အနော် မရှုးဘူး။ ဖေဖေဇမ် မိန်းမ,မရရင် ရှူးသွားမှာစိုးလို့ စေတနာနဲ့ စီစဉ်ပေးနေတာ”

“ဘာာာ. . .”

“ဟုတ်တယ်။ အထီးကျန်နေတဲ့ ဖေဖေဇမ်အတွက် အစစအရာရာအတွက် အိမ်ထောင်ဘက်ရှာပေးတာ။ ဖေဖေဇမ်ယူလာတဲ့မိန်းမကို အနော် သဘောမကျမှာစိုးလို့ အနော့်စိတ်ကြိုက် ရှာနေတာ။ အနော် အခု ရွေးချယ်ထားတဲ့ ဇနီးသစ်ကို ဖေဖေဇမ် သဘောကျမှာပါ။ သူ့နာမည်က **လိုရယ်**လေ. . . သူက နတ်သမီးတစ်ပါးပဲ”

“ဟာာာ. . . ဘာတွေလဲကွာ. . . မင်းစကားတွေနဲ့တင် ငါတကယ်ရှူးတော့မယ် ဂျွန်”

“မရှူးပါနဲ့ဦး ဖေဖေဇမ်. . . မိန်းမယူလိုက်ပါဦး”

“ငါ့ကို သေချာရှင်းပြပါဦးကွာ”

ဇမ်ရဲ တောင်းတောင်းပန်ပန် မေးယူရသလို အခြေဆိုက်သွားသည်။ ဂျွန်က အေးဆေးပါသည်။ “စီစဉ်ရတာ မောလိုက်တာ”ဆိုပြီး ကော်ဖီတစ်ခွက် ငုံ့သောက်လိုက်သေး၏။ ပြီးတော့မှ ဒီဒီ၏အကြံပေးမှုဖြင့် ပူးပေါင်းစီစဉ်သော facebook ကိစ္စမှစ၍ ပြောပြသည်။ သူ့မိခင်မှာကြားခဲ့သည့်အတိုင်း သတင်းစာတွင် ကြော်ငြာထည့်၍ ရွှေနွယ်ရိုးကို စုံစမ်းဆက်သွယ်ပြီး အကြောင်းစုံ





ရှင်းပြရေးသားထားသော စာအုပ်ပို့ခဲ့တာနှင့် ယခုသွားတွေ့ရမည့်သူမှာ ရွှေနွယ်ရိုးဆိုတာတော့ မပြောချေ။

ရွှေနွယ်ရိုးက မပြောဖို့ နှုတ်ပိတ်ထား၍ဖြစ်၏။ ဇမ်ရဲကိုလူချင်းတွေ့မှ အံ့ဩဝမ်းသာသွားအောင် လုပ်ချင်၍ဖြစ်သည်။

ယခုသွားတွေ့ရမည့်သူမှာ facebook မှ ဆက်သွယ်သူတစ်ယောက်ဟုသာ ဇမ်ရဲကို ဂျွန် ပြောလိုက်၏။ ထိုအခါ ဇမ်ရဲ ပေါက်ကွဲလေတော့သည်။

“ဘာမှန်းမသိ ညာမှန်းမသိ အွန်လိုင်းပေါ်က ဆက်သွယ်တဲ့မိန်းမတစ်ယောက်ကို ငါက အိမ်ထောင်ဘက်အဖြစ် အသိအမှတ်ပြုဖို့ သွားတွေ့ရမှာလား။ ဒါ အဓိပ္ပာယ်မရှိတဲ့ကိစ္စပဲ။ မင်း အရူးချေးပန်းတွေ လျှောက်လုပ်မနေနဲ့ ဂျွန်”

“အရူးချေးပန်းတာက မွစာကျဲနေမှာပေ့ါ။ အနော်က သေသေသပ်သပ် လုပ်တာပါ”

“မင်း သူ့ကို မြင်ဖူးလို့လား”

“မမြင်ဖူးဘူး။ ဒါပေမယ့် သူ့ကို ဖေဖေဇမ် သဘောကျမှာသေချာတယ်။ သူဟာ ဒီအိမ်အတွက် အဖြစ်သင့်ဆုံး အိမ်ရှင်မပဲ။ မနက်ဖြန်ညနေ ရန်ကုန် အင်းလျားကန်ဘောင်မှာ သူနဲ့ ချိန်းထားတယ်”

“ဘာ. . . ရန်ကုန်ထိ သွားတွေ့ရမှာ. . . ဟုတ်လား. . .။ လုံးဝ မသွားဘူး”



www.burmeseclassic.com

www.burmeseclassic.com



“ချစ်သူများနေ့မှာ ချစ်သူတွေအလာများတဲ့ အရမ်းသာယာလှပတဲ့ ပျော်ရွှင်စရာသိပ်ကောင်းတဲ့ အင်းလျားကန်ဘောင်မှာ အိမ်ထောင်ဘက်နဲ့ တွေ့ရမှာလေ”

“အင်းလျားကန်ဘောင်က ချစ်သူတွေ အလာများတယ်၊ အရမ်းသာယာလှပတယ်၊ ပျော်ရွှင်စရာသိပ်ကောင်းပါတယ်လို့ မင်း ဘယ်သူပြောလဲ”

“နတ်သမီးပြောတာ၊ အမှန်တွေပဲမလား”

အဲဒီနတ်သမီးဆိုသူကို ဇမ်ရဲ တော်တော် နားကြားပြင်းကပ်လာသည်။

“မှန်တာမှားတာ မင်းနဲ့မဆိုင်ဘူး။ ဒီနေ့ ကျောင်းဖွင့်ရက်။ မနက်ဖြန်လည်း ကျောင်းဖွင့်တယ်။ ဒီတော့ ဒီနေ့ကော မနက်ဖြန်ကော မင်း ကျောင်းသွားရမယ်။ မင်းရဲ့ဖုန်းကိုလည်း ငါ့ပေးတော့။ ဒီနေ့ကစပြီး မင်းကို ဖုန်းကိုင်ခွင့် မပေးတော့ဘူး။ အရင်က အဆင့်တွေတက်ပြီး အမှတ်တွေရသလောက် အခု အဆင့်တွေကျပြီး အမှတ်တွေအရနည်းနေတာ။ စာကို စိတ်မဝင်စားဘဲ ပေါက်ကရတွေလျှောက်လုပ်နေလို့ ကျောင်းစာမှာ မထူးချွန်တာ”

ဂျွန်၏ဖုန်းကို ဇမ်ရဲယူပြီး စက်ပိတ်ကာ သိမ်းဆည်းလိုက်သည်။ ပြီးနောက် ပေကပ်နေသောဂျွန့်ကို ကားပေါ်ဆွဲတင်ပြီး ကိုယ်တိုင်ကျောင်းလိုက်ပို့သည်။ လမ်းတစ်လျှောက်မှာ ဂျွန်က ဖုန်း





ပြန်ပေးဖို့ တစာစာတောင်းဆိုသည်။

“သိုင်းသမားဟာ ဓားမရှိရင် ဒုက္ခရောက်တတ်တယ်ဆိုသလိုပဲ ဖုန်းမရှိရင် အကုန်ဒုက္ခရောက်ကုန်လိမ့်မယ်”

“သိုင်းကားထဲကဟာတွေ လာရွတ်ပြမနေနဲ့ ဂျွန်၊ ကျောင်းစာကိုပဲ စိတ်ဝင်စား”

“ကတိတစ်လုံးကို တန်ဖိုးထားရမယ်လို့ ဖေဖေဇမ်ပဲ သင်ခဲ့တာလေ။ နတ်သမီးကို မနက်ဖြန်လာမယ်လို့ အနော် ကတိပေးပြီးသွားပြီ။ ပြီးတော့. . . ကတိတစ်လုံးကို တန်ဖိုးထားနေလို့ သူဘယ်သူဆိုတာ အနော် မပြောတာပါ။ အဲဒီနတ်သမီးကို ဖေဖေဇမ် သဘောကျမှာ သေချာတယ်။ မနက်ဖြန် ချိန်းထားတဲ့နေရာကို အနော်တို့ သွားကြရအောင်နော်”

“တော်တော့. . . ထပ်မပြောနဲ့”

“အခုတွေ့ရမယ့်သူက ဖေဖေဇမ် သိပ်ချစ်တဲ့သူဆိုရင်ကော”

“ထပ်မပြောနဲ့ဆို”

ထို facebook ကိစ္စကို ဇမ်ရဲ ဖြေရှင်းဖို့ စဉ်းစားသေးသည်။ သို့သော် ကိုယ့်အနေအထားနှင့် အွန်လိုင်းတက်ပြီး ထိုကိစ္စကြီး ဖြေရှင်းရမှာ ရှက်သဖြင့် ငြိမ်နေခဲ့ခြင်းဖြစ်၏။ ထိုသို့ လုပ်ဆောင်သူကိုတော့ အတော်တင်းသည်။ ယခုတော့ တရားခံမှာ မထင်မှတ်သော ဂျွန် ဖြစ်နေ၏။

ဂျွန်ကို ကျောင်းပို့ပြီးတာနှင့် ဇမ်ရဲ ဆေးရုံသွားသည်။ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဂျွန့်ကိစ္စ မေ့မေ့ပျောက်ပျောက်ဖြစ်သွားသည်။ ညနေ အိမ်ပြန်ရောက်တော့ ဒီဒီနှင့်ဂျွန်က ခြံဝင်းထဲမှာ. . .။ ဇမ်ရဲ မျက်နှာထားခပ်တင်းတင်းနှင့် နေလိုက်သည်။ ဒီကလေးတွေ သိပ်အလိုလိုက်နေလို့ မဖြစ်။

ထိုညနေခင်း နွယ်ရိုးသည် ဂျွန့်ဖုန်းကိုဆက်သည်။ ဖုန်းမှာ စက်ပိတ်ထား၏။ သူမ စိတ်ထဲ ကသိကအောက် ဖြစ်သွားမိလေသည်။

ဒီတစ်ကြိမ်ကော လွဲချော်ဦးမှာလား. . .။

"မနက်ဖြန်ခရီးစဉ် ဖေဖေဇမ်မသွားတာ သေချာပြီလား" ဟု ညစာစားရင်း ဂျွန်က ထပ်မေးသည်။ "သေချာတာထက်ကို သေချာတယ်"ဟု ဇမ်ရဲ ဖြေလိုက်၏။ ဂျွန် ထမင်းဝိုင်းမှ ထထွက်သွားလေသည်။

ထိုည နွယ်ရိုး တော်တော်နှင့်အိပ်မပျော်. . .။ ဂျွန့်ဖုန်းကိုသာ ထပ်ကာထပ်ကာ ခေါ်နေမိသည်။ ဖုန်းမှာ စက်ပိတ်ထားဆဲ. . .။

ထိုအချိန် ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့ နံပါတ်က ငြိမ်းသစ်အိမ်. . .။

သူမ မကိုင်ဘဲ နေလိုက်၏။

ထိုည ဇမ်ရဲ အိပ်ပျော်ချိန်တွင်. . .

အိမ်ထဲမှ ဂျွန် တိတ်တဆိတ် ထွက်သွားလေသည်။ သူ့လက်





ထဲမှာ ပွေ့ပိုက်ထားတာတွေက. . . နှင်းဆီနီပန်းစည်း. . .၊ ချောကလက်ပြား. . .၊ နတ်သမီးအရုပ်ကလေး. . .။

ဂျွန် သွေးတို့ ပူနွေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

ဘနော် ရန်ကုန်သွားပြီ
နတ်သမီးကို ဆီစေခေါ်လာခဲ့မယ်...

ဇမ်ရဲမနက်အိပ်ရာနိုးတော့ နံဘေးမှာ တွေ့လိုက်ရသော စာကြောင့် ပြုံးပြာသွားသည်။ လူးလဲထပြီး တစ်အိမ်လုံးအနှံ့ပတ်ရှာပေမယ့် ဂျွန့်ကိုမတွေ့...။ ဒီဒီတို့အိမ်မှာလည်း မရှိ...။ လမ်းပေါ်ထွက်ကြည့်တော့လည်း လူလုံးမမြင်။

ကုတင်ဘေး စားပွဲပေါ်မှာ တင်ထားသည့် ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတွေလည်း ပြောင်စင်နေသည်။ ဖုန်းကတော့ ဘီရိုထဲထည့်၍ သော့ခတ်ကာ သိမ်းထားတာမို့ နေရာတကျရှိသည်။ မနေ့က ဂျွန်ဝယ်လာသော ဖီလင်ပစ္စည်းတွေနှင့် ဂျွန်အမြဲတစေ ပွေ့ပိုက်ထားတတ်သော နတ်သမီးအရုပ်ကလေးလည်း မရှိတော့...။

အော်ဟစ်ငိုယိုပစ်လိုက်ချင်သည်။

ရှိုင်းနဲ့အိမ်သူရေ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖြစ်ကို လာကြည့်ကြပါဦး. . .။ ငါ့ကို မင်းတို့ အပြစ်တင်ကြတော့မှာလား. . .။

မကြာမီ ဇမ်ရဲ အိမ်ထဲမှ ကားကို တရကြမ်း မောင်းထွက်သွားလေသည်။

ထိုအချိန်တွင် ဂျွန်သည် ရန်ကုန် အဝေးပြေးကားဝင်းထဲရောက်ရှိနေပြီ ဖြစ်ပါသည်။ ညက အိမ်ကထွက်ပြီး ဆိုင်ကယ် ကယ်ရီငှားကာ မန္တလေးအဝေးပြေးကားဝင်းထဲမှ ရန်ကုန်သွားသောဂိတ်ကို လိုက်ပို့ခိုင်းသည်။

ဆိုင်ကယ်ကယ်ရီသမားက. . .

"ညဥ့်နက်နေပြီ။ ကလေးတစ်ယောက်တည်း ဘယ်သွားမလို့လဲ"ဟု မေးတော့ "အနော့်အဖေ အဲဒီဂိတ်မှာ စောင့်နေလို့"ဟု ပြောလိုက်သည်။ ကားဂိတ်ရောက်တာနှင့် ကျသင့်ငွေပေးပြီး ခပ်တည်တည်ထွက်လာခဲ့လေသည်။

လက်မှတ်အရောင်းဌာနသွားကာ. . .

"ရန်ကုန်ကို အစောဆုံးထွက်မယ့်ကားလက်မှတ် တစ်စောင်ပေးပါ"

"ကလေးတစ်ယောက်တည်းလား"

"အနော့်အဖေပါတယ်။ နှစ်ယောက်သွားမှာ။ သူက အိမ်သာသွားနေလို့"

"ဒါနဲ့ ခုနပြောတော့ တစ်စောင်တည်းဆို"





"ဟုတ်ကဲ့။ တစ်ခုံက ဝယ်ပြီးသားမို့ပါ"

"အဖေ့ခုံနံပါတ်က ဘယ်လောက်လဲ"

"၃၁"

ပါးစပ်ထဲတွေ့ရာနံပါတ် ပြောပစ်လိုက်သည်။ အရောင်းဝန်ထမ်းအမျိုးသမီးက ဇယားကွက်ကိုကြည့်ပြီး. . .

"ကိုပြည့်လင်းဆိုတာလား"

"ဟုတ်ပါတယ်"

ဂျွန် ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်၏။ အရောင်းဝန်ထမ်းအမျိုးသမီးက. . .

"ဘေးချင်းယှဉ်လျက်တော့ မရတော့ဘူး။ ရှေ့နောက်ပဲ ရမယ်။ ဖြစ်လား"

"ဖြစ်ပါတယ်"

ငွေချေ လက်မှတ်ယူပြီး ဂျွန် ကားပေါ်တက်ထိုင်နေလိုက်သည်။ နှင်းဆီပန်းတွေ မနွမ်းကြေအောင်လည်း ဂရုစိုက်ရသေး၏။ အထူးကားဆိုတော့ ခုံတွေက ကပ်လျက်မဟုတ်ဘဲ သီးခြားစီဖြစ်နေ၏။

ကားထွက်တော့ စပယ်ယာက လူစစ်သည်။ ဂျွန် ရင်တထိတ်ထိတ်ခုန်နေ၏။ ကိုပြည့်လင်းဆိုသူ အလှည့်ရောက်တော့. . .

"ကိုပြည့်လင်းနော်. . ."

"ဟုတ်ပါတယ်ခင်ဗျာ. . . ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုပြည့်လင်းဆိုသူက ဝင်းဦးလေသံနှင့်. . .။

"မှတ်ပုံတင်နံပါတ် ပြောပါ"

". . ."

ဂျွန့်အလှည့်ရောက်လာ၏။

"နာမည်"

"ဂျွန်"

"အရင်းလား"

"အရင်းပါ"

"မှတ်ပုံတင်နံပါတ်ပြော"

"မရှိသေးပူး"

ဂျွန်က ရှေ့ခုံမှ ကိုပြည့်လင်းဆိုသူကို လက်ညှိုးညွှန်ပြီး "အတူတူ"ဟု အသံနှိမ့်၍ ပြောလိုက်၏။ စပယ်ယာက ဇယားကွက်ကို တစ်ချက်ကြည့်ပြီး နောက်လူတွေကို ဆက်စစ်လေသည်။

"နင် တစ်ယောက်တည်းသွားလို့ အဆင်ပြေမှာမဟုတ်ဘူး။ ပြီးတော့ နင့်မှာ မှတ်ပုံတင်လည်း ရှိသေးတာမဟုတ်ဘူး"

ဟူ၍ ဒီဒီပြောတာ သတိရသည်။ ညနေကတည်းက ဂျွန်သွားမယ်လုပ်တော့ ဒီဒီက တားသည်။ ဂျွန့်ကိုလည်း တစ်ယောက်တည်း မသွားခိုင်း။ သူမကို လိုက်ခဲ့ဖို့ခေါ်တော့လည်း အဆင်မပြေ။

"ငါ့အိမ်က သတ်မှာပေါ့ဟ။ နင်လည်း မသွားနဲ့။ ခရီးက အဝေးကြီး"





ဟူ၍သာ ပြောနေ၏။

"နတ်သမီးက ပထမတစ်ကြိမ် သူ လာပြီးသွားပြီ။ ဒီတစ်ခါ အနော့်ဘက်က ဝတ္တရားမပျက်ချင်ဘူး"

ဂျွန်က အရမ်းသွားချင်နေသည်။ ရွှေနွယ်ရိုး အညွှန်းကောင်းမှုကြောင့် အင်းလျားကန်ဘောင်ကိုလည်း အရမ်း အရမ်း ရောက်ဖူးချင်နေသည်။ သို့သော် ဘယ်လိုပြောခေါ်ခေါ် ဒီဒီက မလိုက်သည့်အပြင် သူ့ကိုပါတားနေသဖြင့် ဂျွန်တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်၏။

လမ်းမှာ ကားနားတော့ ကိုပြည့်လင်းဆိုသူအနား မယောင်မလည် ကပ်နေလိုက်၏။ ကိုပြည့်လင်းက သူ့အာရုံနှင့်သူ. . .။

ဘုရားစာတွေ ပွစိပွစိရွတ်လိုက်. . .။ "စာအုပ်တွေ ရောင်းကောင်းပါစေ. . . ကားတွေ ရောင်းကောင်းပါစေ. . ."ဆိုပြီး လက်အုပ်ကလေး ချီရွယ်ကာ တတွတ်တွတ် တိုင်တည်တောင်းဆုပြုလိုက်နှင့် အလုပ်ရှုပ်နေရှာသည်။

တစ်ကားထဲစီး တစ်ခရီးထဲသွား ဦးလေးကြီးတစ်ယောက်က "တစ်ယောက်တည်းလား"ဟု ဂျွန့်ကို လာမေးသေးသည်။ ကိုပြည့်လင်းကို လက်ညှိုးထိုးကာ "ဖေဖေနဲ့"ဟု ဂျွန် ဖြေလိုက်၏။

ရန်ကုန်ကားဝင်းထဲရောက်တာနှင့် နီးစပ်ရာဖုန်းဆိုင်သွားပြီး အလွတ်မှတ်မိနေသော ရွှေနွယ်ရိုးဖုန်းနံပါတ်ကို ဆက်လိုက်သည်။ ဂျွန်တွေးထားတာက ရွှေနွယ်ရိုးကို လာကြိုခိုင်းမည်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဖြင့်. . . ။

သို့သော်. . . တစ်ဖက်မှ ဖုန်းမကိုင်. . . ။

ဂွ္ဂန် ထပ်ကာထပ်ကာ ခေါ်သည်။ မကိုင်. . . ။

"ကဲ ကလေး. . . မရလည်း တော်တော့. . . ။ နောက်လူတွေ ရှိသေးတယ်"

ဖုန်းဆိုင်မှ အဒေါ်ကြီးက ဘေထုပ်ထဲမှအကျီလို တွန့်ကြေနေသော မျက်နှာထားမျိုးဖြင့် ပြောလာ၏။ ဂွ္ဂန် ဖုန်းခွက်ကို ချလိုက်သည်။

ဂွ္ဂန် ကားငှား၏။

"အင်းလျားကန်ဘောင်ကို ဘယ်လောက်ပေးရမလဲ"

"ကလေးတစ်ယောက်တည်းလား"

"ဈေးပဲပြောပါ"

ကျသင့်ငွေပေးပြီး ဂွ္ဂန် ကားပေါ်တက်သွားသည်။ ကလေးဆိုတာ. . . လူရာမဝင်ဘူးလား. . . ။

Michael Keamey ဆိုသူဆိုလျှင် အသက်၁၀နှစ်မှာ မနုဿဗေဒပညာရပ်နှင့်ကမ္ဘာ့အသက်အငယ်ဆုံးအဖြစ် ဘွဲ့ရရှိတာ facebook မှာ ဂွ္ဂန် ဖတ်လိုက်ရဖူးသည်။ ကားဆရာက ဘာသွားလုပ်မှာလဲ ဘာညာနှင့် ဆက်လက်လေကြောရှည်နေသဖြင့် ခပ်တည်တည်ပဲ "ဒီနေ့ ဘာနေ့လဲဆိုတာ မသိဘူးလား။ ချစ်သူနဲ့ သွားတွေ့မှာလေ"ဟု ပြောပစ်လိုက်လေသည်။





ကားဆရာကတော့ ဂွ္ဂန်နှင့် လက်ထဲမှပန်းစည်းကြီးကိုကြည့်ကာ တအံ့တသြ. . . ။

ရွှေနွယ်ရီး ရေချိုးခန်းမှထွက်လာတော့ ဖုန်း Missed Call တွေ တွေ့သဖြင့် ပြန်ခေါ်လိုက်ပါ၏။

"ခုန ဒီနံပါတ်ကို ခေါ်ထားတာတွေ တွေ့လို့ပါရှင်။ ဘယ်ကလဲ မသိဘူး"

"ဒီဖုန်းက အငှားဖုန်းဆိုတော့ တစ်ယောက်ပြီးတစ်ယောက်လာဆက်နေတာ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၁)

အင်းလျားကန်ဘောင်တစ်လျှောက် လူတွေ စည်ကားနေသည်။ ပူးကပ်နေသော နှစ်ယောက်တွဲလေးတွေ များ၏။

ပန်းစည်းကြီးတကားကားနှင့်ဂျွန် မြင်မြင်သမျှ အထူးအဆန်းသဖွယ် လျှောက်ကြည့်နေပါသည်။ လူတချို့ကလည်း ဂျွန့်ကို ကြည့်ကာ တအံ့တဩ. . .။ ဂျွန်ကတော့ မင်သေသည်။ အေးဆေး. . .။

ကန်ဘောင်ပေါ် လျှောက်ကြည့်ပြီး တောအုပ်ကလေးထဲ ဝင်သွားလိုက်သည်။ အဲဒီမှာလည်း စုံတွဲတွေ ပြည့်လို့. . .။ နေရိပ်ထဲမှာ ဘာကြောင့် ထိုင်လျက်သားဖြင့် ထီးတွေဆောင်းထားရသလဲ ဆိုတာတော့ ဂျွန် တွေးမရဖြစ်နေသည်။

ခပ်တည်တည်ပဲ တစ်နေရာတွင် ဂျွန် ဝင်ထိုင်လိုက်သည်။ ပြီးတော့. . . ဗိုက်ဆာသဖြင့် လမ်းမှာဝယ်လာသော မုန့်ကို ထုတ်စားသည်။ ခဏကြာတော့ ညကလည်း ကားပေါ်မှာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမအိပ်ခဲ့ရသဖြင့် ဂျွန် ဝိုက်မြည်းအိပ်ပျော်သွားလေသည်။

အိပ်မက်ထဲမှာတော့ နတ်သမီးနှင့်တွေ့လို့. . .။ မေမေက နတ်သမီးဖြစ်လိုက်. . . နတ်သမီးက မေမေဖြစ်လိုက်နှင့်. . .။

ရွှေနွယ်ရိုး. . .။

သူမ ဆေးရုံရောက်နေပြီဖြစ်လေသည်။ မနက်ကတည်းက ဂျွန့်ဖုန်းကို အထပ်ထပ်ခေါ်ပေမယ့် ဖုန်းမှာ စက်ပိတ်ထားဆဲ. . .။ မကြီးမငယ်နှင့် မျက်ရည်ဝဲချင်လာပြီ။

"အော်ပရေးရှင်း စမယ်"

အရေးပေါ်လူနာတစ်ယောက် ခွဲစိတ်ကုသရန်ရှိသဖြင့် ရွှေနွယ်ရိုး ခွဲစိတ်ခန်းဝင်ရသည်။ မျှော်လင့်ချက်ဖြင့် ဖုန်းကို စက်မပိတ်ဘဲ Silent သာ လုပ်ထားခဲ့လိုက်၏။

မကြာမီ သူမဖုန်းမှာ အဝင်ကောလ်ကြောင့် မီးရောင်တို့ ပွင့်ဖြာလက်လာလေသည်။ မရပ်မနား အကြာကြီး. . .။ တောက်လျှောက်. . .။

ဖုန်းကိုကိုင်ရင်း မျက်ရည်တစ်ပေါက် တောက်ခနဲ. . . ငြိမ်းသစ်အိမ် မျက်လုံးမှ ပြုတ်ထွက်လာလေသည်။

ဂျွန် အိပ်ပျော်နေရာမှ နိုးတာနှင့် ကမန်းကတမ်းထပြီး ဖုန်းဆိုင်သွားကာ ရွှေနွယ်ရိုးထံ ဆက်ပြန်ရာ ဖုန်းက မကိုင်. . .။ စိတ်ကူးတွေမှေးမှိန်ကာ အားငယ်ဝမ်းနည်းလာ၏။ မှားပြီလား ဆိုသောအတွေး ပထမဆုံး စဝင်သည်။





မေမေရေ. . .

ဂျွန် မျက်ရည်ဝဲလာသည်။ မျက်နှာလေးက ငိုမဲ့မဲ့. . .။ ဖုန်းဆိုင်မှ ကောင်မလေးက. . .

"ဘာဖြစ်လို့လဲ မောင်လေး. . .။ အစ်မ ဘာကူညီရမလဲ"

ဂျွန်က မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး တရှုံ့ရှုံ့နှင့်. . .

"အနော်နဲ့ချိန်းထားတဲ့သူ မလာလို့ ဝမ်းနည်းနေတာပါ"

ပြောပြီးတာနှင့် ထိုနေရာမှ ဂျွန် လှည့်ထွက်သွားလေသည်။ ဖုန်းဆိုင်မှကောင်မလေးကတော့ အရုပ်နှင့်ပန်းစည်းကြီးကို ပွေ့ပိုက်ထားသော ဂျွန့်အားကြည့်ကာ. . . "ဩော်. . . ခေတ်ကြီးက တော်တော်တိုးတက်နေပြီပဲ"ဟု ညည်း၏။

ဂျွန်ခေါ်သော နံပါတ်ကိုလည်း သေချာကြည့်လိုက်မိပါသည်။ 09420048256

ရွှေနွယ်ရိုး ခွဲစိတ်ခန်းထဲမှ ထွက်လာတော့ လူက တော်တော်နွမ်းနေပြီ။ ညက အိပ်ရေးပျက်တာကြောင့် ခေါင်းထဲ မူးရိပ်မူးရိပ်ဖြစ်နေ၏။ သို့သော် မနားသေးဘဲ ဖုန်းကို အရင်စစ်သည်။

ငြိမ်းသစ်အိမ်နှင့် မသိသောနံပါတ်တစ်ခုက တောက်လျှောက်ခေါ်ထားတာ တွေ့၏။ နံပါတ်စိမ်းကို သူမ ပြန်ခေါ်လိုက်ပါသည်။

"ခုန ခေါ်ထားတာတွေ့လို့ပါရှင့်"

"ဟုတ်တယ်။ ကလေးတစ်ယောက် လာခေါ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ဘယ်ကဖုန်းလဲရှင့်”

“အင်းလျားကန်ဘောင်ကပါ”

ရွှေနွယ်ရိုး စိတ်လှုပ်ရှားသွားသည်။

“အဲဒီကလေး အခု အနားမှာရှိသေးလား”

“မရှိတော့ဘူးရှင့်. . . ငိုပြီး ထွက်သွားပြီ”

“ဟင် သူ တစ်ယောက်တည်းလား”

“ဟုတ်တယ်။ တစ်ယောက်တည်း. . .။ သူနဲ့ ချိန်းထားတဲ့သူ မလာလို့ဆိုပြီး ပြောတာပဲ။ လက်ထဲမှာလည်း အရုပ်တွေ ပန်းစည်းတွေနဲ့”

“အဲဒီကလေး နောက်တစ်ခါ ဖုန်းလာဆက်ရင် ပြောပေးပါရှင်။ သူနဲ့ချိန်းထားတဲ့သူ ဖုန်းပြန်ဆက်တယ် လာနေပြီလို့။ သူလာရင် အဲ့နားကပဲ စောင့်ခိုင်းထားပေးပါ။ အရေးကြီးလို့ပါရှင်”





## အခန်း (၂၂)

ရွှေနွယ်ရိုး ဆေးရုံဝင်းထဲမှ ထွက်လာပါပြီ။ သူမခြေလှမ်းတို့ ဖျတ်လတ်တက်ကြွနေ၏။ နွမ်းနယ်မှုတွေလည်း ပြေပျောက်ကာ လူက ပေါ့ပါးလန်းဆန်းနေလေသည်။

စိတ်. . .။

“ရိုး. . .”

“ဟင် ကိုငြိမ်းသစ်အိမ်”

ငြိမ်းသစ်အိမ်က ရင်ဘတ်ကလေးအသာဖိပြီး ကွမ်းတစ်ယာ ထုတ်ဝါးသည်။ သူ့ထံမှ ဘီယာရနံ့တွေလည်း ပျံ့လွင့်နေသည်။ စိတ်လှုပ်ရှားလွန်းပြီထင်ရဲ့. . .။

ကားကိုမှီ၍ရပ်နေရာမှ နွယ်ရိုးထံ သိမ်မွေ့စွာ လျှောက်လာပြီး ရိုကျိုးစွာဖြင့်. . .

“ကျွန်တော်ဖုန်းဆက်တာ ဘာလို့မကိုင်တာလဲ ရိုးရယ်။ ကျွန်တော်ရင်ကျိုးတော့မယ်”

“ကျွန်မ အလုပ်ရှုပ်နေလို့ပါ”

“Believe ဆိုတဲ့ စစ်မှန်မှုစကားလုံးထဲမှာတောင် lie ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မုသား ပါသေးတာပဲလေ။ ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ အခု နွယ်ရိုး အားပြီမလား. . .။ ကျွန်တော် အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"ကျွန်မ အရေးတကြီးကိစ္စရှိလို့ သွားရမယ် ကိုငြိမ်းသစ်အိမ်။ ဒီနေ့ အချိန်မရဘူး"

"ဒီနေ့မှာ ကျွန်တော့်ကို ခဏလေးတော့ အချိန်ပေးပါလားဗျာ။ ဒီနေ့ဟာ ကျွန်တော့်ရင်ဘတ်အတွက် အရေးကြီးတဲ့နေ့ တစ်နေ့မို့ပါ"

"ကျွန်မ ဧည့်သည်နဲ့ ချိန်းထားလို့ပါ။ အော်ပရေးရှင်းရှိလို့ အခုတောင် ကျွန်မဘက်က နောက်ကျနေပြီမို့ပါ"

"ဒါဆို ကျွန်တော် လိုက်ပို့ပါရစေ။ အဲဒီကိစ္စပြီးတဲ့အထိ စောင့်နေပေးပါမယ်"

"ဒီနေ့အဖို့တော့ ကျွန်မ ဘယ်လိုမှ အချိန်ပေးလို့မရမှာ သေချာတယ် ကိုငြိမ်းသစ်အိမ်။ ကိုငြိမ်းသစ်အိမ်ကို အားတော့နာပါတယ်"

"ဒါဆိုလည်း ကားပေါ်မှာပဲ ကျွန်တော် ပြောချင်တာလေးတွေ ပြောပါတော့မယ်။ ရိုး သွားလိုရာ လိုက်ပို့ရင်းနဲ့ပေါ့။ ဒီလောက်တော့ ခွင့်ပြုပါဗျာ"

မငြင်းသာသဖြင့် နွယ်ရိုး လက်ခံလိုက်သည်။ ငြိမ်းသစ်အိမ်က "ဘယ်သွားမှာလဲ"မေးတော့ "အင်းလျာကန်ဘောင်"ဟု ဖြေ





လိုက်၏။ နွယ်ရိုးက ကားနောက်ခန်းမှာထိုင်တော့ ငြိမ်းသစ်အိမ်က ရှေ့ခန်းမှာ သူနှင့်အတူ လာထိုင်ဖို့ပြောသည်။ နွယ်ရိုးက နောက်ခန်းမှာပဲ ထိုင်၏။

နွယ်ရိုး ကားပေါ်ရောက်တာနှင့် ငြိမ်းသစ်အိမ်က ကားကို ညင်သာစွာ မောင်းထွက်လေသည်။ ကားမောင်းနေရင်း နောက်ကြည့်မှန်ကလေးထဲမှ နွယ်ရိုးကို မော့ကာမော့ကာ တကြည့်ကြည့်နှင့်. . .။ လက်တစ်ဖက်က ရင်ဘတ်ကိုလည်း ဖိသည်။

ကြွေချက် ခြွေချက်က ညင်သာသလောက် ပြင်းထန်သည်။

"ဒီနေ့ ချစ်သူများနေ့မှာ ရိုးကို ကျွန်တော် လက်ထပ်ခွင့်တောင်းမယ်လို့ ရည်စူးထားတာဗျာ။ မနေ့ညက ဖုန်းဆက်တာလည်း ဒီနေ့ တွေ့ဆုံဖို့အတွက် ပြောမလို့ပါ။ အခုတော့ ကတိုက်ကရိုက်နဲ့မို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"

ငတိကတော့လုပ်ပြီ. . .။ ပြောတာက ပြောဖြီးသွားပြီ။ ရွှေနွယ်ရိုးက. . .

"ကျွန်မတို့ သူငယ်ချင်းမိတ်ဆွေတွေလိုပဲ နေသွားကြရအောင် ကိုငြိမ်းသစ်အိမ်"

"Friend ဆိုတဲ့ မိတ်ဆွေသူငယ်ချင်းမှာ end ဆိုတဲ့ ပြီးဆုံးချိန် ပါတာပဲဗျာ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေသူငယ်ချင်း ဆက်ဆံရေးကိုလည်း ရပ်တန့်ပြီး စာမျက်နှာသစ် ဖွင့်လှစ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်လား ရိုးရယ်. . .။ ကျွန်တော် ရိုးကို သူငယ်ချင်း မိတ်ဆွေအဆင့်လောက်နဲ့ မတင်းတိမ်နိုင်ဘူး"

ပြောချက်တွေက ကြက်သီးထွက်လောက်သည်။ လေပျော့ ကလေးဖြင့်. . .

"ကျွန်တော်က ရိုးကို ပစောက်နှစ်ခုနဲ့ ပတ်သက်ချင်တာ"

"ဟင် ရှင် ဘာစကားပြောတာလဲ"

"ပိုင်ဆိုင်ချင်တာနဲ့ ပေးဆပ်ချင်တာပါ"

"အဲဒါဆိုရင်တော့ ရှင် ကျွန်မကို မေ့ပစ်လိုက်တာ အကောင်း ဆုံးဖြစ်လိမ့်မယ်ထင်တယ်"

"Forget ဆိုတဲ့ မေ့လျော့လျစ်လျူပြုခြင်းမှာတောင် get ဆိုတဲ့ ပိုင်ဆိုင်ရရှိမှု ပါတယ်လေဗျာ။ ကျွန်တော့်ကို ပိုင်ဆိုင်မှုလေး တော့ ပေးသင့်ပါတယ် ရိုးရယ်. . ."

"မဖြစ်နိုင်တဲ့အခြေအနေမို့ ကျွန်မ တောင်းပန်ပါတယ် ကိုငြိမ်းသစ်အိမ်"

"Impossible ဆိုတဲ့ မဖြစ်နိုင်တာမှာ possible ဆိုတဲ့ ဖြစ် နိုင်ခြေ ပါဝင်နေတာပဲဗျာ။ ကျွန်တော့်ကို အစိမ်းလိုက်ကြီး ချိုးမချလိုက်ပါနဲ့။ ကျွန်တော်နဲ့ ပတ်သက်ဆက်ဆံရတာ ရိုး အခု unhappy နေတယ်ဆိုရင်လည်း နောက်တော့ happy သွားမှာပါဗျာ"

ငြိမ်းသစ်အိမ် တော်တော်နှုတ်သွက်နေသည်။ မြန်မာတို့ရဲ့





ဂုဏ်ယူစရာကို တော်တော်အဖော်ပြုလာပုံရ၏။

ရွှေနွယ်ရိုးက သက်ပြင်းချပြီး. . .

"ကျွန်မ အခုသွားတွေ့မှာ ကျွန်မချစ်သူပါ"

"ဟာ. . . ဟာာ. . . ဟာာာ. . ."

ရုတ်တရက် ငြိမ်းသစ်အိမ် ပါးစပ်ကလေး ဟောင်းလောင်း ပွင့်ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်သွားသည်။ ကွမ်းတံတွေးတွေပင် ပါး စောင်မှ စီးကျနေလေသည်။ မသုတ်အား. . .။

ရင်ဘတ်ကလေးကိုသာ လက်နှင့်ဖိပြီး မချိတင်ကဲဟန် ဖြင့်. . .

"ကျွန်ရတော့်ရင်ဘတ်တွေ. . . ကျွန်တော့်ရင်ဘတ်တွေ . . . အောင့်လိုက်တာဗျာ. . .။ အောင့်လိုက်တာ ရိုးရယ်. . .။ ရင်သားတွေ အလွှာလိုက် ကွာကျတော့မယ် ထင်ပါရဲ့. . . အမလေး. . . အဲ့သလိုကြီး မရက်စက်လိုက်ပါနဲ့။ ကျွန်တော့် ရင်ဘတ်က ရိုးကို ဘဝလက်တွဲဖော်အဖြစ် ပြဋ္ဌာန်းထားတာ ဗျ။ ဒီနေ့မှာ ရိုးနဲ့ Lover ဖြစ်ရမယ်လို့ စိတ်ကူးထဲမှာ ပန္နက် ရိုက်ထားတာ၊ အခုတော့ Over ဖြစ်ရတော့မှာလားဗျာ"

"Lover ဆိုတာ လက်မထပ်ဘဲ လိင်ဆက်ဆံမှုပြုနေတဲ့စုံတွဲ တွေကို သုံးတဲ့ဝေါဟာရပါ ကိုငြိမ်းသစ်အိမ်။ စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ။ ချစ်သူရည်းစားဆိုရင်တော့ Sweetheart. . . ဇနီးမယားဆိုရင်တော့ Wife. . .။



www.burmeseclassic.com

www.burmeseclassic.com



Sweetheart မှာ art ဆိုတဲ့ စာလုံးပါတာပဲ။ အချစ်နှစ်ခုပေါင်းစည်းဖို့ဆိုတာ သိပ်ကို အနုပညာဆန်ပါတယ်။ တော်တန်ရုံ မဖြစ်နိုင်ပါဘူး။ Wife ဆိုတဲ့ စာလုံးထဲမှာလည်း if ဆိုတာကို ဝှက်ထားတယ်။ အကယ်၍ မဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးမျိုး ရှင့်မှာ ကြိုရှိထားသင့်တာပေါ့"

ငြိမ်းသစ်အိမ် ကပျာကသီ ကွမ်းနှစ်ယာပူး ထုတ်ဝါးသည်။ ပြီးမှ. . .

"ဒါ ဒါဆို. . . ဒလိုဆို. . . ကဲ ပြောပြီ. . . အမလေး. . . ဘယ်ဘက်ရင်သားတွေ အလွှာလိုက် ကွာကျတော့မယ်ထင်ပါတယ်. . . ဟင်း. . . ကျွန်တော်ချစ်ခွင့်ပန်တော့ နွယ်ရီးဘာလို့ မငြင်းသလဲ။ ဘာလို့ ကျွန်တော့်ကို မျှော်လင့်ချက်ရောင်ခြည်တွေ လက်ဖြာပြခဲ့သလဲ။ ကျွန်တော့်ကို ချစ်ကြိုးမဲ့လေတံခွန်ဖြစ်အောင် မလုပ်ပါနဲ့ဗျာ. . ."

"အဲဒါက ရှင့်ကျန်းမာရေးအတွက် စိုးရိမ်လို့ပါ။ ရှင်က နှလုံးရောဂါသည်ဆိုတော့ ရှင် စိတ်မညစ်စေချင်လို့ပါ။ အခုဟာက မလွဲသာမရှောင်သာလို့ ဖွင့်ပြောရတာပါ။ အားလည်းနာပါတယ်"

"ဘာ. . . ဘာ ဘာ. . . ကျွန်တော်က နှလုံးရောဂါသည်။ ဟင်. . . ကျွန်တော့်မှာ နှလုံးရောဂါရှိတယ်လို့ ဘယ်သူပြောတာလဲ. . . အမလေး. . . "





"ရှင်ပဲ ရင်ဘတ်သမား ရင်ဘတ်သမားဆိုပြီး ပြောနေတာလေ။ ပြီးတော့ တစ်ခုခုဆို ရင်ဘတ်ကလေးပဲ ဖိဖိနေတော့"

"ဟာ. . . ဟာ. . . သွားပြီ. . . ။ သွားပြီ. . . ။ မဟုတ်ဖူး. . . မဟုတ်ဖူး. . . မဟုတ်ဖူး။ ကျွန်တော် ရင်ဘတ်သမားဆိုတာ ခံစားချက်ကြီးမားလို့. . . ရင်ဘတ်ထဲက ဖြစ်ပေါ်လာတဲ့ သန္ဓေသားလေးတွေနဲ့ အနုပညာတွေဖန်တီးရင်း ရှင်သန်မွေ့လျော်နေတာမို့ ဥပမာအလင်္ကာနဲ့ တင်စားဖွဲ့နွဲ့ပြောဆိုတာပါဗျာ။ ကျွန်တော် နှလုံးရောဂါသည် မဟုတ်ဘူး။ အမလေး. . . ကျွန်တော့်မှာ နှလုံးရောဂါ မရှိပါဘူးဗျာ။ ကျွန်တော့်နှလုံးဟာ အကောင်းပကတိပါ။ ရီးကို ချစ်စိတ်တွေနဲ့ ပြည့်နေတဲ့ နှလုံးလေးပါ။ ကျွန်တော့်ကို နှလုံးရောဂါသည် ထင်ပြီး ငြင်းလိုက်တာလားဗျာ. . . ။ အမလေး. . . အဖြစ်ဆိုးလိုက်တာ ရင်ဘတ်ကလေးရယ်. . . "

သူ့ရင်ဘတ်ကလေးကို ဖွဖွပုတ်ပြီး ငြိမ်းသစ်အိမ် သောကဗျာပါဒ ဆိုက်သွားသည်။ ကားအတွင်းရှိ နောက်ကြည့်မှန်မှလည်း ရွှေနွယ်ရီးကို တမော့မော့ဖြင့် ကြည့်သည်။

"ကျွန်တော့်ကို တစ်ခုခုပြောပါဦး ရီးရယ်. . . "

ရွှေနွယ်ရီးက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေ၏။ ငြိမ်းသစ်အိမ်မျက်ဝန်းမှ မျက်ရည်ဥတွေက တောက်ခနဲ. . . တောက်ခနဲ. . . တစ်ပေါက်ပြီးတစ်ပေါက်. . . ။ ခံစားချက် နုနယ်သူပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြည်လမ်းပေါ်မှာ သွားနေသောကားသည် ပြည်လမ်းနှင့် အင်းလျားလမ်းထောင့် လမ်းဆုံမီးပွိုင့်သို့ရောက်လာပြီ။ ရွှေနွယ်ရိုးက ခွန်းတုံ့မပြန်သေး. . .။

"ကျွန်တော့်ကို တစ်ခုခုပြောပါဦးဆို. . .။ ရိုး. . . ရိုး. . . ရိုးရယ်. . . အမလေး. . . ရင်သားတွေ တစ်လွှာချင်း ကွာကျပါပြီဗျာ. . ."

ရင်ဘတ်ကလေးဖိပြီး မျက်ရည်ဥတွေ စို့တွဲနေသော မျက်ဝန်းတို့ဖြင့် ငြမ်းသစ်အိမ်သည် နောက်ကြည့်မှန်ထဲမှတဆင့် ရွှေနွယ်ရိုးကို မော့ကာမော့ကာ ကြည့်နေဆဲ. . .။ ရွှေနွယ်ရိုးကလည်း နှုတ်ဆိတ်ငြိမ်သက်မြဲ. . .။ ကားကလည်း ပုံမှန်သွားလျက်. . .။

ထိုအချိန်မှာပဲ ပုံမှန်လှုပ်ရှားနေသော မီးပွိုင့်က အနီရောင်အဖြစ်သို့ ပြောင်းလဲသွားလေရာ. . .

ခံစားချက်တို့ဖြင့် အုံ့ဆိုင်းနေသော ရင်ဘတ်သမားလေးမှာ ဂရုမပြုမိဘဲ ငူမိငူရာ စူမိစူရာ ငေးမြဲငေးဆဲ. . .

တစ်ဖက်ယာဉ်ကြောမှ ကားတွေကလည်း မီးစိမ်းပြသဖြင့် မောင်းထွက်လာကြရာ. . .

"**အမလေး. . .**"

"**ဂျိန်း**"ခနဲ. . .။

ရင်ဘတ်နှင့်သက်ဆိုင်သော ကိစ္စတစ်ခု မညင်မသာ ဖြစ်ပွားသွားပါသည်။





## အခန်း (၂၃)

ဇမ်ရဲ တံတားဖြူမှတ်တိုင်နားအရောက်တွင် ယာဉ်ကြောက အကြာကြီးပိတ်နေသည်။ တဆင့်စကားတဆင့်နားဖြင့် ရှေ့မီးပွိုင့်မှာ ကားတိုက်မှုဖြစ်၍ဆိုတာတော့ ကြားသိရ၏။ စိတ်ရှည်သည်းခံ၍ စောင့်နေရလေသည်။

အချို့ကတော့ သွားကြည့်ကြသည်။ ဇမ်ရဲကတော့ ကားပေါ်မှ မဆင်း. . .။

နောက်ပြန်ဆုတ်လို့လည်း မရ၊ ရှေ့ဆက်သွားလို့လည်း မရနှင့် ကားက ကြားညပ်နေသည်။ နီးနီးကပ်ကပ်မြင်နေရပြီဖြစ်သော အင်းလျားကန်ဘောင်ရိုးကြီးကို ကြည့်၍သာ ရင်မောနေမိ၏။ ဖြစ်နိုင်လျှင် ကားပေါ်မှဆင်း၍ ပြေးသွားလိုက်ချင်ပြီ။

နေညိုနေပြီ. . .။

ဟူး. . . ငွါန့်ကို ရှာလို့တွေ့ပါ့မလား. . .။ ပူပင်နေမိ၏။

အင်းလျားကန်ဘောင်တွင် လူတွေ ပိုစည်ကားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအများကြားမှာ မမြင်ဖူးသောနတ်သမီးကို တွေ့လေမလားဆိုပြီး ဂွ္ဂန် လျှောက်ရှာသည်။ စိတ်ကူးဖြင့် ပုံဖော်နေမိ၏။

"ဟေး. . . ဂွ္ဂန်. . ."

ဆိုပြီး တစ်ယောက်ယောက်က ခေါ်လိုက်လေမလား။ မျှော်ယောင်တမ်းတမိ၏။ အပိုပါပဲ. . .။

ခေါင်းကလေးငိုက်စိုက်ဖြင့် ဂွ္ဂန် ဖုန်းဆိုင်သွားပြန်သည်။

"မီးပွိုင့်မှာ ကားတိုက်လို့တဲ့. . . သမီး သွားကြည့်လိုက်ဦးမယ်"

"ဟဲ့ ဟဲ့ ရွှေမှုံရတီ. . . ဒီကောင်မလေးတော့ ခက်တော့တာပဲ. . ."

ဖုန်းဆိုင်မှကောင်မလေး ပြေးထွက်သွားသည်။ ဦးလေးကြီးမှာ တဗျစ်တောက်တောက်နှင့် ပြောကျန်ခဲ့၏။

ဂွ္ဂန် ဖုန်းဆိုင်ရောက်တော့ ရွှေနွယ်ရိုးထံ ဆက်သည်။ ဖုန်းကဝင်၏။ သို့သော် ဒီတစ်ခါလည်း မကိုင်ပြန်. . .။

တရစပ်နှိပ်တာ လက်ထိပ်တွေပင် အောင့်နာလာသည်။ မထူးခြားပါ. . .။

ဂွ္ဂန် စိတ်ဓာတ်ကျစွာ မျက်ရည်တွေ ကျလာ၏။ ည မှောင်စပြုပြီ။ နှင်းဆီပန်းပွင့်တွေလည်း ညှိုးနွမ်းနေပြီ။ နတ်သမီးအရုပ်ကလေးကို ဂွ္ဂန် တင်းကြပ်စွာ ပွေ့ဖက်ထား၏။ ဒီအရုပ်ကလေးနတ်သမီးကို ပြချင်တာ. . .။ မပြရတော့ဘူးလား. . .။





နတ်သမီးကို အိမ်ခေါ်သွားချင်တာ. . .။ ခေါ်မသွားရတော့ဘူးလား. . .။

နတ်သမီး ညာတယ်. . .

ဖေဖေဇမ့်ကို သတိရသည်။ ဖုန်းခွက်ကို နောက်တစ်ကြိမ်ပြန်ကောက်ကိုင်ပြီး နံပါတ်တချို့ကို နှိပ်လိုက်၏။ ဇမ်ရဲ ဖုန်းနံပါတ်. . .။

ထိုစဉ်မှာပဲ. . .

"ဟဲ့ ကောင်လေး. . . နင် ဖုန်းလာဆက်ပြန်ပြီလား"

ပထမတစ်ခါဖုန်းလာဆက်တုန်းက တွေ့သော ကောင်မလေး ဖြစ်သည်။ အသက်က ဒီဒီတို့ဝန်းကျင်သာသာလောက်ရှိမည်။ ကိုယ်လုံးကိုယ်ထည် ဖွံ့ထွား၏။

"နင် ဖုန်းဆက်တဲ့အစ်မ ဖုန်းပြန်ခေါ်တယ်။ သူ လာနေပြီ နင့်ကို ဒီကပဲ စောင့်ပါတဲ့၊ မှာသွားတယ်"

ဂွ္ဂန် လက်ထဲမှဖုန်းခွက်ကို လွှတ်ချလိုက်လေသည်။ ပျော်လွန်းသဖြင့် ဆွေ့ဆွေ့ခုန်ကာ မျက်နှာကလေး ရွှင်ပြုံးနေပါသည်။

"ကလင်. . . ကလင်. . ."

ဖုန်းသံမြည်လာသည်။ ဦးလေးကြီး ကိုင်၏။ ပြီးတော့ ဂွ္ဂန့်ကို လက်ယပ်ခေါ်ကာ ဖုန်းထိုးပေးသည်။ ဂွ္ဂန် ဝမ်းသာအားရ ပြောလိုက်လေသည်။

"နတ်သမီးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှအဖြေက. . .

"မင်း အဖေ"





# အခန်း (၂၄)

အင်းလျားကန်ဘောင်ရှိ ပလက်ဖောင်းပေါ်မှာ ဇမ်ရဲနှင့် ဂျွန် ထိုင်နေကြသည်။

ညမှောင်နေပြီ။ ကောင်းကင်မှကြယ်ရောင်နှင့် မြေပြင်မှ လမ်းမီးရောင်ဝါကျင်ကျင်တို့ ထိန်လင်းနေကြပြီ။ စည်ကားနေသော လူတွေလည်း ကျဲပါးကုန်ပြီ။

"ပြန်ကြရအောင် သားရယ်။ အချိန်လင့်နေပါပြီ"

"အနော် ဆက်စောင့်ချင်သေးတယ်"

ဇမ်ရဲ မတားမိ. . .။

ဂျွန်ပြောပြသဖြင့် အကြောင်းစုံ သူ သိရှိခဲ့ပြီ ဖြစ်လေသည်။

ဖုန်းဆိုင်လေးနားမှာ ဇမ်ရဲနှင့်ဂျွန် နှစ်ယောက်အတူ ရွှေနွယ် ရိုးအလာကို ရပ်စောင့်နေခဲ့ကြပါသည်။ သို့သော် သူမ ရောက်မလာ ပါ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဂျွန် နံပါတ်ပြောသဖြင့် ဖုန်းခေါ်ကြည့်သည်။ သို့သော် ဖုန်းမှာ စက်ပိတ်ထား၏။

သူမ သူ့ကို လှည့်စားတာလား. . .။

ရင်မှာနာသည်။ အမြစ်ပါ ဆွဲနှုတ်ခံထားတဲ့ သစ်တစ်ပင်အဖို့ အကိုင်းအခက်တွေ ကျိုးပဲ့တာလောက်ကို မြည်ကြွေးမနေချင်တော့ပါဘူး။ ဒါပေမယ့် အချစ်သစ်ပင်က ရှင်သန်ဖို့ မလွယ်ကူသလို သေဆုံးဖို့ ခက်ခဲသည်ပဲလေ။

ဂျွန့်ကိုလည်း သနား၏။ အိမ်သူ့ကိုလည်း သတိရသည်။ အရာရာ ကျေးဇူးတင်စွာ ဝမ်းနည်းနေလေသည်။

ဖုန်းဆိုင်လေး ပိတ်သိမ်းသဖြင့် ကန်ဘောင်ပေါ် ဆက်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

အလင်းရောင်ငွေ့ငွေ့သမ်းနေသော ကန်ရေပြင်ကို ငေးရင်း တစ်ချိန်က အမှတ်တရတွေ ဖမ်းရဲထံ အလုအယက် ပြုံဆင်းလာကြသည်။ ဖမ်းရဲ၊ ရှိုင်း၊ နွယ်ရိုး၊ အိမ်သူ. . .။ တစ်ခါက ဒီအင်းလျားကန်ဘောင်ဆိုတာ သူတို့တတွေမွေ့ပျော်ရာ ဒေသတစ်ခုပဲလေ. . .။

အချစ်အမျိုးမျိုးရှိသည်။

မိခင်အချစ်(သို့မဟုတ်)ကြင်နာသောအချစ် (Mother Love or Tender Love)

ကိုယ့်ကိုကိုယ်ချစ်သောအချစ် (Self-Love)

ရှင်သန်မှုကိုချစ်သောအချစ် (Love of life)





ညီအစ်ကိုစိတ်(သို့မဟုတ်)ရဲဘော်ရဲဘက်စိတ်ဖြင့် ချစ်သောအချစ် (Brother Love)

ပြင်းထန်သောအချစ်(သို့မဟုတ်)ကိလေသာအချစ် (Passionate Love or Erotic Love)

သူတို့အဖြစ်တွင် ထိုအချစ်(၅)မျိုးစလုံး ပါဝင်နေလေသည်။

"မြန်မြန်ပြန်လာခဲ့နော်။ Valentine's day မှာ အတူတူရှိချင်တယ်"

ရှိုင်းနှင့်အိမ်သူ ခိုးပြေးသည့်ခရီးစဉ်မှာ သူ မလိုက်ပါမီ တစ်ရက်အလို ညနေခင်းတွင် ဒီအင်းလျားကန်ဘောင်မှာပဲ နွယ်ရိုးနှင့်သူ နှစ်ဦးအတူ နောက်ဆုံးအကြိမ်ခွေးထွေးခြင်းအဖြစ် ဆုံတွေ့ဖြစ်ကြ၏။

အဲသည်တုန်းက Valentine's dayအတွက် စိတ်ကူးယဉ်စကားတွေ ပြောဖြစ်ခဲ့ကြပါသည်။

ယခု. . . ထိုပျက်ပြယ်နာကျင်မှုတွေအတွက် သူမ ကလဲ့စားပြန်ချေတာလား. . .။

ဂျွန်က ခားစာခံ. . .။

ဒဏ်ခတ်မှုက အကြိမ်ကြိမ်နာနေသဖြင့် မကျက်သေးသည့် အမာရွတ်နှင့်ဒဏ်ရာကို တဆစ်ဆစ် ထိုးဆွနေပြန်ပါပြီ။ ရင်ဘတ်တွေ ကိုက်ခဲလာ၏။

"ရှီး. . . ရှီး. . . ရှီး. . ."



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးဝန်ထမ်းက ကန်ဘောင်တလျှောက် လှည့်လည်ကာ ဝစီမှုတ်ပြီ။ တစ်ခေတ်တစ်ခါက ဒီကန်ဘောင်မှာ ဂလိုင်ခေါက်ကာ ပိတ်သိမ်းချိန်အထိ သူမနှင့်အတူ ထိုင်ဖူးခဲ့သည်။ အခုတော့ ဂလိုင်မဟုတ်တော့. . . ဝစီခေတ်. . .။ ပြောင်းလဲမှုတွေကြားမှာ သူမလည်း ပြောင်းလဲခဲ့ပြီလား. . .။ လက်ကျန်လူတချို့ အသီးသီး ထပြန်ကုန်ကြပြီ။ ဌါန့် လက်ကို ဇမ်ရဲ ကိုင်စွဲလိုက်၏။

"ပြန်ကြမယ် သား. . .။ ကန်ဘောင်ပိတ်ပြီ။ ဒီမှာဆက်နေလို့ မရတော့ဘူး"

ဌါန်က မျက်လုံးကလေးအဝိုင်းသားနှင့် ဇမ်ရဲကို မော့ကြည့်နေလေသည်။ မျက်ဝန်းမှာ မျက်ရည်လေးတွေလည်လာသည်။ ဇမ်ရဲ နှုတ်ခမ်းကိုဖိကိုက်ရင်း ဌါန့်ကို ပွေ့ဖက်လိုက်၏။ ဆို့နင့်ကြေကွဲစွာ. . .။ ထို့နောက်. . . ဌါန့်ကိုကောက်ချီကာ ထိုင်နေရာမှ ထထွက်သွားပါတော့သည်။

ဌါန့်ကိုချီပြီး လျှောက်ဖူးသမျှခြေလှမ်းတွေထဲမှာ ဒီတစ်ခါ ခြေလှမ်းတွေက ဇမ်ရဲအတွက် အလေးလံအနာကျင်ဆုံးဖြစ်နေပါသည်။





# အခန်း (၂၅)

Missed Call တွေ ဖြစ်ပေါ်နေသော နံပါတ်အတိုင်း ရွှေနွယ်ရီး ပြန်ခေါ်သည်။ အဖြေစကားမှာ. . . "လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ' စက်ပိတ်ထားပါတယ်ရှင်". . .။

ဖုန်းဆိုင်ပိတ်သိမ်းပြီ ထင်ပါသည်။

အိပ်ရေးပျက်နွမ်းနယ်နေသော သူမ ယာဉ်တိုက်မှုကြောင့် သွေးလန့်ပြီး သတိလစ်မေ့မျောသွားခဲ့၏။ သတိပြန်လည်တာနှင့် ဘယ်သူစက်ပိတ်ထားမှန်းမသိသောဖုန်းကို ပါဝါဖွင့်ပြီး ဆေးရုံမှ ကတိုက်ကရိုက် ထထွက်လာခဲ့ခြင်းဖြစ်ပါသည်။ အသားအနည်းငယ်ပွန်းတာနှင့် နဖူးမှာသွေးစို့သွားသည်မှအပ အခြား ကြီးကြီးမားမား ဒဏ်ရာမရခဲ့။

အရှိန်မပြင်းတာလည်း ပါသည်။ ငြိမ်းသစ်အိမ်နှင့်ကားမှာ ဒဏ်ရာဒဏ်ချက် အနည်းငယ်နှင့်ပဲ စခန်းပါသွားသည်ဟု သိရ၏။

"ကန်ဘောင်ပိတ်နေပြီ မိန်းကလေး. . . သွားလို့ မရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး. . ."

လုံခြုံရေးဝန်ထမ်းက ကန်ဘောင်ပေါ်တက်လာသော နွယ်ရိုးကိုတားသည်။ နဖူးစပ်မှာ ပတ်တီးဖြူဖြူလေးကပ်ထားသော နွယ်ရိုးကို စူးစမ်းသလိုလည်း ကြည့်၏။

"ခဏလေးပါရှင်. . . ကျွန်မ လူရှာချင်လို့ပါ"

"ကိုးနာရီခွဲကျော်နေပြီ။ ကန်ဘောင်ပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး။ အခုပဲ လူစစ်ပြီး ပြန်လာတာ"

ရွှေနွယ်ရိုး ခေါင်းငိုက်စိုက်ကျသွားသည်။ ရုတ်ချည်း တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းသွား၏။ ဒီတစ်ကြိမ်လည်း လွဲချော်ပြန်ပြီပဲပေါ့. . .။ နီးစပ်ခွင့်ဆိုတာ တို့နှစ်ဦးအတွက် မဖြစ်နိုင်တဲ့ ကမ်းပါးနှစ်ခုလား. . .။ တံတား ဘယ်ပျောက်နေပါသလဲ. . .။

သူမမျက်ဝန်းအိမ်မှာ မျက်ရည်စတို့ စို့ဝဲလာသည်။ မျှော်လင့်ချက်တွေအစား ဝေဒနာတွေကိုသာ သယ်ရွက်လျက် ရွှေနွယ်ရိုး လှည့်ပြန်ထွက်ခဲ့ရ၏။ လမ်းတွေက မှောင်မိုက်ရှည်လျားလိုက်တာ. . .။

လုံခြုံရေးဝန်ထမ်းမှာ ရွှေနွယ်ရိုးကို နောက်ဘက်မှကြည့်ရင်း အရုပ်ကလေးတစ်ရုပ်ကို မြှောက်ကာမြှောက်ကာ ဆော့ကစားနေပါသည်။

"ဟင် အနေ့်အရုပ် ကျန်ခဲ့ပြီ"

"ဘာအရုပ်လဲ"





"နတ်သမီးအရုပ်ကလေး"

အဲဒီနေ့ညက ကောင်းကင်မှာ လမသာ. . .။ သို့သော် နီယွန်မီးရောင်တို့အောက်မှာပဲ ရင်ဘတ်ထဲ လသာသွားသူ သုံးဦးရှိပါ၏။

ဥာန်နှင့်ဇမ်ရဲ အရုပ်ယူရန် လှည့်ပြန်အလာ. . . ခြေလှမ်းတို့ နှမ်းကြေစွာ. . .။ သူတို့နှင့်မျက်နှာချင်းဆိုင်တွင် တွေ့လိုက်ရတာက ခေါင်းငိုက်စိုက်နှင့် လျှောက်လာသော အမျိုးသမီးတစ်ယောက်။

မျက်နှာအမော့. . . အကြည့်ချင်းဆုံ. . .

"နွယ်ရိုး"

"ဇမ်ရဲ"

"နတ်သမီး"

"ဥာန်"

ရင်ခုန်စွာခေါ်သံတွေနှင့် ပွေ့ဖက်လျက်. . .။ ဝေးလွင့်မှုတို့ ကျိုးပဲ့. . .။

နေပြုံပြီဖြစ်သော ညသည် ချိုလေ၏။

Valentine's dayအင်းလျားကန်ဘောင်စပ်မှာ သူတို့တတွေ တကယ်ပဲ ဆုံတွေ့ဖြစ်ခဲ့ကြပါသည်။

တံတားတစ်စင်းသည် အလင်းသစ်တို့ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



## ဇနီးသစ်အလိုရှိခြင်း

ကျန်းမာသန်စွမ်း၍ ရုပ်ရည်ချောမောသန့်ပြန့်သော သက်လတ်ပိုင်းအရွယ် ခေတ်ပညာတတ်ဆရာဝန် လူပျိုစစ်စစ် မုဆိုးဖိုတစ်ဦးသည် ဇနီးဖြစ်သူ သေဆုံးသွားပါသဖြင့် 'အမ' မရှိသောကြောင့် လွန်စွာ 'အထီး'ကျန်နေပါသည်။ ထိုသူ၏ အခက်အခဲကို စိတ်ရောကိုယ်ပါ စာနာထောက်ထားသန်စွာ ဖြေရှင်းကူညီနိုင်မည့် အမျိုးသမီးတစ်ဦးအား အလိုရှိပါသည်။

စိတ်ပါဝင်စားသူများ ဆက်သွယ်ကြပါရန် !!!

အပန်းမကြီးဘူးဆိုရင်
ဒီစာကိုဖတ်မိတာနဲ့
ခင်ဗျား ကျွန်တော့်ကို
လက်ထပ်လိုက်ပါလား. . .



BURMESE CLASSIC .com



တိတ်တဆိတ်လူသားတစ်ယောက်ဆိုသော ဖေ့စ်ဘွတ်ခ်အကောင့်မှ ဓာတ်ပုံတွေများစွာ တက်လာသည်။ မင်္ဂလာဆောင်ခံပွဲတွင် ရိုက်ကူးထားသော မင်္ဂလာဝတ်စုံဖြင့် စုံတွဲပုံတွေချည်း ဖြစ်လေသည်။

ထိုဓာတ်ပုံအယ်လ်ဘမ်တွင် Caption အဖြစ် ရေးသားထားသော စာမှာ. . .

"အထီးကျန်သူ ဇနီးသစ်ရသွားပြီ" ဟူ၍. . .။

ထိုသတင်းမှာ အွန်လိုင်းလောကတွင် အထူး ရေပန်းစားသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်ခန့်ကြာသောအခါတွင်. . .

တိတ်တဆိတ်လူသားတစ်ယောက် ဟူသော ဖေ့စ်ဘွတ်ခ်အကောင့်သည် အွန်လိုင်းလောကမှ ပျောက်ကွယ်သွားခဲ့လေသည်။



BURMESE CLASSIC .com



## နိဂုံး

သင်္ချိုင်းအုတ်ဂူဖြူဖြူကို ကလေးငယ်တစ်ဦး လက်တစ်ဖက်နှင့် ပွေ့ဖက်ထားသည်။ အခြားလက်တစ်ဖက်မှာက အရုပ်ကလေး တစ်ရုပ်. . .။

"အနော် တာဝန်ကျေပါတယ်နော် မေမေ"

ရှိုက်ကာရှိုက်ကာငိုရင်း သူ တိုးဖွဖွ ပြောသည်။

"မေမေအသစ်က မေမေအစစ်တော့ ဘယ်ဟုတ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com

ရီပို့ကတ်ကို ဖမ်းရဲစစ်သည်။
အဆင့်ရမှတ်က-တစ်
သူ့အမည် 'ဂျွန်'ဟုခေါ်သည်။

Facebook စာမျက်နှာများထက်တွင်တော့ ပို့စ်တစ်ခု
ခေတ်စားကျန်ခဲ့၏။



BURMESE CLASSIC .com

အပန်းမကြီးဘူးဆိုရင်
ဒီစာကို ဖတ်မိတာနဲ့
ခင်ဗျား ကျွန်တော့်ကို
လက်ထပ်လိုက်ပါလား

လင်းညို့သွေး
Facebook: Linn Nyout Thway
E-mail: linnnyoutthway@gmail.com



www.burmeseclassic.com